
ဘုမ္မာဝတီစာပေ
မင်းသိင်္ခ
ဘိုးသောဘီဘင်
အသစ်စက်စက် လုံးချင်းဝတ္ထု
https://www.facebook.com/bommarwaddy.books
09 420040335



ကိုလိုနီခေတ် ရန်ကုန်မြို့တစ်နေရာ



အင်္ဂလိပ်တို့ ဗမာပြည်ကို မသိမ်းပိုက်ခင်ကာလက
သယ်န်းကျွန်းရွာ၊ ရန်ကုန်မြို့

# သဃၤန်းကျွန်းရွာ

ခရစ်တော်ကို အကြောင်းပြု၍ ရေးထိုးသော သက္ကရာဇ် ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်တွင် ဖြစ်၏။ ထိုအချိန်က ရန်ကုန်မြို့ ခေါ် ဒဂုံမြို့ကြီးအား မြို့ဝန်မင်းဦးအုပ်က အုပ်ချုပ်လေ၏။ မြို့ဝန်မင်းသည် မြန်မာ့ဓမ္မသတ်၊ မြန်မာ့ ရာဇဝင်တို့ကို အကြောင်းပြု၍ တစ်စုံတစ်ယောက်ကို ဖြစ်စေ၊ ထို့ထက်ပိုသော အရေအတွက်ကို ဖြစ်စေ ဖမ်းဆီးခွင့်၊ ထိပ်တုံးခတ်ခွင့်၊ ကြိမ်ရိုက်ခွင့်မှ အစ သေဒဏ်ပေးခွင့်အထိ အာဏာပိုင်စိုး၏။

တရားဓမ္မနှင့်အညီ မျက်မှောက်ရော တမလွန် အရေးကိုပါ မျှော်တွေးထောက်ထား၍ မြို့နေပြည်သူအား ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်သောကြောင့် ၎င်း

မြို့ဝန်အား ဒဂုံမြို့သူ မြို့သားများက ဖခင် ပမာ၊ ဦးကြီး၊ ဦးလေး ပမာ ချစ်ခင်ကြ၏။ ဦး အုပ်ဟူ၍ပင် မခေါ်ရက်တော့ဘဲ "ဘအုပ်" ဟု ပင် ချစ်စနိုး ခေါ်ကြတော့၏။ ထိုအချိန်က နောင်တွင် ရန်ကုန် ဟူ၍ တွင်လာမည့် ဒဂုံမြို့ ကြီးတွင် စမ်းချောင်း၊ ပုစွန်တောင်၊ ကမာရွတ်၊ မြေနီကုန်း၊ တာမွေ၊ သဃ်္ဃန်းကျွန်း စသော စည်ပြောသော ရပ်ကွက်ကြီးများ ရှိ၏။ သို့သော် ရပ်ကွက် ဟူသော အခေါ်အဝေါ်ကို မ ခေါ်ကြ၍ ရွာဟုပင် ခေါ်ကြ၏။ ထို့ကြောင့် စမ်းချောင်း၊ ပုဇွန်တောင်၊ ကမာရွတ်၊ မြေနီ ကုန်း၊ တာမွေ၊ သဃ်္ဃန်းကျွန်းရွာ ဟူ၍ပင် နှုတ်ကျိုးကာ ခေါ်ဝေါ်နေကြလေ၏။ အခြား သော ရွာများ အကြောင်းကို ထားဘိဦး၊ သဃ်္ဃ န်းကျွန်းရွာအကြောင်းက ဤသို့တည်း ...

တာမွေရွာကို လွန်လိုက်သည်နှင့် သဃ်္ဃန်း ကျွန်းရွာ၏ အစကိုရောက်၏။ သို့ရာတွင် ထို

ရွာအစပ်သည် သဃ်န်းကျွန်းရွာဟုလည်း အခေါ်မခံနိုင်။ တာမွေရွာဟုလည်း အခေါ်မခံနိုင်သောကြောင့် ထိုရွာစပ်တွင် ရှိသော ဘောက်ထော်ဆိုသည့် မွန်ဘုန်းကြီးကျောင်း တစ်ကျောင်းကို အစပြု၍ ဘောက်ထော်ရွာဟု သီးခြား မှည့်ခေါ်ခဲ့လေ၏။ ထိုရွာကြီးသည် ငမိုးရိပ်မိကျောင်း ကျက်စားရာ ငမိုးရိပ်ချောင်းကြီးက ကွေ့ဝိုက်၍ စီးဆင်းနေသောကြောင့် ကျွန်းကြီးသဖွယ် ရှိတော့၏။ ထိုကျွန်းကြီး၌ကား ကျေးငှက်သာရကာများ ပေါ၏။ သစ်ပင်ပန်းမန်တို့ ပေါ၏။ ဝလံဟုခေါ်သော နွယ်တစ်မျိုး ပေါသကဲ့သို့ ပင်စည်ပင်စောက်ကြီးမားသော အပင်တို့လည်း ပေါက်ရောက်ကြကုန်၏။ အများစု ပေါက်သော အပင်တို့မှာ ပင်စည်ကို ဓားနှင့်ထစ်လိုက်လျှင် နွားနို့ကဲ့သို့သော အစေးများ ထွက်လာတတ်သည့် သဃ်န်းပင်တို့သည် အများဆုံး ပေါက်ရောက်လျက်

ရှိ၏။ ထို့ကြောင့် ထိုကျွန်းအား လူတို့သည် သင်္ကန်းကျွန်းဟုပင် ခပ်လွယ်လွယ် ခေါ်ကြကုန်၏။ ထိုကျွန်းကြီးသည် အမှန်စင်စစ်အားဖြင့် စိမ်းလန်းစိုပြည်သော တောအုပ်ကြီးသာ ဖြစ်၏။ သို့သော် ထိုတောအုပ်သည် အောက်ခြေ၌ ရှင်း၏။ ထိုတောအုပ်၏ မြေသည်လည်း သက်ရင့် ဂဝံကျောက် နှင့် နုန်းရောသဲများ ပေါင်းစပ်ထားသည့် မန္တလာ ခေါ် မြေနီမျိုး ဖြစ်၏။ ထိုမြေမျိုးကား လယ်ယာစိုက်ပျိုးရန်ထက် တောင်ယာလုပ်ရန်ကောင်း၏။ သင်္ဃန်းကျွန်းရွာသူရွာသားတို့သည် ဘူး၊ ဖရုံ၊ ပဲ၊ ပြောင်း၊ ခဝဲ၊ သခွား စသော ယာခင်း တို့ကို သူ့ထက်ငါ စိတ်အားထက်သန်စွာ လုပ်ကိုင်ကြ၏။ မြေမှာ ရေဝပ်သော မြေ မဟုတ်သောကြောင့် အိမ်ကိုလည်း ခြေတံ နိမ့်နိမ့်သာ ဆောက်ကြ၏။ သို့သော် မိုးကောင်းသော အရပ်ဒေသ ဖြစ်ခြင်းကြောင့်

အိမ်အမိုးကို ခပ်ချွန်ချွန် ပြုလုပ်ကြကုန်၏။ အိမ်အမိုးတို့မှာ ဓနိဖက်များ ဖြစ်ကြကုန်၏။ ဝါးပေါသောကြောင့် အိမ်အကာတို့မှာလည်း ဝါးထရံများသာ ကာကြကုန်၏။ ဝါးထရံများမှာလည်း ပရွက်ကြောင်း၊ မြို့ကြီးကြိုက်၊ မယားခိုး စသော ရက်ပုံရက်နည်း အမျိုးမျိုးဖြင့် ဆန်းကြယ်စွာ ရက်လုပ်၍ ကာရန်ကြကုန်၏။ ထိုသဃ်န်းကျွန်းရွာကြီး၌ အိမ်ခြေ တစ်ထောင်ခန့် ရှိ၏။ ထို့ကြောင့် ထိုရွာကိုအုပ်သော သူကြီးအား ထောင်အုပ်သူကြီးဟု ခေါ်ကြကုန်၏။ ထိုထောင်အုပ်ကြီး၏ အမည်မှာ ဦးသာဂရ ဖြစ်၏။ နှုတ်ခမ်းမွေး လွန်စွာထူပြီး အသံသြဇာနှင့် ပြည့်စုံသည့်အပြင် အရပ်အမောင်း ကောင်းလှသောကြောင့် အနီးအပါးရွာများမှ အခြားသော သူကြီးများ နှင့်ယှဉ်လိုက်လျှင် သဃ်န်းကျွန်းရွာမှ ထောင်အုပ်သူကြီး ဦးသာဂရမှာ "စာသူငယ်ကြား

လင်းတနား” ဆိုသော စကားအတိုင်း ထီးထီးမားမားကြီး ရှိနေတော့၏။

ထိုသူကြီးအောက်တွင် အိမ်နှစ်ရာ၊ သုံးရာကို အုပ်ချုပ်ရသော ရာအိမ်ခေါင်း ငါးဦးရှိ၏။ ထိုရာအိမ်ခေါင်းတို့အောက်တွင် အိမ်ဆယ်အိမ်ကို အုပ်ချုပ်ရသော ဆယ်အိမ်ခေါင်း နှစ်ဆယ်လောက်စီရှိ၏။ ထို့ကြောင့် သဃ်န်းကျွန်းရွာ၏ အာဏာပိုင်အဖွဲ့သည် လူပေါင်း တစ်ရာ့ခြောက်ဆယ်ရှိ၏။ သဃ်န်းကျွန်းရွာကြီးအထဲတွင် ပထဝီအနေအထားအရ အပိုင်းကြီးများရှိ၏။ ထိုအပိုင်းကြီးများအနက် ထင်ရှားသော အပိုင်းကြီးများမှာ ရသေ့ခေါက် တည်ထားခဲ့သည့် ကျိုက္ကဆံစေတီတော်မြတ်ရှိရာ အပိုင်းအား ဘုရားကုန်းပိုင်း၊ ငမိုးရိပ်ချောင်း နှင့် နီးကပ်သော အပိုင်းအား ချောင်းဘက်ပိုင်း၊ ငါးရက်တစ်ဈေး တည်ရှိရာအပိုင်းအား ဈေးဘက်ပိုင်း၊ လယ်ကွင်းများနှင့် စပ်ဆက်လျက်ရှိသော

အပိုင်းအား ကွင်းဘက်ပိုင်း၊ ရွာကြီး၏ အလယ်လောက်တွင်ရှိသောအပိုင်းကို ရွာလယ်ပိုင်း စသည်တို့ ဖြစ်ကြ၏။

ထိုရွာတွင် မှီတင်း နေထိုင်သူများမှာ မြန်မာလူမျိုးစစ်စစ်များ ဖြစ်ကြကုန်၏။ ထို့ကြောင့် ၎င်းတို့၏ အမူအကျင့် စရိုက်များမှာ မြန်မာအကျင့်စရိုက်များသာဖြစ်၏။ ဆန်ရေစပါး၊ သီးနှံရိက္ခာပေါကြွယ်ဝပြီး အနာရောဂါ ကင်းရှင်းကြ၍ သူခိုးသူဝှက် နည်းပါးသောကြောင့် သဃ်န်းကျွန်းရွာကြီးသည် အေးချမ်းသာယာသော ရွာသာယာကြီးပင် ဖြစ်လေတော့သည်တကား။

*



ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းရွာရှိ ကျိုက္ကဆံဘုရား



မြန်မာ့ရိုးရာ လက်ပန်းသတ်ပွဲ (နပန်းပွဲ)

# လက်ပန်းပွဲ (နပန်းပွဲ)

သဃၤန်းကျွန်းရွာရှိ အပိုင်းကြီးများတွင် မိမိတို့ အပိုင်းအလိုက် လက်ဝှေ့ပွဲများ ကျင်းပ၏။ ထို့အတူ လက်ပန်းသတ်ပွဲ (နပန်းပွဲ) တို့လည်း ကျင်းပ၏။ နပန်းသတ်ပွဲများမှာ အတန်း တစ်တန်းတည်း ရှိ၏။ လက်ဝှေ့သတ်ပွဲမှာမူ အတန်းသုံးတန်း ခွဲခြားထား၏။ ကလေးသူငယ်များအတန်းကို ချိုသွေးတန်းဟု ခေါ်၏။ အမြင့်ဆုံး အတန်းမှာ သူကြီး၏ အလံကို ရသောကြောင့် အလံတန်းဟု ခေါ်၏။ ထို အလံတန်းနှင့် ချိုသွေးတန်းကြားတွင် ရန်ငြိုး ရန်ဖက် ရှိသူများ စိန်ခေါ်၍ ထိုးသတ်ရသောကြောင့် စိန်တစ်လုံးတန်း ဟု ခေါ်၏။ သဃၤန်း

ကျွန်းရွာတွင် ခေါ်ဝေါ်သော လက်ဖွေ့သတ်ပွဲ အခေါ်အဝေါ်များမှာ အခြားသောဒေသမှ လက်ဖွေ့လက်ပန်း အခေါ်အဝေါ်များနှင့် တူညီသည်လည်းရှိ၏။ ကွဲပြားခြားနားသည်လည်း ရှိ၏။

ထောင်အုပ်သူကြီး ဦးသာဂရသည် သဃ်န်းကျွန်းရွာ လက်ဖွေ့ပွဲကို နတ်တော်လဆန်း တစ်ရက်နေ့တွင် ကျင်းပ၏။ လက်ပန်းပွဲကိုမူ နတ်တော်လကွယ်နေ့တွင် ကျင်းပ၏။ သဃ်န်းကျွန်း ရွာသူရွာသားတို့သည် လက်ဖွေ့သတ်ပွဲထက် လက်ပန်းသတ်ပွဲကို ပို၍သဘောကျကြ၏။ ထိုပွဲသို့ ကလေး၊ လူကြီး၊ လူငယ်၊ ဘုန်းကြီး ရဟန်း၊ မိန်းမများပါမကျန် အားပေးကြည့်ရှုကြ၏။ လက်ပန်းသတ်ပွဲမှာ အတွဲဟူ၍မရှိဘဲ စိန်ခေါ်သော ပွဲဖြစ်၏။ ၁၈၅၂ ခု မတိုင်မီ နှစ်များမှ ထိုနှစ်သို့ ရောက်သည်အထိ နပန်းဗိုလ် (လက်ပန်းဗိုလ်) မှာ ဘုရားကုန်း

အပိုင်းမှ ငမြိုင်ဆိုသူ ဖြစ်၏။ ၎င်း ငမြိုင်သည် အရပ်အမောင်း ကောင်း၏။ ကြွက်သားတို့ ကျစ်လျစ်၏။ သက်လုံ ကောင်း၏။ သတ်လုံး သတ်ပေါက်မှာ ထူးခြားဆန်းကြယ်ခြင်း မရှိလှ သော်လည်း ပိပိရိရိရှိလှ၏။ ၎င်းသည် ဘုရား ကုန်း အပိုင်း၏ ကာလသားခေါင်းလည်း ဖြစ်၏။ ၎င်း ကာလသားခေါင်း ငမြိုင်သည် နပန်းဗိုလ် ဖြစ်သည်ကလည်း တစ်ကြောင်း၊ ဆယ်အိမ်မှူး၊ ရွာအိမ်မှူး၊ ထောင်ပိုင်သူကြီးတို့ နှင့် အကျွမ်းတဝင် ရှိသည်ကတစ်ကြောင်း ကြောင့် သဃ်ာန်းကျွန်းရွာကြီး၌ လွန်စွာ မျက်နှာပန်းလှခဲ့၏။ ၎င်း ငမြိုင်၏ အသား အရောင်မှာ ထမနဲထိုးသော ဒယ်အိုးဖင်နှင့် အ မည်းပြိုင်လျှင်ပင် ထိုဒယ်အိုး၏ဖင်က ကြောက်ပါပြီဗျဟု အရှုံးပေးရလောက်အောင် မ ည်း သော ဟူ ၏။ ပါးစပ်လွန်စွာပြဲ၍ အသံ လည်း လွန်စွာကျယ်၏။ ၎င်း၏ ကြီးမားသော

ရည်ရွယ်ချက်မှာ တစ်နေ့သောအခါတွင် ဦး သာဂရ၏ နေရာ၌ ဝင်ရောက်အစားထိုးရန် ဖြစ်၏။ ပြီးဆေး၊ ပိတ်ဆေးတို့ကို လွန်စွာ ယုံကြည်၏။

ထိုနှစ်၏ နတ်တော်လကွယ်နေ့တွင် သဃ်န်းကျွန်းရွာဦးကျောင်း၏အနီး ကွင်းပြင်ကျယ်ကြီးတွင် နပန်းသတ်ရန်တိုင်များ စိုက်ထား၍ ကြိုးတန်းထား၏။ သူကြီးသည် မောင်းကို ကိုယ်တိုင်သုံးချက်တီးလိုက်၏။ နပန်းသမား လူပျိုပေါက်ကလေးများမှာ ကြိုးဝိုင်းအတွင်းသို့ လွှားခနဲ လွှားခနဲ ခုန်ဝင်ကြပြီးလျှင် ၎င်းတို့၏ စွမ်းရည်ကို ပြသောအားဖြင့် လက်ရုံးလက်မောင်း ဆန့်တန်းခြင်း၊ ကျွမ်းထိုးခြင်းများကို ပြုလုပ်ကြ၏။ ဆယ်အိမ်ခေါင်း ငတေသည် ဒိုင်လုပ်၍ ထိုကလေးများကို တွဲပေးရ၏။ ကလေးများသည် အကြိတ်အနယ် သတ်ပုတ်ကြကုန်၏။ ကလေး အချင်းချင်း

သတ်ပုတ်သော ပွဲများမှာ မနည်းလှပေ။ ထိုပွဲများကို "ဘောက်ပွဲ" ဟုခေါ်၏။ ဘောက်ပွဲများပြီးဆုံးသော အခါ၌ ထောင်ပိုင်သူကြီး ဦးသာဂရ ကိုယ်တိုင် မောင်းသုံးချက် ထုပြန်၏။

"ဒူ ဒူ ဒူ"

နပန်းကြိုးဝိုင်းအတွင်းသို့ နပန်းသတ် ၄ မြိုင်ဝင်လာပြီးလျှင် ကွင်းလယ်ခေါင်တွင် မားမားကြီးရပ်လေ၏။

ထို့နောက် လေးဖက်လေးတန်မှ ပရိတ်သတ်ကို ဖြည်းဖြည်းချင်း အကဲခတ်ကြည့်ရှု၏။ ထိုသို့ ကြည့်ရှုနေစဉ်အတွင်း နပန်းကြိုးဝိုင်း၏ အနီးတွင်ရှိသော ကြေးနောင်ကလေးသည် ညင်ညင်သာသာကလေး တနောင်နောင် တီးနေ၏။ ငမြိုင်သည် စစ်သူကြီးမဟာဗန္ဓုလ ဟန်ပန်မျိုးဖြင့် လေးဖက်လေးတန်မှပရိသတ်အား လက်ပိုက်၍ကြ

ညှိပြီးနောက်

"ငါဟဲ့ ယောက်ျား
နပန်းမှာ ခေါင်တိုင်
ငမြိုင်တဲ့ဟေ့"

ဟု အသံနက်ကြီးဖြင့် ကြိမ်းလိုက်လျှင် ဆိုင်းဝိုင်းမှ ပတ်မ၊ လင်းကွင်း၊ ဝါးလက်ခုပ်တို့သည် တစ်ပြိုင်နက်တည်း "ဂျိ" ဟု တီးလိုက်လေ၏။ ထို့နောက် ငမြိုင်သည် ပါးစပ်တွင် ငုံထားသော ကွမ်းဖတ်ကို ထွေးထုတ်လိုက်လေ၏။ ပြီးလျှင်

"ပျိုတိုင်းချစ်တဲ့ ငမြိုင်၊
အိုတိုင်းချစ်တဲ့ ငမြိုင်၊
တိုင်းလုံးချစ်တဲ့ ငမြိုင်"

ဟု ဆိုလိုက်ပြန်၏။ ဆိုင်းဝိုင်းမှလည်း "ဂျိ

ဂျိ ဂျိ” ဟု လိုက်၍ ဆိုင်းချက်ပေးလေ၏။ ထို့နောက် ငမြိုင်သည် ရေတစ်ခွက်တောင်း၍ အာလုပ်ကျင်းပြန်၏။ ပြီးနောက် ကြိုးဝိုင်း၏ လေးဖက်လေးတန်ကို “ဖွီး ဖွီး ဖွီး” ဟု လျှောက်၍ ထွေးပြန်၏။ ထိုသို့ လေးဖက်လေး တန်သို့ လျှောက်သွားသော ခြေလှမ်းတိုင်းတွင် ဆိုင်းဝိုင်းက “ဂျိ ဂျိ ဂျိ” ဟု လိုက်၍ တီးပေး ပြန်၏။ ထို့နောက် ငမြိုင်သည် ကြိုးဝိုင်း၏အလယ်တွင် သွား၍ရပ်ကာ

“ပြိုင်ချင်ရင် ဝင်လာခဲ့

ဆိုင်ချင်ရင် ဝင်လာခဲ့

ပြိုင်မယ့်သူ မပေါ်သေးရင်

တစ်ရေးအိပ်လိုက်မယ်”

(ခေါင်းကို ငုံ့စောင်း၍

အိပ်ဟန် လုပ်ပြ၏။)

"တစ်ယောက်တလေများ

ကြောက်အားတစ်ဝက

ရှက်အား တစ်စိတ်နဲ့

ဝိုင်းထဲ ဝင်လာရင်

မယ့်သခင် ငမြိုင်ကို

ပန်းပေါက်လို့ နှိုးစမ်းပ့ါ

ငမြိုင် ချစ်မဝတဲ့

သဃ်န်းကျွန်း ပျိုဖြူအလှ"

ဟု အသံနေ အသံထားနှင့် ဆိုလိုက်၏။ ပရိသတ်သည် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြ၏။ ငမြိုင်က ထိုသို့သီချင်းလိုလို နဘေလိုလိုဖြင့် စိန်ခေါ်သော်လည်း ယှဉ်ပြိုင်သတ်ပုတ်မည့်သူ မတွေ့ရသောကြောင့် သူကြီးဦးသာဂရအား လှမ်းအော်၍

"သူကြီးမင်း ခင်ဗျား၊ ခင်ဗျား အုပ်ချုပ်တဲ့ သဃ်န်းကျွန်းရွာကြီးမှာ ငမြိုင်နဲ့ ယှဉ်နိုင်တဲ့သူ မမွေးသေးပါဘူး" ဟု ပြောလိုက်လေ၏။ ထိုအခါ ပရိသတ်သည် ခွက်ထိုးခွက်လန် ရယ်မောကြလေ၏။ အဘယ့်ကြောင့် ရယ်မောကြသနည်းဆိုမူ ငမြိုင်၏ နောက်ကျောတည့်တည့်တွင် တစ်စုံတစ်ဦး ရောက်ရှိနေသောကြောင့်ဖြစ်၏။ ငမြိုင်သည် ပရိသတ်ရယ်နေသည်ကို အားမလို အားမရဖြစ်ကာ

"နေကြစမ်းပါဦး ဘာများ ဒီလောက် ရယ်စရာတွေ့နေကြတာလဲ" ဟုဆိုကာ နောက်သို့လှည့်၍ ကြည့်လိုက်၏။ ၎င်း နောက်တွင် ရပ်နေသော တစ်စုံတစ်ယောက်ကို တွေ့လိုက်ရ၍ တွန့်ခနဲဖြစ်သွား၏။ ထို့နောက် ဣန္ဒြေဆယ်လိုက်ကာ

"အလိုလေး အလိုလေး ဘယ်တုံးကများ

ခိုးကြောင်ခိုးဝှက် နောက်ကိုရောက်နေတာ တုန်း။ ဟယ် ငမိုက်သား ငမြိုင့်အကြောင်း နင် မသိဘူးလား၊ ငမြိုင်နဲ့ရင်ဆိုင်ရင် နင်ယိုင်သွား လိမ့်မယ်။ ငမြိုင်နဲ့ သတ်ရင် နင်ပြုတ်သွားလိမ့် မယ်။ ငမြိုင်နဲ့ထိုးရင် နင်ကျိုးသွားလိမ့်မယ်။ နင့်အမေကို ပျဉ်ကောင်းကောင်းနှစ်ချပ်နဲ့ ခေါင်း စပ်ဖို့ သွားမှာထားလိုက်ဦး" ဟု ပြောလိုက်ရာ ပရိသတ်သည် ငမြိုင်၏ အပြောပိုင်မှုကြောင့် တသောသော ရယ်မောလိုက်ကြလေ၏။ ငမြိုင်၏ နောက်တွင် လာ၍ရပ်သူမှာ ငမြိုင့်လောက် ထွားကြိုင်းခြင်းမရှိသော်လည်း သူ၏ အလုံးအထည်၊ သူ၏အရပ်အမောင်းမှာ လွန်စွာလိုက်လျောညီထွေ၏။ သူ၏ အသား အရောင်မှာ ငမြိုင်ကဲ့သို့ မမည်းသော်လည်း မဖြူပေ။ သူ၏အရောင်သည် ကြေးနီရောင် ဖြစ်၏။ နှုတ်ခမ်းသည် ပိရိသေသပ်၏။ မျက်လုံးအကြည့်သည် စူးရဲ၏။ အသက်အားဖြ

ငှ်လည်း မြေိုင်ထက်ငယ်၏။ သူကြီးသည် ထို သူငယ်အား

"မင်း ဘယ်အပိုင်းကလဲ" ဟု လှမ်း၍ မေး လိုက်၏။

"ချောင်းဘက်ပိုင်း ရာအိမ်မှူး ငထင်၊ ဆယ် အိမ်မှာ ငလွန်း၊ အပိုင်းကပါ။ ကျုပ် နာမည် ငခ။ ကျုပ်အဖေကတော့ မရှိတော့ဘူး။ ပိုးထိ လို့ ဆုံးရှာပြီ။ ကျုပ်အဖေ နာမည်က ငသင်လို့ ခေါ်ပါတယ်။ အမိက မိနက်ထည်" ဟု ပြန်ဖြေ လိုက်၏။ ထိုအခါ သူကြီးက ...

"ကဲ ငခ၊ မြေိုင့်အကြောင်း နင်သိလို့ ဝင် လာတာလား။ မသိဘဲ သွေးမြောက်ပြီး ဝင်လာ တာဆိုရင် နင့်ကို ပြန်ပြီးထွက်ခွင့်ပေးမယ်။ ဒါ ဟာ ရှက်စရာမဟုတ်ပါဘူး။ ဒီလို ပြန်ပြီး ထွက်သွားလို့လည်း ယောက်ျားစျေး မကျပါ ဘူး" ဟု ပြောလိုက်လျှင် ချောင်းဘက်ပိုင်းမှ င

ခဆိုသော လူငယ်က ...

"သူကြီးမင်း ငမြိုင့်ကို အထင်ကြီးနေတာ ကိုး။ သူကြီးပါ ကြိုးဝိုင်းထဲ ဝင်လိုက်ဦး။ နှစ်ယောက်နဲ့ တစ်ယောက် ကျုပ်သတ်ဝံ့တယ်" ဟု ပြောလိုက်ရာ ပရိသတ်သည် လက်ခုပ်လက်ဝါးတီး၍ ရယ်မောကြလေ၏။ ထိုအခါ သူကြီးက ...

"ဟဲ့ ... ချောင်းဘက်သား၊ နင် သေမှာစိုးလို့ ငါကတားနေတာ၊ ဒီအလုပ်က မခံချင်တာ တစ်ခုတည်းနဲ့ဝင်ပြီး လုပ်ရတဲ့ ဟာမျိုးမဟုတ်ဘူး။ ဖမဆုံးမသားရဲ့" ဟု ပြောလိုက်ရာ ပရိသတ်သည် ရယ်မောပြန်၏။ ထိုအခါ ငခဆိုသော သူငယ်က ...

"စိတ်မဆိုးပါနဲ့ သူကြီးမင်း၊ ကျုပ်က ပင်လယ်ပိုင်းကို ဖောင်လိုက်နေရလို့ နပန်းပွဲနဲ့ မကြုံတာပါ၊ ငမြိုင့်အကြောင်းလည်း ကြား

တန်သလောက် ကြားဖူးပါတယ်။ ဒါပေမဲ့ ကျုပ်မှုရမယ့် လူမဟုတ်ပါဘူး၊ ဒီ ကြိုးဝိုင်းထဲ ဝင်လာတာဟာ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး။ ငမြိုင့် အသားစားချင်လို့ပါ” ဟု ချောင်းဘက်သား ငခက ပြောလိုက်လျှင် ငမြိုင်က မျက်လုံးပြူး၍ ကြောက်ဟန် လုပ်ပြလိုက်လေ၏။ ထိုအခါ၌ သူကြီးမင်းသည် ဆိုင်းကို အချက်ပြလိုက်ရာ ဆိုင်းသည် ပတ်မနှင့် လင်းကွင်းကို အသုံးပြု၍ ဆူညံနေသော ပရိသတ်အား “ဂျိ ဂျိ ဂျိ” နှင့် ပတ်တုတ်လိုက်လေ၏။ ထို့နောက် သူကြီးက ဆယ်အိမ်ခေါင်း ငထင်ပေါ်နှင့် ဆယ်အိမ်ခေါင်း ငမြတ်လှတို့အား ဒိုင်လူကြီးအဖြစ် ခန့်အပ်လိုက်ပြီးလျှင် ကြိုးဝိုင်းအတွင်းသို့ သွင်းလိုက်လေ၏။ နပန်းသမားနှစ်ဦးလည်း မျက်နှာချင်းဆိုင်၍ ရပ်လိုက်လေ၏။ ငမြိုင်သည် ငခထက် ဒေါက် အရပ် မြင့်၏။ အလုံးအထည် ကြီး၏။ င

မြိုင်သည် ငခေအား မခိုးမခန့် ကြည့်လိုက်ပြီး ...

"ဟဲ့ ကောင်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ သေချင်ပြီလား" ဟု ပြောလိုက်လေ၏။ ထိုအခါ ငခေက ...

"ဒီမှာ မြိုင် ... ကိုရင့်ကို ကျုပ်တို့ရဲ့ ဘိုးဘေးဘီဘင်တွေရွတ်ခဲ့တဲ့ ဂါထာလေး တစ်ပုဒ်ရွတ်ပြမယ်၊ ပြီးတော့ အဲဒီဂါထာကို ကျုပ်ကိုယ်တိုင် အနက်ပေးမယ်" ဟု ဆိုကာ အောက်ပါ ဂါထာကို ရွတ်ပြလိုက်လေ၏။

**"ကိစ္စ ကိစ္စ မေ ဇလံ ပတ္တော**

**သတ္တသိတော မေ**

**ဘက္ခော တယောနာဂေါ ဘက္ခော**

**အဋ္ဌမေဝ ဇလံ ပတ္တော**

**ကိန္နု ဘက္ခော ဘဝိဿတိ"**

အဲဒီ ဂါထာရဲ့ အနက်က ...

**ကိစ္စ ကိစ္စ စိုးစဉ်း စိုးစဉ်း၊ မေ ငါ၏၊ ဇလံ မျက်စိလှူပ်ခြင်းသို့ ပတ္တော ရောက်၏၊ သက္က သိတော ခြသေ့် ခုနစ်စီးကိုလည်း၊ မေ ငါ သည်၊ ဘက္ခော စားရပြီ၊ တယောနာဂေါ ဆင်ပြောင်သုံးစီးကိုလည်း၊ ဘက္ခော စားရပြီ၊ အဇ္ဇမေဝ ယခုသာလျှင်၊ ဇလံ မျက်ခုံး မျက်လုံးလှူပ်ခြင်းသို့ ပတ္တော ရောက်ပြန်သည် ကား၊ ကိန္နု ဘက္ခော အဘယ်အစာလျှင် ဘဝိ ဿတိ ဖြစ်လတ္တံ့နည်း။**

"ဒီမှာ ငမြိုင် ဒီနေ့ ငါ မင်းကို စားမယ်။ မင်းရဲ့ ညာဘက် မျက်လုံးကို ဖောက်ပြီး စား မယ်" ဟု ပြောလိုက်လေ၏။

ဒိုင်နှစ်ဦးသည် လက်ချင်းဆက်၍ နပန်းသမား နှစ်ဦး၏ ရှေ့တွင် ရပ်နေ၏။ ထို့နောက် သူကြီးက မောင်းကို "ဒူ" ခနဲ တစ်

ချက် တီးလိုက်လေ၏။ နပန်းသမား နှစ်ဦး သည် ဆတ်ခနဲ တစ်ဦးကိုတစ်ဦး ပြေး၍ကိုင် ကြလေ၏။ ထိုသို့ ကိုင်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း ငမြိုင်က ငခ၏ လက်ကို ညှစ်၍ထမ်းကာ မြေပေါ်သို့ ပေါက်ချလိုက် လေ၏။ ထိုသို့ ပေါက်ချလိုက်သည့်အခါ၌ ငခ သည် ငမြိုင်၏ ပခုံးကိုနင်း၍ ခုန်ကာ တစ်ပတ် ကျွမ်းထိုး၍ မတ်တတ်ရပ်လျက် မြေပေါ်သို့ ကျအောင် လုပ်လိုက်လေ၏။ ငမြိုင်သည် မိမိ လုပ်လိုက်သည့်အတိုင်း ဖြစ်မလာ၍ ကြောင် သွား၏။ ထို့နောက် ငခထံသို့ ပြေးလာပြီးလျှင် ခြေတစ်ချောင်း ထိုး၍ ဆွဲလှည့်၏။ ငခက ထို ခြေကို ကျော်၍ ထွက်၏။ ငမြိုင်က လူချင်း ကပ်၍ တင်ပါးဆုံနှင့် ကလန့်ကာလှဲချ၏။ ငခက အလိုက်သင့်လိုက်သွားပြီး မြေသို့ကျခါ နီးမှာ ခါးကိုကော့၍ ရုန်းထွက်သွား၏။ ပရိသတ်မှာ ဟင်ခနဲ ဟယ်ခနဲ ဖြစ်နေ၏။

အားပေးကြသော ပရိသတ်များမှာလည်း နှစ်ဖက်ညီ၍ သွားပြီဖြစ်၏။ သူကြီးသည်ပင် အဝေးမှရပ်၍ ကြည့်ရသည်ကို အားမရဘဲ ကြိုးဝိုင်းအနီးသို့ ရောက်လာပြီ ဖြစ်၏။ ဆိုင်းသမားများမှာလည်း ဗိန်းဗောင်းတီး၍ သွေးကြွနေပြီဖြစ်၏။ သွားမရှိသော အဘွားကြီးတစ်ဦးက ...

"ဟဲ့ ငမြိုင် အပွဲပွဲနွှဲလာသမျှ ဒီကောင်လေးနဲ့ကျမှ နှပ်ပစ်ခံရတော့မလား" ဟု ပြောလိုက်ရာ ပရိသတ်သည် ဝါးခနဲရယ်ပြီး ငမြိုင်သည် အကြီးအကျယ် စိတ်ဆိုးနေပြီ ဖြစ်၏။ ထို့ကြောင့် ငခအား အတင်းဝင်၍ လုံးလေတော့၏။ ငမြိုင်က ညှစ်၏။ ငခက ဖြုတ်၏။ ငမြိုင်က လိမ်၏။ ငခက ဖယ်၏။ ငမြိုင်က ကပ်၏။ ငခက ခွာ၏။ ငမြိုင်က ခွာ၏။ ငခက ပူး၏။ ထို့နောက် နှစ်ယောက်စလုံး အကြိတ်အနယ် လုံးထွေးသတ်ပုတ်ကြ၏။ င

မြိုင်က ငခ၏ အာကို ဖဲ့၏။ ငခက ငမြိုင်၏ လည်မျိုမှ မေးကျောကို မေ့ကြောကိုညှစ်၏။ င မြိုင် မိုက်ခနဲ ဖြစ်သွား၏။ ထိုအခါ ငခသည် င မြိုင်၏ လက်ကိုလိမ်ကာ ခေါင်းပေါ်တွင် ဖော့ ရမ်း၍ ငမြိုင်ခန္ဓာကိုယ်ကြီးအား ဆိုင်းဝိုင်း အတွင်းသို့ ပစ်သွင်းလိုက်လေတော့၏။ င မြိုင်၏ လက်တစ်ချောင်း ကျိုးသွား၏။ ဆိုင်း၏ မင်းပေါက် တည့်တည့်တွင်ရှိသော စိန်တောင် ဘာလီကွေးဖြင့် ခိုက်မိသောကြော င့် ညာဘက်မျက်လုံး ကန်းသွား၏။ ထို့ပြင် လုံး ဝ သတိလစ်မေ့မြောသွားသောကြောင့် ၎င်း၏အိမ်သို့ ဆောင်ပန်းဖြင့် သယ်ဆောင် သွား၏။ ထိုအခါ သူကြီးဦးသာဂရက ငခအား အလံတစ်ခုလာ၍ ပေး၏။ ငခသည် ထိုအလံ ကို ခါးနောက်တွင်ထိုး၍ လက်ဖော့လက်ပန်း သတ်ပုတ်သော လက်ရေးကိုပြ၏။ သဃ်န်း ကျွန်း ရွာလယ်ကျောင်းမှ ကိုရင်ကြီးဦး

ပေါက်စီက ...

"ဟ ... တယ်လည်း အသတ်အပုတ်ကောင်းပါလား" ဟု ပြောလိုက်လေ၏။ ထိုအခါ ငခက ...

"ဒီမှာ ကိုရင်ကြီး စာမှာသရ၊ ထွက်လမ်းမှာ စမ၊ နပန်းမှာ ငခလို့မှတ်ထား၊ နောက်ကို မသတ်တော့ဘူး။ ငမြိုင့်ကို ဆုံးမချင်လို့ သတ်တာ" ဟု ပြောဆိုကာ ငသေည် ကြိုးတန်းကို ခုန်ထွက်၍ လာလမ်းအတိုင်း ငမိုးရိပ်ချောင်းဘက်ဆီသို့ ပြန်ထွက်သွားလေတော့သတည်း။

*



ကျိုက္ကဆံဘုရား ဒါယကာ အဘခေါက်ရသေ့ပုံတော်

## ကျိုက္ကဆံ ဘုရားပွဲ

ကျိုက္ကဆံ ဘုရားပွဲအချိန်၌ အနီးရှိ လူတို့သည် ဘုရားပတ်ဝန်းကျင်ရှိ ကိုင်းပန်းများကိုခူးကာ ဆေးရောင်အမျိုးမျိုးဆိုး၍ ၎င်းတို့၏ နွားလှည်းများတွင် တပ်ဆင်ကြလေ၏။ ထိုသို့ တပ်ဆင်ပြီးလျှင် ဘုရားပွဲသို့ လှည်းတပ်ကြီးများချီကာ လာကြကုန်၏။ ပွဲဈေးတန်းကြီးမှာ စည်ကားလှ၏။ မုန့်ဆီကြော်သည်၊ ကောက်ညှင်းကျည်တောက်သည်၊ မုန့်ပေါင်းသည် တရုတ်များထံမှ ဝယ်ယူရောင်းချသော ရေနံမရွေး (တရုတ်ပြည် ရီနန်မြို့မှလုပ်သော မရွေးမျိုးကို ခေါ်သည်)၊ မုန့်လေပွေသည်၊ မုန့်ဟင်းခါးသည်၊ ထမင်းသည် စသည်

တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။

သဃ်ာန်းကျွန်းရွာတွင် ရှိကြကုန်သော အပိုင်းများမှလည်း သူ့အပိုင်းနှင့်သူ ဆွမ်းတော်ကြီးကပ်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများကို ပြုလုပ်ကြကုန်၏။ ရုပ်သေးများ၊ ရုပ်သေးစင်များ၊ ဇာတ်သဘင်ပွဲစင်များမှာလည်း သူ့ထက်ငါ အပြိုင်အဆိုင် ဆိုသလို ကပြကြ၏။ အချို့သော ဇာတ်သဘင်ပွဲမှာ မြေဝိုင်းဖြစ်၏။ ထိုအချိန်က စင်ဖြင့်ကပြရသော ဇာတ်ပွဲမှာ အနည်းအကျင်း လောက်သာရှိ၏။ ထိုပွဲကို ကျိုက္ကဆံ ဘုရားအနီး ဘုန်းတော်ကြီးကျောင်းမှ တိုက်အုပ်ဆရာတော်တစ်ပါးက အုပ်ချုပ်လေသည်။ ကပြသော ဇာတ်ပွဲများအနက် ငမိုးရိပ်ဇာတ်ထုပ်၊ သူခိုးငတက်ပြားဇာတ်ထုပ် စသည်များကို အကွက်စေ့စေ့ ခင်းကျင်းကပြတတ်သော ပခန်းမြို့မှ လာသည့် ဇာတ်သဘင်အဖွဲ့မှာ လူကြိုက်အများဆုံးဖြစ်၏။ သဃ်ာန်းကျွန်း

သူ သဃ်နီးကျွန်းသားတို့သည် ပခန်းဇာတ်ကို ကြည့်ရတော့မည်ဟော့ဟု အားခဲတတ်ကြမြဲ ဖြစ်၏။ တစ်ပိုင်းနှင့်တစ်ပိုင်း သင့်မြတ်ခြင်း မရှိသူတို့မှာ ဘုရားပွဲတွင် ရန်ဖြစ်ရန် ချိန်းပေးလိုက်သကဲ့သို့ တစ်ဦးကိုတစ်ဦး စောင်ကြလေတော့၏။ ထို့နောက် ရန်အစကောင်းသောရန်စ ငဖြိုး စသည်တို့ပါလျှင် ရန်ပွဲဖြစ်လေတော့၏။ တစ်ဦးနှင့်တစ်ဦး ဓားဖြင့်ထိုး၏။ ခုတ်၏။ တုတ်ဖြင့်ရိုက်၏။ ထို့ကြောင့် တိုက်အုပ်ဆရာတော်သည် ပွဲခင်းအတွင်းသို့ တုတ်၊ ဓားလက်နက်၊ ဒူးလေး၊ လင်းလေး၊ လေးခွစသည်တို့ ယူမလာအောင် စိစစ်ကြပ်မတ်၍ ရှာဖွေသိမ်းဆည်းလေတော့၏။ တစ်ခါတစ်ရံ၌ ဆရာတော်သည် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ အားခေါ်၍ ကြပ်မတ်စေလေတော့၏။ တိုက်အုပ်ဆရာတော်သည် ပါးစပ်နှင့်ဆုံးမ၍မရက ကိုယ်တိုင် ကြိမ်လုံးဖြ

င့်နက်၏။ သဃ်န်းကျွန်းရွာ ချောင်းဘက်ပိုင်းမှ ငမဲသည် ဘုရားပွဲဆီသို့ အဖေါ်များနှင့်အတူ လာသော်လည်း ပွဲဈေးတန်းတွင် အဖော်များနှင့် လူအုပ်ကွဲသွား၏။ ထိုသို့ လူအုပ် ကွဲသွားသော်လည်း ငမဲသည် ရေမုန့်နှင့်ဘူးသီးငါးပေါင်းကြော် ရောင်းသောဆိုင်တွင် တစ်ယောက်တည်း ဝယ်ယူစားသောက်နေလေ၏။ (ဘူးသီးငါးပေါင်းကြော်ဆိုသည်မှာ ယခုခေတဘူးသီးကြော်နှင့် လုံးဝမတူပါ။ ဘူးသီးစိတ်များနှင့် ငါးကလေးများကို ဆန်နှစ်ဖြင့်တွဲကပ်ကာ ကြော်ထားသော မုန့်ကြော်တစ်မျိုးဖြစ်၏။ ယခုအခါ၌မူ ဘူးသီးစိတ်ချည်းသက်သက်ကြော် ထားသည်ကို အချို့နေရာ၌ ဘူးသီးငါးပေါင်းကြော်ဟု ခေါ်ကြ၏)

ငမဲသည် ဘူးသီး ငါးပေါင်းကြော်နှင့် ရေမုန့်ကိုစားရင်း အဖန်ရေကိုသောက်နေ၏။ ထိုအချိန်၌ ကျောက်ပေါက်မာသဲ့သဲ့ မျက်လုံးပေ

စောင်းစောင်းနှင့် လူတစ်ယောက် ငခအနီးသို့ ရောက်လာ၏။ ထိုသူသည် ရေမုန့်နှင့် ဘူးသီးကြော်ရောင်းသော အဒေါ်ကြီးအား ...

"ချောင်းဘက်သားနဲ့ ရောပြီးစားဖို့ ရေမုန့် တစ်ချပ် ကောင်းကောင်းပေးပါ ကြီးတော်" ဟု ပြောလိုက်လျှင် ငခက ...

"ကြီးတော်ရေ ရေမုန့်ဝယ်လာတဲ့ လူတစ်ယောက် မေးရိုးကျိုး သွားတာမြင်ဖူးသလား" ဟု ပြောလိုက်ရင်း စကားဆုံးသည်နှင့် တစ်ပြိုင်နက် ထိုကျောက်ပေါက်မာနှင့် လူ၏မျက်နှာကို တံတောင်နှင့် ဆတ်ခနဲတွတ် လိုက်ရာ ထိုသူသည် နောက်သို့ယိုင်သွား၏။ ထိုအခါ ငခသည် ရေမုန့်ကိုဝါးရင်း ထိုသူ၏ မျက်နှာကို မိမိရရ ဖနောင့်နှင့်ပေါက်ထည့် လိုက်ရာ ထိုသူမှာ အွန့်ခနဲအော်၍ နောက်သို့ လန်ကျကာ သတိလစ်မေ့မြောသွားလေ

တော့၏။ ထိုအခါငခေသည် ရေမုန့်ကိုဝါးရင်း ဆိုင်ရှင်အဒေါ်ကြီးဘက်သို့လှည့်ကာ ...

"ဘူးသီးငါးပေါင်းကြော် ထည့်ပါဦးအဒေါ် ရ" ဟု ပြောလိုက်လျှင် ဈေးသည် အဒေါ်ကြီး သ ည် အကြော်ကြော်သော သံယောင်းမဖြင့် ငခေ၏ မျက်နှာကို ဖြတ်၍ရိုက်လိုက်လေ၏။ ငခေ မျက်နှာကိုမော့၍ ရှောင်၏။ ဈေးသည် အဒေါ်ကြီးသည် သံယောင်းမဖြင့် နောက်ပြန် တွတ်လိုက်လေ၏။ ငခေ ငုံ့၍ရှောင်ရင်း ...

"ဝယ်သူကို ကောင်းကောင်းမွန်မွန် ဆက်ဆံတဲ့ဈေးသည်ဟာ ဒါမျိုးလား။ ပိုက်ဆံ လည်း တစ်ပြားမှ မပေးတော့ဘူး" ဟုဆိုကာ စားလက်စရေမုန့်ကိုလုံး၍ ဆီအိုးတွင်းသို့ ပစ် ပေါက်လိုက်ရာ ဆီပူများသည် ဈေးသည် အဒေါ်ကြီး၏ ပေါင်ကို စင်ကုန်တော့၏။ ထိုအခါ ဈေးသည် အဒေါ်ကြီးက ...

"ဗိုင်းတာမနဲ့ ဓားပြနဲ့ ကန်သင်းရိုးမှာ ညား ပြီးမွေးတဲ့အကောင်" ဟု လှမ်း၍ ဆဲလေ၏။

"ခင်ဗျားက ဘာဆိုင်လို့ ကျုပ်ကို သံ ယောင်းမနဲ့နှက်ရတာတုံး" ဟု ငခေက လှမ်း၍ ပြောလိုက်လေ၏။

"နင် လုပ်လိုက်လို့ ဟိုမှာလဲနေတဲ့ ကျောက်ဖြူနှမ်းဟာ တို့ဘုရားကုန်း အပိုင်းသား ဟဲ့ တို့အပိုင်းကိုထိလို့ တို့နာတာ" ဟု လှမ်း၍ အော်ပြောလိုက်လေ၏။ ထိုအခါ ငခေက ...

"ကျီးကန်းမကြီး၊ စွာလိုက်တာ မပြောနဲ့ တော့" ဟုဆိုကာ ရပ်သေးပွဲဆီသို့ ထွက်လာခဲ့ လေတော့၏။ ငခေ ရောက်သွားချိန်၌ ရပ်သေးပွဲ မစသေးပေ။ သို့ရာတွင် ငခေသည် ရပ်သေးပွဲ အား မြင်နိုင်သည့် မြေကမူလေးပေါ်တွင် ထိုင် ချရင်း နေရာဦးထားလိုက်လေတော့၏။ များမကြာမီ၌ ဆိုင်းသည် ဆူညံစွာ သုံးခါ

တီး၏။ ထို့နောက် မြင်းရုပ်ကလေး ထွက်လာ၏။ ထို့နောက် ရုပ်သေးဆွဲသော သူတစ်ယောက်သည် ပန်းအိုးလေး တစ်အိုးကို ပရိသတ် မြင်သာသောနေရာ၌ လာ၍ချ၏။ င ခသည် ရုပ်သေးပွဲကို အစမှစ၍ ကြည့်ဖူးခြင်း မရှိရကား ၎င်းအဖို့ အထူးအဆန်း ဖြစ်နေ၏။ ထို့ကြောင့် အနီးအနားတွင် ရှိသော သက်ကြီးရွယ်အို အဖိုးကြီးတစ်ဦးအား ...

"အဘရေ ကျုပ်ဖြင့် နားမလည်တော့ဘူး၊ ရုပ်သေးက ဘာတွေ ပြနေတာလဲ" ဟု မေးလိုက်ရာ အနီးမှ အဘိုးကြီးက ...

"အဲဒါ ပြောတာပေါ့ကွ၊ လူတိုင်း ပွဲမကြည့်တတ်ဘူးဆိုတာ၊ စောစောက ဆူဆူညံညံ ဆိုင်းသုံးခါတီးတာဟာ တေဇောသံဝေ္ဂ၊ အာဘော သံဝေ္ဂ၊ ဝါယော သံဝေ္ဂ၊ မီး၊ ရေ၊ လေ ဖျက်လို့ ကမ္ဘာကြီးပျက်သွားတာကို ပြောတာ၊

အဲဒီလို ကမ္ဘာကြီးပျက်ပြီးရင် ကမ္ဘာစတည်တဲ့ အခါမှာ ကောင်းကင်မှာ မြင်းတာရာထွက် တယ်ကွ၊ မြင်းတာရာက ကိုးလုံးရှိတယ်ကွ၊ အဲဒီ မြင်းတာရာ ကိုးလုံးထွက်လာမှ ကမ္ဘာ သစ် စပြီးတည်ရတာ။ မြင်းတာရာဟာ ကုလားပြည်နဲ့ သက်ဆိုင်တယ်။ ဒါကြောင့် ရှေးလူကြီးတွေက ကိုးလုံးရှင်လာ မြင်းတာရာ လို့လည်း ဆိုကြတယ်။ မြင်းတာရာသည် ကုလားပြည် ရောင်ခြည်လင်းသကိုလို့လည်း ဆိုကြတယ်။ အဲဒီ မြင်းတာရာ ကိုးလုံးပေါ်ပြီးမှ ဇမ္ဗူ့သပြေပင် ပေါက်တာကွ။ ဒါကြောင့်မို့လို့ ဟိုမှာ ပန်းအိုးလေးဟာ ချထားတာဟာ ဇမ္ဗူ့ သပြေပင် အထိမ်းအမှတ်ပေါ့ကွာ။ အဲဒါတွေ ပြီးမှ သတ္တဝါတွေ ပေါ်ပေါက်လာမယ်။ လူတွေ ပေါ်ပေါက်လာမယ်။ အဲဒီအခါကျမှ လူ့ပြည် လူ့လောကရှိတဲ့ လူတို့ရဲ့ အဖြစ်အပျက်မျိုးစုံကို ကပြရာမှာ လောကီထုပ္ပတ် လူတို့ဇာတ်ပေါ့

ကွာ။ ရုပ်သေးဆိုတာက အဲဒါတွေကို အရုပ်နဲ့ အစားထိုး ကပြတာ မဟုတ်လား သူငယ်ရဲ့” ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ငဓက …

“ဩော် … သူ့ အနက်နဲ့ သူရှိတာကိုး” ဟု ပြောလိုက်လေ၏။ ငဓသည် အစက ရုပ်သေးပွဲအား စိတ်ဝင်စားခြင်း မရှိသော်လည်း ယခုလို သိသွားသော အခါ၌ ရုပ်သေးပွဲကို ဆက်လက် ကြည့်ရှုရန် စိတ်အားထက်သန်နေလေတော့၏။ ထိုညက ရုပ်သေးမှာ သူခိုးကြီး ငတက်ပြား ဇာတ်ထုပ်က၏။

သူခိုးကြီး ငတက်ပြားအား လူများ ဝိုင်းဖမ်းသော အခန်းသို့ ရောက်သောအခါ ရုပ်သေးစင်မှ ဝိုင်းဟ ဝိုင်းဟ ဟု အော်ကြလေ၏။ ထိုအချိန်၌ပင် ပွဲခင်း၌လည်း ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် အေးချမ်းစွာ ရုပ်သေးကြည့်နေသော ငဓအား ဘုရားကုန်း

အပိုင်းသားတို့သည် ဝိုင်းဟ ဝိုင်းဟ ဟုဆိုကာ လာ၍ ဝိုင်းလိုက်ကြသောကြောင့် ဖြစ်၏။ ဘုရားကုန်းသားများသည် ငေအား တုတ်များ၊ ဓားများ၊ လှံများ၊ ဒူးလေးများ၊ လင်းလေးများ ကိုင်ဆောင်၍ ဝိုင်းလိုက်ကြပြီးလျှင် ခေါ်၍ သွားကြလေ၏။ ထို့နောက် ကျိုက္ကဆံဘုရားနှင့် များစွာမဝေးသော ကွက်လပ်ကြီးဆီသို့ ခေါ် သွားကြ၏။ ထိုကွက်လပ်ကြီး၌ကား အဓိကရ ကညင်ပင်ကြီး ရှိ၏။ ထိုနေရာကို ဘုရားကုန်း သားတို့က ကညင်ကွင်းဟု ခေါ်၏။ ထိုနေရာ သို့ အရောက်တွင် မျက်စိတစ်ဖက်ကို အဝတ် နက်ဖြင့် ပိတ်၍ စည်းထားသော ထောင်ထောင်မောင်းမောင်း လူတစ်ယောက် က ...

"အောင်မလေးကွာ ဘုရားကုန်းသားတို့ နှယ် ဒီငပါမွှားလေးများ တပ်ချီပြီး ဝိုင်းလာရ တယ်လို့" ဟု ပြောလိုက်ရာ ငေက ...

“ဩော် ဒါ ငမြိုင်ရဲ့ လက်ချက်ကိုး။ တော်တော့်ကို ယောကျ်ားဈေး ဖျက်တဲ့လူပဲ။ အုပ်စုနဲ့ အနိုင်ကျင့်မလို့လား” ဟု ပြန်၍ မေးလိုက်လေ၏။

“ဟဲ့ ကောင်လေး ငခ၊ နင့်ကို မလိမ္မာတာကို ဆုံးမ မလို့။ ရှေး လူကြီးစကားလည်း နားမထောင်၊ အခု လူကြီး စကားလည်း နားမထောင်တဲ့ မိမဆုံးမ ဖမဆုံးမလေး။ ရှေးလူကြီးစကား ကြားဖူးလား။ ကိုယ့်ရွာမှာ ကြက်ဖတဲ့၊ သူများရွာမှာ ကြက်မတဲ့။ အခုတော့ မင်းဟာက သူများရွာလာပြီး ကြက်ဖလုပ်တာကိုးကွ။ အခု ကြက်မဖြစ်အောင် ပြန်လုပ်ပေးလိုက်မယ်။ မင်းကို ငါက ယောကျ်ားလား၊ မိန်းမလားလို့မေးရင် မိန်းမပါလို့ ဖြေရမယ်။ မင်းကို ငခလို့ မခေါ်ဘူး။ မိခလို့ ခေါ်မယ်။ အဲဒီအခါမှာ မင်းက ဗျာလို့မထူးရဘူး။ ရှင်လို့ ထူးရမယ်။ ဗျာလို့ ထူးတာနဲ့ ဘယ်လိုကြမ္မာမျိုး မင်းဆီကို

ရောက်လာမယ်ဆိုတာ မင်းအခုသိသွားရမယ်” ဟု ငမြိုင်က ပြောလိုက်လျှင် ငခက …

“ခင်ဗျား ရူးနေသလား၊ ခင်ဗျား ပြောတဲ့ စကားကို ပြန်စဉ်းစားပါဦး။ ကိုယ့်ရွာမှာ ကြက်ဖ၊ သူများ ရွာမှာ ကြက်မ ဒီလိုပြောချင်တာ မဟုတ်လား။ ဘယ်မှာလဲ ခင်ဗျားရွာ။ ဒါ သဃ်န်းကျွန်းရွာဗျ။ ခင်ဗျားလည်း သဃ်န်းကျွန်းရွာသား၊ အပိုင်းသာ မတူတာ၊ ဒါလောက်တောင် ခင်ဗျားမသိဘူးလား။ မသိဘဲနဲ့ ကာလသားခေါင်း လုပ်နေရသလား အရူး” ဟု ပြော၍ တံတွေးဖြင့် လှမ်း၍ ငမြိုင်၏ မျက်နှာကို ထွီခနဲ ထွေးလိုက်လေ၏။ ထိုအခါ ငမြိုင်က သူ၏ လူများအား …

“ဒီကောင့်ကို ကြိုးနဲ့ တုပ်လိုက်” ဟု အမိန့်ပေးလိုက်လေ၏။ ငမြိုင်၏ လူများသည် လွန်စွာ ခိုင်ခံ့သော ပိုက်ဆံကြိုးကြီးဖြင့် တုပ်

လိုက်လေ၏။ ငမေသည် ထိုသို့ ကြိုးဖြင့် တုပ်သည်ကို မဲ့ပြုံးကလေး တစ်ချက် ပြုံးပြ လိုက်လေ၏။ မောင်မြိုင်တို့ ထွန်းညှိထားသော မှန်အိမ်များ၊ ကညင်ဆီ မီးတိုင်များ မှာလည်း ထိန်လင်း၍ နေ၏။

"ဟဲ့ ကောင်မ မိခ ရှင်လို့ ထူးစမ်း"

"ဟော့ကောင် အရူး၊ မင်းလို သွေးမရှိတဲ့ ကောင်များ ထင်နေလား" ဟု ပြောလိုက် ချိန်၌ပင် ငခ၏ ကိုယ်ပေါ်သို့ ငလိပ်ကျောက်မြီး တစ်ချောင်းသည် ရွှမ်းခနဲ ရောက်လာပြီးလျှင် ငလိပ်ကျောက်မြီးကို ပြန်၍ ဆွဲသောအခါ၌ သွေးများ ဖြာ၍ ထွက်လာလေတော့၏။ အမှန် စင်စစ် ငမေသည် ကြိုးဖြည်၊ ကြိုးဖြုတ်၊ ကြိုး ခလုတ် ဟူသော အတတ်ပညာကို ကောင်းစွာ တတ်သည်ဖြစ်ရာ ၎င်းအား ကြိုးတုပ်စဉ်က ဒေါင်လိုက်သွားသော ကြိုးများ၊ ကန့်လန့်သွား

သော ကြိုးများပါမက ထုံးဖွဲ့သော နေရာကိုပင် ကောင်းစွာ မှတ်သားခဲ့ပြီး အတုပ်ခံသော နေရာ၌ပင် ကြွက်သားစိုင်များကို ကားထုတ်၍ အတုပ်ခံခဲ့သည် ဖြစ်ရာ ကြွက်သားများကို ပြန်၍ ကျုံ့လိုက်သောအခါ ကြိုးသည် ခန္ဓာကိုယ် ပေါ်၌ တစ်လက်မခန့် ချောင်၍နေသည် ဖြစ်၏။ ထိုအချိန်၌ ငခသည် ဘယ်လက်ကို ကြိုးကွင်း၌ လျှို၍ ဖြုတ်ထားပြီး ကျန်သောအထုံးများကို စကားပြောရင်း စမ်းသပ်၍ ဖြည်ထုတ်ထားပြီး ဖြစ်၏။ ထိုသို့ ဖြည်ထုတ်ထားသည် ဖြစ်သော်လည်း ကြိုးများသည် ကိုယ်၌ ပတ်နေသေးသည် ဖြစ်ရာ ရုတ်တရက် ဖြည်ထွက်ရန် ခက်နေသည် ဖြစ်၍ ငလိပ်ကျောက်မြီးနှင့် အရိုက်ခံလိုက်ရသည် ဖြစ်၏။ ထို့နောက် အာရုံပြောင်းစေရန် အတွက် ငမြိုင်အား လှမ်း၍ ဆဲလိုက်သည် ဖြစ်၏။ ငမြိုင်ကလည်း ...

"ဆဲထား ဆဲထား ရုပ်သေးပွဲမှာ တေက်ပြား ကြီး မမိခင်မှာပဲ မင်းဇိဝိန်ချုပ်ရလိမ့်မယ်" ဟု ပြောလိုက်လျှင် ငေသည် ၎င်းအား တုပ်နှောင်ထားသော ကြိုးများကို တစ်ချက်တည်း ရုန်းထွက်လိုက်လျှင် ရနိုင်သောအခြေအနေ ရောက်နေပြီ ဖြစ်သဖြင့် ရယ်လိုက်လေ၏။ ထိုအခါ ငမြိုင်က

"မင်း တော်တော် ရယ်ချင်နေတယ် ထင်တယ်" ဟု မေးလိုက်လျှင် ငေက ...

"ရယ်ချင်လိုက်တာ ဖတ်ဖတ်မော၊ ရင်ဘတ် နောက်ကကျော" ဟု ပြောကာ တဟားဟား ရယ်လေတော့၏။ ထိုအခါ ငမြိုင်က ...

"ကဲပါ ကဲပါ ဟဲ့မိခ ရှင်လို့ ထူးစမ်း" ဟု ပြောလိုက်ချိန်၌ပင် ငေသည် ကိုယ်တွင် ပတ်ထားသော ကြိုးများကို ပုဆိုးကွင်းလုံး ချွတ်ချ

သကဲ့သို့ ချွတ်ချလိုက်ပြီးလျှင် 'စ' ဟု လွန်စွာ ကျယ်လောင်သော အသံဖြင့် အော်လိုက်ပြီးလျှင် ငလိပ်ကျောက်မြီးဖြင့် ရိုက်ရန် ရွယ်ထားသော သူ၏ မေးရိုးအား ခြေဖျားဖြင့် လှမ်း၍ခတ်ကာ ခုန်လိုက်ရင်း ရှေ့တည့်တည့်တွင်ရှိနေသော မျက်စိ တစ်ဖက်လပ် ငမြိုင်၏ ကျန်သော မျက်စိတစ်ဖက်ကို လက်ညှိုး၊ လက်ခလယ် နှစ်ချောင်းဖြင့် ဖောင်းခနဲ ထိုးဖောက်လိုက်လေ၏။ ထိုးဖောက်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွမ်းပစ်၍ ကညင်ဆီမီးတိုင်များ အပြင်ဘက်သို့ လွှားခနဲ ထွက်သွားလေ၏။ ထို့နောက် အသင့်တွေ့သော မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်ကာ မြင်းကို ကဆုန်ဆိုင်း၍ ထွက်သွားလေတော့သည်။ ငလိပ်ကျောက်မြီးသမား မေးရိုးကျိုးသွား၏။

ငမြိုင်၏ ကျန်သော မျက်လုံးတစ်ဖက် ကန်းသွားသည်ဖြစ်ရာ ငမြိုင်သည် ငရမန်

ကန်း ဘဝမှ စုံလုံးကန်းသော ဘဝသို့ ရောက် သွားလေတော့၏။ ငမြိုင်၏ တပည့်များသည် ငခနောက်သို့ မလိုက်နိုင်တော့ဘဲ မေးရိုးကျိုး သွားသော ငလိပ်ကျောက်သမားနှင့် မျက်လုံး ကန်းသွားသော ငမြိုင်အား ပြုစုရန်အတွက် ကျန်ရစ်ခဲ့ကြလေတော့၏။ ငခသည် ဘုရား ကုန်းဘက်မှ ဖြတ်ကာ ချောင်းဘက်ပိုင်းကို ဝင်ပြီးလျှင် လှံရှည်တစ်ချောင်းကိုရှာ၍ မြင်း ကို ကဆုန်ဆိုင်းကာ ငမြိုင်တို့ ရှိရာသို့ တစ် ခေါက်ပြန်၍လာ၏။ ပြီးလျှင် ငမြိုင်၏ လူအုပ် အတွင်းသို့ အတင်းဝင်ရောက်ကာ တွေ့သမျှ လူကို လှံဖြင့် အတင်း ဝင်ဆွသည်ဖြစ်ရာ ထို လူအုပ်တွင်ရှိသော လူအားလုံးလိုလို ဒဏ်ရာ ရ၍ သုံးယောက်မှာ စကားမေးမရသော အဖြစ် သို့ ရောက်ကြကုန်၏။ ထို့နောက် အိမ်သို့ ပြန်လာပြီးလျှင် ပင်လယ်ပိုင်းတွင် သွားရောက်၍ ပိုက်ချမည့် တံငါလှေနှင့်အတူ

ပင်လယ်ပိုင်းသို့ လိုက်ပါသွားလေတော့၏။

သဃ်န်းကျွန်းရွာကြီး တစ်ရွာလုံးတွင် ငခနှင့်မောင်မြိုင်တို့၏ ညတိုက်ပွဲကလေးသည် ဟိုးလေးတကျော် ဖြစ်သွား၏။ ငမြိုင့်မျက်စိ စုံလုံးကန်းသွားရသည့်အကြောင်းကို ပြောရာ၌ အချို့က သနားသည်ဟု ပြော၏။ အချို့က ယခုကဲ့သို့ မျက်လုံးကန်းသွားရခြင်းမှာ ငမြိုင့်အတွက် ထိုက်တန်သော ဆုလာဘ် ဖြစ်ကြောင်း ပြောဆိုကြ၏။ ငခအကြောင်းကိုလည်း ငခသည် ရက်ရက်စက်စက် လက်တုံ့ပြန်ပြီးနောက် တောပုန်းဖြစ်သွားပြီဟု ပြော၏။ ထိုအဖြစ်အပျက်အား ထောင်အုပ်သူကြီး ဦးသာဂရမှတစ်ဆင့် ရန်ကုန်မြို့ဝန်ထံသို့ ရောက်ရှိသွား၏။ ရန်ကုန်မြို့ဝန် ဦးအုပ်သည် ငခအား ဖမ်းဆီးရန် အမိန့်ထုတ်ထားပြီး ဖြစ်၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး နောက် ငခအား ဟိုနေရာ၌ တွေ့သည်၊ သည် နေရာ၌ တွေ့သည်ဟု သတင်းများ ဖြစ်ပွားလာ သည်။ ငခသည် အခြားသော တောပုန်းလူဆိုး များနှင့်ပေါင်းကာ တောပုန်း လူဆိုးကြီး ဖြစ် သွားပြီဟု သဃ်န်းကျွန်း တစ်ရွာလုံးယုံကြည် ကြ၏။ သို့ရာတွင် မည်သူ၏ အကြောင်းကို မည်မျှ စိတ်ဝင်စား၍ မည်မျှလောက်သော လူ တွေက ပြောသည်ဖြစ်စေ၊ နောက်ဆုံး၌ တဖြည်းဖြည်း အပြောနည်းကာ မေ့လျော့ ပျောက်ကွယ်သွားတတ်သည်မှာ ဓမ္မတာပင် ဖြစ်၏။ ထို့ကြောင့် သဃ်န်းကျွန်းရွာသား တို့သည် ငခအကြောင်း ပြောသည်မှာ တစ်စတစ်စ လျော့ပါးလာကာ ငခကို လည်းကောင်း၊ ငခနှင့် ရန်ငြိုးရန်ဖက် ဖြစ်ခဲ့ သော ငမြိုင့်အကြောင်းကို လည်းကောင်း စိတ်ဝင်စားခြင်း မရှိတော့ဘဲ ကြာသောအခါ၌

မေ့လျော့ပစ်လိုက်ကြပြီ ဖြစ်၏။ တစ်ခါတစ်ရံ တွင်မူ လမ်းတွင် တုတ်ကို တဒေါက်ဒေါက် ထောက်၍ စမ်းတဝါးဝါး လျှောက်သွားနေသော မျက်မမြင် ဒုက္ခိတ ငမြိုင်ကြီးအား တွေ့မြင်ကြမှပင် ငခအကြောင်းကို ပြန်လည်ပြောဆိုကြတော့၏။ ထို့ထက် ပို၍ ဘာမှ မဖြစ်ကြတော့ပေ။ ထို့ကြောင့် သဃ်န်းကျွန်းရွာသူရွာသားတို့၏ မှတ်ဉာဏ်၌ ငခဟူသော လူ၏ အကြောင်းသည် လုံးလုံးလျားလျား မေ့လျော့သော အဖြစ်သို့ ရောက်သွားကြလေတော့သတည်း။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်နှစ်ကျော်ကျော်ခန့် ကြာသွားသောအခါ၌ ငခသည် ပင်လယ်ပိုင်းမှ ပြန်၍ ရောက်လာ၏။ ၎င်းရောက်လျှင် ရောက်ချင်း ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းတို့အား

“ဩော် ခင်ဗျားတို့က ကျုပ်ကို ဖမ်းမလို့ စောင့်နေကြတာကိုး။ ရုပ်သေးကြည့်နေတဲ့ လူ တစ်ယောက်ကို လူအုပ်ကြီးနဲ့ ညာသံပေးပြီး ဝိုင်းဖမ်းတယ်။ ပြီးတော့ ကညင်ပင်ကြီး တစ် ပင်ဆီကို ခေါ်သွားကြတယ်။ ဟိုရောက်တော့ ကြိုးနဲ့တုပ်တယ်။ ငလိပ်ကျောက်မြီးနဲ့ ရိုက် တယ်။ နောက်ထပ် ဘာတွေ ထပ်ပြီး နှိပ်စက် ကြမယ် မပြောနိုင်ဘူး။ အဲဒီလူတွေကျတော့ ခင်ဗျားတို့ သွားပြီးမဖမ်းကြဘူးလား။ အဲဒီလို နိုင်ထက်စီးနင်းလုပ်လို့ ပြန်ပြီး ခုခံတဲ့ကျုပ်ကို တော့ ဖမ်းသတဲ့လားဗျာ” ဟု မေးလေ တော့၏။ ထိုအခါ ဆယ်အိမ်မှူးက ...

“ဒါတွေ မပြောနဲ့ ငခ၊ မြို့ဝန်မင်း အမိန့်နဲ့ မင်းကိုဖမ်းမှာ” ဟု ပြောလေ၏။

“အဲဒီ ခင်ဗျား ပြောတဲ့ မြို့ဝန်မင်းကိုလည်း မေးကြည့်စမ်းပါဦး။ ကညင်ပင်အောက်မှာ

ကြိုးတုပ်ပြီး လေပိပ်ကျောက်မြီးနဲ့ ရိုက်တဲ့လူကို မဖမ်းဘူးလားလို့” ဟု ငခက မေးလေ၏။ ထိုအခါ ရာအိမ်မှူးက ...

“ဒါတွေ မပြောနဲ့ ငခ၊ မြို့ဝန်မင်းက လူတစ်ယောက်ကို မေးရိုးကျိုးအောင် လုပ်တဲ့၊ ကာလသားခေါင်း ငမြိုင်ကို မျက်လုံးစုံလုံး ကန်းအောင် လုပ်တဲ့၊ လူဆယ်ယောက်ကို လှံနဲ့ အနာတရ ဖြစ်အောင် လုပ်ခဲ့တဲ့ ငခဆိုတဲ့ ကောင်ကို မိအောင်ဖမ်းလို့ အမိန့်ပေးခဲ့တယ်။ ဒီ ကိစ္စအတွက် အတော်လည်း စိတ်ဆိုးတော်မူတယ်” ဟု ပြောလိုက်လျှင် ငခက ...

“ခင်ဗျားတို့ မြို့ဝန်မင်းလည်း အရူးပဲ။ နှစ်ဦးနှစ်ဖက် ဖြစ်ကြတာကို မျှမျှတတ နားမလည်တတ်ဘူး” ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

သို့ရာတွင် အေးဆေးစွာပင် အဖမ်းခံလိုက်

လေ၏။ ထို့ကြောင့် ငခအား ဆယ်အိမ်မှူး၊ ရာအိမ်မှူး နှင့် ၎င်းတို့၏ နောက်လိုက်နောက်ပါများသည် ဖမ်းဆီး၍ ထောင်အိမ်မှူး ဦးသာဂရဆီသို့ ခေါ်ဆောင်သွားကြလေတော့၏။ ဦးသာဂရသည် ငခအား မြင်လျှင် ကောင်းစွာမှတ်မိ၏။ ထို့ကြောင့် ...

"ဟဲ့ ငခရဲ့ နင်ဘောက်မဲ့ကြောင့် ဘုရားကုန်းသား ငမြိုင်အပေါ်မှာ အငြိုးကြီးပြီး မျက်လုံးကန်းအောင် လုပ်ရတာတုံး" ဟု ပြောလိုက်လျှင်

"သူကြီးမင်း ခင်ဗျားလည်း အရူးပဲ။ ကျုပ်က ငမြိုင်ကို သွားလုပ်တာ မဟုတ်ဘူး။ ငမြိုင်ရဲ့ လူတွေက ကျုပ်ကို ဖမ်းခေါ်သွားကြတာ။ သူတို့ဆီရောက်တော့ ဝိုင်းပြီး နှိပ်စက်ကြတာ။ အဲဒါ သူကြီးသိတယ် မဟုတ်လား" ဟု ငခက ပြန်၍ မေးလိုက်လျှင် သူကြီးက ...

"ရုပ်သေးဝိုင်းထဲမှာ လူတစ်ယောက်ကို လူတစ်စုက လာပြီး ဖမ်းတာတော့ ငါသဲ့သဲ့ကြားလိုက်တယ်" ဟု ပြောလိုက်လျှင် ခေကေ ...

"ဒီမှာ သူကြီးမင်း ခင်ဗျား သဲ့သဲ့ကြားတယ် လုပ်မနေနဲ့။ ခင်ဗျားမှာ တာဝန်ရှိတယ်။ အဲဒီလူကို လူတစ်စုက နှိပ်စက်မယ်၊ သတ်မယ်၊ ဖြတ်မယ်ဆိုတာ ခင်ဗျား မစဉ်းစားဘူးလား။ အဲဒီလူကို ကယ်ထုတ်ဖို့ ခင်ဗျားလိုက်ရမှာပေါ့။ လူတစ်ယောက်တည်းကို လူအုပ်ကြီးနဲ့ လာပြီး ဖမ်းဆီးတာကို အပြစ်ပေးရမှာပေါ့။ အဲဒါတွေကိုတော့ ခင်ဗျား မလုပ်ဘူး။ ကော်ဇောကြီး ခင်းပြီး ဖလားစုံ ကွမ်းအစ်ကြီးချပြီး သူကြီးကတော်နဲ့ ပွဲကို ခင်ဗျား မိန့်မိန့်ကြီး ကြည့်နေတယ်။ ပွဲကြည့် မပျက်ခဲ့ဘူး။ လူတစ်အုပ်က ဖမ်းသွားတဲ့ လူတစ်ယောက်ဟာ သူ့သေဘေး အတွက် တိုက်ခိုက်ပြီး ဖောက်ထွက်လာရ

တယ်။ အဲဒီအခါကျမှ အဲဒီ လူတစ်ယောက်ကို ရာဇဝတ်သားလို့ သတ်မှတ်ပြီး ဖမ်းလား ဆီးလား အပြစ်ပေးလား လုပ်တော့မယ်ပေါ့။ ခင်ဗျားတို့လို ဆယ်အိမ်ခေါင်း၊ ခင်ဗျားတို့လို ရာအိမ်ခေါင်း၊ ခင်ဗျားတို့လို သူကြီး၊ ခင်ဗျားတို့လို မြို့ဝန်တွေ တဖြည်းဖြည်း များလာပြီ။ လောကကြီး ပျက်ပြီ။ ခင်ဗျား ဘာပြောချင်သေးလဲ သူကြီး” ဟု မေးလိုက်ရာ သူကြီးက …

“ငါ ဘာမှ မပြောချင်ဘူး။ မင်းကို လက်ပြန်ကြိုးတုပ်ပြီး အစောင့်တွေ လုံလုံလောက်လောက်နဲ့ မြို့ဝန်မင်းရဲ့ အချုပ်ကိုပို့ဖို့ ငါ ဒါပဲ ပြောတတ်တယ်” ဟု ပြောလိုက်လျှင် ငခေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေတော့၏။ ထို့နောက်တွင်ကား သူကြီးကတော်ကြီး ထွက်လာပြီးလျှင် ဆယ်အိမ်ခေါင်းနှင့် ရာအိမ်ခေါင်းအား ထမင်းစားရန်ခေါ်၏။ ဆယ်အိမ်ခေါင်း နှ

င့် ရာအိမ်ခေါင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ဆယ်အိမ်ခေါင်းက ရာအိမ်ခေါင်းအား ...

"သူကြီးအိမ်ဆိုတာ ဟင်းကောင်းရမယ် ရာအိမ်ခေါင်းရဲ့" ဟု ပြောလိုက်လျှင် ရာအိမ်ခေါင်းက ...

"ကိုရင် စာတတ်တယ်" ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် ဣန္ဒြေမျှ မဆယ်တော့ဘဲ အိမ်ပေါ်သို့ ပြေးတက်သွားကြလေ၏။ ထို့နောက် သူကြီးကတော်ကြီး ကျွေးမွေးသော မရမ်းသီးချောက်နှင့် ချက်ထားသည့် ဝက်သားဟင်းကို လည်းကောင်း၊ သီလဝါဘက်မှ လာသော ဆားပေါ့ငါးခြောက်ကို ငရုတ်သီးနိုင်နိုင်နှင့် ထောင်းကြော်ထားသော ငါးခြောက်ကြော်ကို လည်းကောင်း၊ ဘောလယ်ဘက်မှလာသည့် သုံးဦးစပ် ငါးပိရည်ကျို

နှင့် မြိန်ရှက်စွာ စားသောက်ကြလေတော့၏။ ငမဲကိုမူ သူကြီးအိမ်ရှေ့တွင် လက်ဝါးကပ်တိုင် ပြုလုပ်ကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ ကြိုး များဖြင့် တုပ်နှောင်ထားကြလေ၏။ သူကြီး ကတော်ကြီးသည် ဆယ်အိမ်ခေါင်းတို့ ထမင်းစားနေစဉ် အိမ်ရှေ့သို့ မယောင်မလည် နှင့် ထွက်လာပြီး ငမဲအား ကြည့်လိုက်ရာ ငမဲက လျှာထုတ်၍ ပြောင်ပြလိုက်လေ၏။ ထိုအခါ သူကြီးကတော်က ရယ်ရမလို၊ ငိုရမ လို ဖြစ်သွား၏။ ထိုအချိန်၌ ငမဲက ...

"သူကြီးကတော် ဗိုင်းတာမကြီး ခင်ဗျား လင် သူကြီးအရူး သေနေပြီလား" ဟု ပြော လိုက်ရာ သူကြီးကတော်ကြီးသည် ဇက် ကလေး ပု၍ အိမ်တွင်းသို့ ဝင်သွားလေ၏။ သို့သော် ကြာကြာ မနေနိုင်ဘဲ ပြန်ကြည့်လိုသ ဖြင့် တစ်ဖန် ပြန်၍ ထွက်လာခဲ့လေ၏။ ထိုအခါ ငမဲက ...

"ဈေးကုန်းပိုင်းက အလကား ရတဲ့ ဝက်သားတွေ ချက်စားပြီး ဝက်ရုပ်ပေါက်နေတဲ့ မသာကြီး ခင်ဗျားလင်သူကြီး တရေးတမော သေနေပြီလား" ဟု ပြောလိုက်ရာ သူကြီးကတော်ကြီးသည် တစ်စုံ တစ်ရာ ပြန်၍ မပြောဘဲ ငြိမ်၍ နေသဖြင့် ငခေက ...

"အမြို့မကြီး ဘာဖြစ်လို့ မြို့နေတာလဲ။ ကျုပ်မေးတာ ပြောစမ်း။ ကျုပ်ကို ဒီကနေ ဖမ်းသွားတဲ့ လမ်းမှာ ကျုပ် ထွက်ပြေးမယ်။ ပြီးတော့ ဒီကို လာမယ်။ ပြီးတော့ ခင်ဗျားကို လည်ပင်းညှစ်သတ်ပြီး ဟော ဟိုက စဉ့်အိုးထဲမှာ ခေါင်းကိုနှစ်ပြီး ခြေထောက်ကို မြှောက်ထားမယ်။ ကျုပ် ကွမ်းစားချင်တယ်။ ကျုပ်ကို ကွမ်းတစ်ယာ လာပြီး မခွံ့ရင် ခင်ဗျားရဲ့ တစ်မျိုးလုံးကို ကျုပ်သတ်မယ်။ ခင်ဗျားကိုတော့ မပြောနဲ့တော့။ မသတ်ခင်က ဘာလုပ်မယ်ဆိုတာ ခင်ဗျား ဘာသာ ခင်ဗျား စဉ်းစားကြည့်"

ဟု ကြိမ်းလိုက်ရာ သူကြီး ကတော်ကြီးသည် လန့်၍သွားး၏။ အမှန်စင်စစ် သူကြီးကတော်ကြီးဟု ဆိုသော်လည်း အသက်ကြီးသေးသည် မဟုတ်၊ ပထမ သူကြီးကတော်ကြီး သေသွားသောကြောင့် ဈေးကုန်းပိုင်းမှ ရှူးပေါ်ပေါ် မိန်းကလေးတစ်ဦးအား ယူထားခြင်း ဖြစ်၏။ ထို့ကြောင့် သူကြီးကတော်သည် ဝတုတ်တုတ် ပေါ်တောတော မိန်းမငယ် တစ်ဦးမျှသာ ဖြစ်၏။ ထို့ကြောင့် ငခ ပြောသည်ကို ထိတ်လန့်၍သွားခြင်း ဖြစ်၏။

"ကွမ်းတစ်ယာနဲ့တော့ လူမသတ်ပါနဲ့ ကျွေးပါ့မယ်" ဟုဆိုကာ အိမ်ပေါ်သို့ တက်သွားပြီး ကွမ်းနှစ်ယာ ယာလေ၏။ ပြီးလျှင် ငခအနီးသို့ လာကာ ...

"တစ်ယာတောင် မကဘူး။ နှစ်ယာတောင် ယူလာတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ

ငဓက ...

"ပါးစပ်ထဲကို နှစ်ယာစလုံး ထည့်လိုက်။ အခုတော့ ကျုပ်လက်နားက ကြိုးစလေးကို သွားဆွဲလိုက်" ဟု ပြောလိုက်ရာ ရှုးပေါ်ပေါ် သူကြီးကတော်ကလေးက ထိုကြိုးစကို သွား ဆွဲလိုက်လေ၏။ ဆွဲလိုက်သည်နှင့် ငဓလက်ကို ချည်ထားသော ကြိုးစသည် ပြုတ်ထွက်သွား လေ၏။ ကြိုး ပြုတ်ထွက်သွားသည်နှင့် တစ်ပြိုင်နက်တည်း ငဓ၏ ဆန့်တန်းထား သော လက်သည် လွတ်ထွက်သွားလေ၏။ ထိုအခါ ငဓသည် သူကြီးကတော်၏ ဆံပင်ကို လိမ်၍ ဆွဲယူလိုက်လေ၏။ ပြီးလျှင် သူကြီး ကတော်အား ...

"ဟို ကြိုးစကို ဖြုတ်လိုက်ဦး" ဟု ခိုင်း လေ၏။ သူကြီးကတော်လည်း ဖြုတ်ပေးရ လေ၏။ ငဓ၏ လက်တွင် ချည်ထားသော ကြိုး

များ ပြုတ်သွားလျှင် ကျန်ကြိုးများကို ငမဲ ဘာသာ ဖြည်လေ၏။ သူကြီးကတော်အား လည်း ...

"အော်မယ် မကြံနဲ့။ နင့်အိမ်ကို မီးရှို့ ပစ်လိုက်မယ်" ဟု ပြောလေ၏။ ငမဲသည် ကြိုးများ ပြုတ်သွားလျှင် သူကြီးကတော်အား ရေလဲပိုင်း ယူခိုင်းပြီး ရေချိုးသေး၏။ ပြီးလျှင် မျက်နှာသုတ်ပဝါ ယူခိုင်းပြီးလျှင် ရေသုတ်၏။ ပြီးနောက် သူကြီးကတော်အား သူကြီး၏ အင်္ကျီပုဆိုးများကို ယူခိုင်းပြီးလျှင် အဝတ်လဲ၏။ ပြီးလျှင် သူကြီးကတော်ယာပေးသော ကွမ်းယာနှစ်ယာကိုစားပြီး သူကြီးကတော်အား ထိုင်ခိုင်း၍ ကလိထိုးလေ၏။ သူကြီးကတော်ကြီးမှာ ယားလွန်း၍ တွန့်နေ၏။ ပြီးလျှင် တခစ်ခစ် ရယ်၏။ အချိန်အတော်ကြာ ကလိထိုးလိုက်ရာ သူကြီးကတော်ကြီးမှာ မော၍ သွား၏။ ထိုအခါ

ငမဲက ...

"အိပ်တော့" ဟု ပြောလိုက်ရာ သူကြီး ကတော်ကြီးမှာ မောလွန်း၍ ခဏအကြာတွင် ပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။ ထို့နောက်မှ ငမဲသည် သူကြီး၏ မြင်းကိုယူကာ ထွက်သွားလေတော့၏။

အမှန်စင်စစ် ခါတိုင်းဆိုလျှင် သူကြီးအိမ်၌ လူများ၏။ ယနေ့အဖို့တွင်မူကား အိမ်တွင် သူကြီးနှင့် သူကြီးကတော်သာရှိ၏။ ကျန်လူ များမှာ ဈေးကုန်းပိုင်း အလှူတွင် သွား၍ လုပ်ကိုင်ပေးနေရသောကြောင့် မရှိကြပေ။ သူကြီးသည် တရေးတမော အိပ်နေရာမှ ထ လာပြီးလျှင် ထမင်းစားနေသော ဆယ်အိမ် ခေါင်းနှင့် ရာအိမ်ခေါင်းအား ...

"ဘယ်လိုလဲ တရားခံကို ထမင်းကျွေးဦးမ လား" ဟု မေးလုက်လေ၏။ ရာအိမ်ခေါင်းက

...

“ကျွေးမနေပါနဲ့ သူကြီးမင်းရယ်။ ဒီ လောက် ရှိင်းတဲ့အကောင်၊ ကျွေးလည်း အကောင်းပြောမှာ မဟုတ်ပါဘူး” ဟု ပြန်၍ ပြောလေ၏။ ထို့နောက် ...

“ထမင်းကျွေးတာ မကျွေးတာက အရေးမ ကြီးဘူး။ ရေတော့ တိုက်ရမယ်။ ဆယ်အိမ် ခေါင်းရေ ရေလေးတစ်ပေါက်လောက် သွား တိုက်လိုက်ပါဦး” ဟု ဆက်၍ အမိန့်ပေးလိုက် လေ၏။ ထိုအခါ ဆယ်အိမ်ခေါင်းလည်း ရေ တစ်ခွက်ခပ်ပြီး ရေတိုက်ရန် အောက်သို့ ဆင်း သွားသော အခါ ငခအား ကားစင်၌ မတွေ့ရ လျှင် ...

“သူကြီးမင်း သူကြီးမင်း” ဟု အလန့်တ ကြား အော်လေတော့၏။ ထိုအခါ သူကြီးမင်း ပါမက ရာအိမ်ခေါင်းပါ ဝုန်းခနဲထ၍ အိမ်

အောက်သို့ ဆင်းပြေးသွားကြလေ၏။ ထိုအခါ ငမဲ လွတ်မြောက်သွားသည်ကို လည်းကောင်း၊ သူကြီးကတော်ကြီး တခေါခေါ အိပ်ပျော်နေသည်ကို လည်းကောင်း တွေ့လျှင် သူကြီးသည် စိုးရိမ်ပြီးလျှင် သူကြီးကတော်ကြီးအား

"တရားခံ လွတ်သွားတာ အရေးမကြီးဘူး။ နင့်ကို ဘယ်နှယ်လုပ်သွားသေးတုံး" ဟု မေးလိုက်ရာ သူကြီးကတော်ကြီးက ...

"ဘယ့်နှယ်မှ မလုပ်ဘူး။ သူ့နား ထိုင်ခိုင်းပြီး ကလိထိုးသွားတယ်" ဟု ပြောလျှင် အရယ်သန်သော ဆယ်အိမ်ခေါင်းသည် မရယ်ဝံ့သဖြင့် ပြုံးစိစိကြီး လုပ်နေရ၏။ သူကြီးမှာမူကား စိတ်ဆိုးလွန်းသဖြင့်

"တယ်ရိုင်းတဲ့ ကောင်ပဲ။ ငါ့မိန်းမကိုများ အပျင်းပြေ ကစားစရာ ကျနေတာပဲ။ လွတ်အောင် ပြေးပေါ့ကွာ။ မိရင်တော့ သေဖို့ ပြင်

ပေတော့” ဟု ကြိမ်းဝါးလိုက်လေတော့သတည်း။

*



သယ်န်းကျွန်း၊ နှင်းဆီကုန်းအရပ်ရှိ ဘုရားသုံးဆူ



ဘုရားသုံးဆူအား လယ်မြေ၊
အိမ်ယာမြေ လှူဒါန်းထားသည့်
စာရင်း ကျောက်စာ



သယ်န်းကျွန်း၊ နှင်းဆီကုန်းအရပ်ရှိ ဘုရားသုံးဆူ
တည်ရှိရာ တန်ဆောင်း

## သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ စေတီဘုရားများ



အောင်မြေပေါင်းစု သဗ္ဗညုစေတီတော် (ကြက်ဘုရား၊ ငှက်ဘုရား)



ရန်ပြေရန်အေး
ဆယ်တောင်ပြည့်စေတီတော်



ဇာလီတောင်
ဘုန်းကြီးကျောင်း

# ကြောက်တတ်သော ညီအစ်ကို ငါးဦးနှင့် တွေ့ဆုံခြင်း

ငခသည် မြင်းတစ်စီးနှင့် ခြေဦးတည့်ရာ ထွက်လာခဲ့ရာ ကျွန်းကလေး ဟူသော အရပ်သို့ ရောက်လျှင် မြင်းပေါ်မှ ဆင်းပြီးနောက် ထမင်းဆိုင်ကို ရှာ၏။ တစ်ဦးနှစ်ဦးကို မေးလိုက်လျှင် ကျွန်းကလေး ရွာဦးပိုင်း၌ တဲကြီးတစ်လုံးကို တွေ့မည်ဖြစ်ကြောင်း ထိုတဲကြီးမှာ ညအိပ်၍ရသော ထမင်းဆိုင် ဖြစ်ကြောင်း ပြောလေ၏။ ထို့ကြောင့် ငခသည် မြင်းကို ဆွဲ၍ ထမင်းဆိုင်ကြီးဆီသို့ ခြေလျင်လျှောက်ခဲ့ရာ ထမင်းဆိုင်အနီးသို့ ရောက်လျှင် လူငါးယောက်သည် ထမင်းဆိုင်ရှေ့၌ ရပ်၍

စကားပြောနေရာမှ ၎င်းအား လှမ်း၍ ကြည့်လိုက်သည်ကို သတိပြုမိလေတော့၏။ ငမဲသည် ထိုသူများ အနီးမှ ဖြတ်သန်း၍ မြင်းချည်တိုင်သို့သွား၏။ ထိုလူငါးဦးသည် ငမဲသွားသည်ကို လိုက်၍ ကြည့်ကြ၏။ ငမဲလည်း မြင်းကို ချည်ပြီးနောက် ထမင်းဆိုင်တဲအတွင်းသို့ ဝင်ရန် ပြန်၍လျှောက်လာရာ ထိုလူငါးဦးအနီးသို့ ရောက်လျှင် ထိုလူငါးဦးသည် ငမဲအား ခြေဆုံးခေါင်းဆုံး ကြည့်၏။ ငမဲသည် ထိုသို့ ကြည့်နေသည်ကို မခံချင်စိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့်

"ကြည့်လှချည်လား ခင်ဗျားတို့ နှမကို ခိုးသွားတဲ့လူနဲ့ ဆင်တူ ရိုးမှားဖြစ်နေလို့လား" ဟု ရန်စသော စကားကို ပြောလိုက်ရာ ထိုလူငါးဦးအနက် အသက်အကြီးဆုံး လူက ...

"စိတ်မဆိုးပါနဲ့ မိတ်ဆွေရာ ဟောဒီနှစ်

ယောက်က ညီအစ်ကို အရင်း၊ ကျန်တဲ့ သုံးယောက်က တစ်ဝမ်းကွဲတွေ။ ကျုပ်တို့က ပဲခူးသားတွေဗျ။ ကျုပ်တို့ နှမအငယ်ဆုံး မိနက်ကြောဆိုတဲ့ မိန်းကလေးကို ငစဆိုတဲ့ အကောင်က သွေးဆောင်ဖျားယောင်းပြီး ခိုးယူသွားလို့ဗျ။ အဲဒီငစကို လိုက်ရှာနေတာ။ မိတ်ဆွေက အဲဒီငစနဲ့ အတော့်ကို တူတယ်ဗျ။ အဲဒါကြောင့် မိတ်ဆွေကို ကြည့်မိတာပါ” ဟု ပြောလိုက်ရာ ငခက ...

“သြော် ဒီလိုလား။ ခင်ဗျားတို့ ယောက်ဖနဲ့ ကျုပ်နဲ့က လူချင်းတင် တူတာမဟုတ်ဘူး။ နာမည်လည်း ဆင်တူယိုးမှားပဲ။ ဟိုက ငစ၊ ကျုပ်က ငခတဲ့။ အကူအညီ လိုရင်လည်း ပြောပါဗျာ။ ကျုပ်လည်း ကူပြီးရှာပေးပါ့မယ်” ဟု ပြောလိုက်လျှင် ထိုသူငါးဦးသည် ကျေးဇူးတင်သော မျက်နှာများဖြင့် ငခကို ကြည့်ကြလေ၏။ ထို့နောက် အသက်အကြီးဆုံး လူက ...

"ငစကို ရှာမယ့် ရှာရတာ တကယ် ရင်ဆိုင်တွေ့ရင် ကျုပ်တို့ ငါးယောက်စလုံး သူနဲ့ မယှဉ်ဝံ့ဘူးဗျ။ ဒီကောင်က တကယ်ကျွမ်းတဲ့ ဓားသမား" ဟု ပြောလိုက်လျှင် ငခက ...

"အဲဒီ ဓားသမားနဲ့ တွေ့ချင်တယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ရဲ့ ခြေသည်းလေးနည်းနည်း ရှည်နေလို့။ သူက ဓားသမားဆိုတော့ လှီးခိုင်းမလို့" ဟု ပြောလိုက်လေ၏။

"ကဲဗျာ ဒီလိုဆိုလည်း နောင်ကြီး ငခ ကျုပ်တို့ကို ကူပါဗျာ။ ခင်ဗျား ခြေသည်းအတွက်တော့ မပူပါနဲ့။ ကျုပ်တို့ လှီးပေးပါ့မယ်" ဟု ပြောဆိုကာ ငခနှင့်အတူ တဲကြီးအတွင်း ဝင်လေတော့၏။ ထို့နောက် ငခအတွက် ထမင်းဟင်းလျာများ မှာပေးလေ၏။ ငခသည် ထောပတ်ထမင်း၊ ကြက်သားကြော်၊ မရမ်းသီးသနပ်၊ ကျောက်ဖရုံသီး ဟင်းချိုတို့ဖြင့်

မြိန်ရှက်စွာ စားပြီးနောက် တောင်ငူဘက်မှ လာသော သီးမွှေးငှက်ပျောသီး၊ မင်းတုန်းဘက်မှ လာသော မလိုင်ခဲ၊ စလေဘက်မှ လာသော ဆီးချိုသီးတို့ကို စားသောက်လေ၏။ ထို့နောက် ကွမ်းအစ်ကို တောင်းယူပြီးလျှင် ထုံးသုတ်၏။ ရှားစေးခဲ တစ်ခဲ ထည့်၏။ ကွမ်းသီးစိတ် နှစ်စိတ်ထည့်၏။ ဆေးရွက်ကြီးကို နှစ်ခါဖွဲ့၍ ကွမ်းယာထဲ၌ ထည့်၏။ ပြီးလျှင် ပါးစောင်အတွင်းထည့်ကာ ငုံလိုက်လေတော့၏။ ထို့နောက် သူရဲဘောနည်းသော ညီအစ်ကို ငါးဦးအား ...

"ကိုယ့်လူတို့ ကျုပ်တစ်ရေး အိပ်လိုက်ဦးမယ်။ အိပ်ရာက နိုးမှ ခင်ဗျားတို့ ယောက်ဖ ၄ စအကြောင်း စကြတာပေါ့ဗျာ။ ခင်ဗျားတို့လည်း ဟိုစကား ကြားဖူးမှာပေါ့။ 'စားပြီးအိပ်နေ ဘိက္ခုဝေ၊ သေရင် ပက်လက် နတ်ပြည်တက်' ဆိုတာ။ ကဲ ကျုပ်အိပ်မယ်။ ကိုယ့်လူတို့

ညီအစ်ကို ငါးယောက် တဲနောက်ဘက်သွားပြီး လောကကြီးမှာ ဘယ်လို ကြောက်သင့်တယ် ဆိုတာ တိုင်ပင်ကြပေတော့” ဟု ဆိုကာ ငခ သည် ခုံတန်းရှည် နှစ်ခုကိုပူး၍ ဆက်ပြီးလျှင် သူ၏ လက်ကို ခေါင်းအုံး၍ အိပ်လေတော့၏။ အိပ်ရာမှ နိုးသောအခါ ညီအစ်ကို ငါးယောက် အနက် တစ်ယောက်အား သူ၏ မြင်းကို အစာကျွေး ရေတိုက်ခိုင်းလေ၏။ ပြီးလျှင် ပြီး လျှင် သူသည် ထမင်းဆိုင်၌ လုံချည် ရေလဲ တောင်းကာ ရေကန်သို့ သွားပြီး တစ်နာရီခန့် စိမ်၍ ကူးလေ၏။ ထို့နော်က ရေကန်တွင်းမှ ပွ င့်နေသော ကြာပန်းလေးပွင့်နှင့် ဖူးရုံမျှဖူးနေ သော ကြာဖူးတစ်ပွင့်ကို ယူလာပြီးလျှင် ဆိုင်ရှင်မိန်းကလေးအား ဘုရားတင်ဖို့ဟုဆို ကာ ပေးလိုက်လေ၏။ ဆိုင်ရှင် မိန်းကလေး သည် ကြာပန်းများအား အားရဝမ်းသာလှမ်း ယူ၏။ ထို့နောက် ငခက ...

"ဘုရားလေးဆူက ပွင့်ပြီးပြီ။ 'သံဂုံပမ' လို့ ခေါ်တယ်။ 'ရ' ဆိုတဲ့ အရိမေတ္တာယျဘုရားက မပွင့်သေးဘူး။ ဒါကြောင့်မို့လို့ မပွင့်သေးတဲ့ ကြာတစ်ငုံကို ယူလာတာ။ ဘုရားငါးဆူ အတွက်ပေါ့" ဟု ပြောလေ၏။ ထိုအခါ ဆိုင်ရှင် မိန်းကလေးက ...

"ဒီဆိုင်မှာ ထမင်းလာစားတဲ့ လူတွေ မနည်းတော့ပါဘူး။ တစ်ခါမှ ဘုရားပန်းလှူတာ မရှိပါဘူး။ မောင်ကြီး တစ်ယောက်ပဲ ဦးဦးဖျားဖျား လှူတယ်" ဟု ပြောလိုက်ရာ ငခက ...

"ဟဲ့ မိန်းကလေး နင်ပြောတဲ့ စကားက ပန်းခူးလာတဲ့လူ အမောပြေပြီး နောက်တစ်ခါ သွားခူးချင်စိတ် ပေါက်တယ်။ မနက်ဖြန် ရေချိုးရင် တစ်ကန်လုံးမှာရှိတဲ့ ကြာပန်းတွေ ခူးခဲ့မယ်" ဟု ပြောလိုက်ရာ ထမင်းဆိုင်ရှင်

မိန်းကလေးက ...

"အဲဒါ ဘုန်းကြီးကျောင်းက ရေကန်ကြီး ပန်းခူးရင် ကပ္ပိယကြီးက လင်းလေးနဲ့ပစ်တယ်" ဟု ပြောလိုက်လျှင် ငခေက ...

"ကပ္ပိယကြီးရဲ့ လင်းလေးရော၊ ကပ္ပိယကြီးရဲ့ ဓားရော ချိုးပစ်လိုက်မယ်" ဟု ပြောလေ၏။ ထို့နောက် ငခေသည် သူရဲဘောနည်းသော ညီအစ်ကို ငါးယောက်နှင့် စကားပြောလေ၏။ ထိုသို့ စကားပြောသောအခါ၌ မိနက်ကြောသည် ၎င်းတို့ နှမ မဟုတ်မှန်း သိရပြန်လေ၏။ ၎င်းတို့ ငါးဦးအနက် အသက်အကြီးဆုံးသော သူနှင့် ထိမ်းမြားလက်ထပ်ရန် စီမံထားသော သတို့သမီးလောင်းဟု သိရလေတော့၏။ ထိုအခါ၌ ငခေက

"ပထမပြောတော့ မိတ်ဆွေတို့ဟာက နှမဆို၊ အခုတော့ ယူမယ့် မိန်းမ ဖြစ်သွားပြန်ပြီ။

အဲဒါ ဆိုရင်တော့ ကျုပ် အလကား မလုပ်ပေးနိုင်ဘူး။ အဖိုးစားနားနဲ့ ပြောရလိမ့်မယ်” ဟု ပြောလျှင် ညီအစ်ကို ငါးယောက်အနက် အကြီးဆုံးသော သူက ...

“ငစကို တွေ့အောင်ရှာပြီး မိနက်ကြောကို ကျုပ်လက်ထဲ ပြန်ပို့ပါဗျာ။ အဲဒီအတွက် ဆောင်ရွက်ခ ဘယ်လောက်ပေးရမယ်ဆိုတာ ပြောပါ။ ကျုပ် တတ်နိုင်ပါတယ်” ဟု ပြန်၍ ပြောလိုက်လေတော့၏။ ထို့နောက် ကြောက်တတ်သော ညီအစ်ကို ငါးဦးသည် ငခအား ၎င်းတို့ နေထိုင်ရာ ပဲခူးသို့ ခေါ်သွားလေ၏။ ငခသည် ထိုညီအစ်ကို ငါးဦးအိမ်၌ နေထိုင်လေ၏။ ထိုအချိန်၌ ရန်ကုန်မြို့ဝန်မင်းသည် တရာခံပြေး ငခအား မမိ မိအောင် ဖမ်းဆီးရမည်ဟု အမိန့်ထုတ်ထားပြီး ဖြစ်၏။ ထို့ကြောင့် မြို့ဝန်မင်း၏ ခြေမြန်တော် သူလျှိုတို့သည် ရန်ကုန်မြို့အနှံ့ ငခအား မြေလှန်၍ ရှာဖွေနေပြီ

ဖြစ်၏။ ငစမှာမူ ကြောက်တတ်သော ညီအစ်ကိုများ အိမ်၌တည်းခိုရင်း စားလိုက်၊ သောက်လိုက်၊ လက်ဖွဲ့ လက်ပန်း လေ့ကျင့်လိုက်နှင့် စိတ်လက်ပေါ့ပါးစွာ နေထိုင်လေ၏။ ၎င်းကို မည်သူကပဲ မေးမေး 'ငစ' ဟု မဖြေတော့ဘဲ 'ဓာတ်ခိုး' ဟူ၍ ဖြစ်ကြောင်း ပြောဆိုလေ့ရှိ၏။ ထို့ကြောင့် ကြောက်တတ်သော ညီအစ်ကို ငါးဦးအိမ်၌ နေထိုင်ရင်း နောက်ထပ် တိုးလာသော မိတ်ဆွေများသည် 'ကိုရင် ဓာတ်ခိုး' ဟုသာ ခေါ်ဝေါ်ကြလေတော့၏။ ထို့ပြင် ၎င်းသည် အညာဘက်ရှိ တောရဘုန်းကြီးကျောင်းတွင် ကြီးပြင်းခဲ့ရကြောင်း၊ မိဘမဲ့ ဖြစ်ကြောင်း၊ ထိုဘုန်းကြီးပျံလွန်ခဲ့သည့် အချိန်မှစ၍ မြန်မာပြည်အနှံ့ ရေကြည်ရာ မြက်နုရာ လုပ်ကိုင်စားသောက်ရကြောင်း ပြောဆို၍ ၎င်း၏ ဇာတိ အစစ်အမှန်ကို ဖျောက်ပစ်လိုက်လေတော့၏။ ထို့ကြောင့်

မြို့အုပ်မင်း၏ သူလျှိုဒလန်များသည် ငကို
ခြေရာမခံနိုင်ဘဲ ရှိလေတော့သတည်း။

*



# ငဓပြေးရပြီ

ငဓ (ခေါ်) ဓာတ်ခိုးသည် ညီအစ်ကို ငါး ဦး ၏ အိမ်၌ တည်းခိုပြီးနောက် ငစဆိုသူ၏ သတင်းကို နားစွင့်၍နေခဲ့၏။ နောက်ဆုံးတွင် ဖရဲသီးကုန်သည်များမှ တစ်ဆင့် ငစဆိုသူ သည် 'ကောလိယ' ချောင်း နံဘေးရှိ ထမင်းဆိုင်သို့ မကြာခဏလာတတ်ကြောင်း သတင်းရရှိသွားလေတော့၏။ ထို့ကြောင့် ငဓ သည် ငစဆိုသူအား ဖမ်းဆီးရန် အတွက် ဝါးရင်းတုတ်ကြီး တစ်ချောင်းကို မြင်းပေါ်သို့ တင်ပြီးလျှင် ကောလိယချောင်းဆီသို့ ရှေ့ရှုခဲ့ လေ၏။

(မှတ်ချက်။ ။ ကောလိယချောင်းဆိုသည်မှာ ယခု ဒိုက်ဦးမြို့ နံဘေးမှ စီးဆင်းနေသော ချောင်းကို ဆိုလို ပါသည်။

စာရေးသူ)

ညနေပိုင်းသို့ ရောက်လျှင် ကောလိယ ချောင်းနံဘေးရှိ ညအိပ် ထမင်းဆိုင်ကြီးမှာ လွန်စွာမှ လူစည်ကားလှ၏။ ခရီးသည်များ အလျှိုလျှို ရောက်လာကြ၏။ မြင်းများကို ချည်တိုင်၌ ချည်ထားပြီး ဆိုင်တွင်းသို့ ဝင်သွား ကြ၏။ ဆိုင်တွင်း၌ကား ကညင်ဆီမီးတိုင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထား၏။ ထမင်းဆိုင်တွင်း၌ ထမင်းစားနေသူများ ရှိ သကဲ့သို့ လောင်းကစားဝိုင်းများလည်းရှိရာ လောင်းကစားဝိုင်းများ၌လည်း လူစည်ကား လျက် ရှိ၏။ ဝေသည် ဆိုင်မှ လက်တို လက် တောင်းခိုင်းသော ကလေးအား မြင်းဇက်ကြိုး ကိုပေး၍ ...

“ဟဲ့ ကောင်လေး မြင်းကို ချည်တိုင်မှာ ချည်ထားရုံနဲ့ မပြီးသေးဘူး။ ရေလည်း တိုက်ဦး ၊အစာရှိရင်လည်း အစာကျွေး ကျသလောက် ဟောဒီရွာက သူကြီးဆီမှာသွားတောင်း” ဟု ပြောလိုက်ရာ ထိုသူငယ်လေးက …

“သူကြီးနဲ့ ခင်ဗျားနဲ့ ဘယ်လို ပတ်သက်လို့ တုံး” ဟု ပြန်၍ မေးလေ၏။

“ဘယ်လို ပတ်သက်ရမှာတုံးကွ၊ သူကြီး သမီးနဲ့ ယူမယ့် သတို့သားလောင်းက ငါကွ။ အဲဒီတော့ ငါက သူကြီး သမက်လောင်းပေါ့ကွာ” ဟု ခတ်ခိုးက ပြန်၍ ဖြေလျှင် ထိုသူငယ်လေးက …

“မဖြစ်နိုင်တာပဲဗျာ။ သူကြီးသမီး ကောလိယချောင်းထဲမှာ ရေနစ်ပြီး သေတာ သုံးနှစ် ရှိပြီ” ဟု ပြောလိုက်လျှင် ခတ်ခိုးက …

“အဲဒါ ခက်တာပေါ့။ ရေနစ်ပြီး သေတာက သူကြီးရဲ့ မယားကြီးက မွေးတာ၊ ငါနဲ့ ယူမှာက သူကြီးရဲ့ မယားငယ်က မွေးတာ။ သူက ဒီမှာ နေတာ မဟုတ်ဘူး။ ပဲခူးမှာ နေတာ ပဲခူးသူ ကွ” ဟု ဓာတ်ခိုးက ပြောလိုက်ရာ ဆိုင်မှ သူငယ်လေးက ...

“အဲဒါ လုံးဝ မဖြစ်နိုင်ဘူး။ ကျုပ်တို့ သူကြီး ဟာ ဒီနေရာက လွဲပြီး ဘယ်နေရာမှ မရောက်ဖူးဘူး။ ပြီးတော့ ခင်ဗျားကို ပြောလိုက်ဦးမယ်။ သူကြီးက ကျုပ်ရဲ့ဦးလေးဗျ” ဟု ပြောလိုက်လျှင် ဓာတ်ခိုးက ...

“အလကား ကျီစားတာပါ ညီလေးရာ၊ ဘာပဲဖြစ်ဖြစ် ငါ့မြင်းကို အစာလည်းကျွေး၊ ရေလည်း တိုက်ပါ၊ ကျသလောက် ငါပေးပါ့မယ်” ဟု ဆိုကာ ဝါးရင်းတုတ်ကြီးဆွဲ၍ ဆိုင်အတွင်းသို့ ဝင်သွားလေ၏။ ပြီးလျှင် ချဉ်ပေါင်ကြော်ဖြ

င့် ထမင်းတစ်ပွဲကို မှာ၍ စားလေ၏။ ဆိုင် အလုပ်သမားလေး များသည် ထမင်းနှင့် ချဉ်ပေါင်ကြော်ကို လာချပေးရင်း ...

"ဒီမှာ နောင်ကြီး ဒီဆိုင်မှာ ကြက်သား၊ ဝက်သား၊ ချေသား၊ ဆတ်သား၊ ယုန်သား၊ ဖွတ်သား၊ ပဒတ်သား အကုန်ရတယ်။ ဘာဖြစ်လို့ ချဉ်ပေါင်ကြော်နဲ့ စားတာလဲ" ဟု မေးလိုက်ရာ ဓာတ်ခိုးက ...

"အသားတွေ စားရတာ ညှီလို့ကွ။ ငါက မကြာခဏ သက်သတ်လွတ် စားတယ်ကွ။ ဒါကြောင့် အသားမကြိုက်ဘူးကွ" ဟု ပြန်၍ ပြောလိုက်လျှင် ဆိုင်အလုပ်သမား သူငယ်လေးက ...

"ဆိုင်ထဲကို ဘာဖြစ်လို့ ဝါးရင်းတုတ်ကြီး ယူလာရတာတုံး။ ဘယ်သူ့ကို ရိုက်မလို့လဲ" ဟု မေးလေ၏။ ထိုအခါ ဓာတ်ခိုးက ...

"တစ်မျိုး မထင်ပါနဲ့ကွာ။ ငါက အနှိပ်သည် ကွ။ အနှိပ်သည်ဆိုတော့ လက်နဲ့ချည်း နှိပ်နေလို့ မရဘူး။ ခြေနဲ့လည်း တက်နင်းရတယ်။ အဲဒီတော့ ဒီတုတ်ကြီးကို ထောက်ပြီး နင်းရတယ်လေကွာ။ ကဲ ကဲ စိတ်ဖြောင့်ဖြောင့် ထမင်းစားရအောင် မင်းတို့ ငါ့အနားက သွားကြပါ" ဟု ပြောလိုက်ရာ ဆိုင် အလုပ်သမားကလေးများသည် အနားမှ ထွက်သွားကြလေ၏။ လောင်းကစားဝိုင်းများမှာလည်း အလျော်အစား ကြမ်းလှသည် ဖြစ်ရာ 'ဟင်' ခနဲ၊ 'ဟယ်' ခနဲ အော်သံ ဟစ်သံ ထွက်လျက်ရှိ၏။ ဓာတ်ခိုးသည် ထမင်းစားရင်း ကြွေဝိုင်းမှ ဒိုင်လုပ်သော သူကို လှမ်း၍ ကြည့်၏။ သူသည် အရပ်အမောင်း ကောင်း၏။ ခေါင်းပေါ်မှ သျှောင်ကြီးမှာလည်း လွန်စွာ ကြီးမားလှ၏။ နှုတ်ခမ်းမွှေးကြီးမှာလည်း ကျွဲချိုကဲ့သို့ ကော့၍ ထောင်နေ၏။ ဓာတ်ခိုးသည်

ထမင်းစားရင်း စားပွဲထိုးလေး တစ်ဦးအား မျက်ရိပ်ပြ၍ ခေါ်လိုက်ပြီးလျှင် ...

"မင်းတို့ဆိုင် ကစားဝိုင်းကလည်း ကြမ်းလှ ချည်လား။ သူကြီးက မဖမ်းဘူးလား" ဟု ခပ်တိုးတိုး မေးလိုက်ရာ ...

"ဟောဟို နှုတ်ခမ်းမွေးကြီး ထောင်နေတဲ့ သူဟာ သူကြီးပေါ့ဗျာ။ သူက အမြဲတမ်း ဒိုင်ကိုင်တာ။ တစ်ခုတော့ ရှိတယ်။ သူနိုင်ရင် မဖမ်းဘူး။ သူရှုံးရင် ဖမ်းတယ်။ သူ ရှုံးသွားရင် အိမ်ကို တစ်ခေါက် ပြန်သွားပြီး နောက်တစ်ခေါက် ပြန်လာတာဟာ ဖမ်းဖို့ ပြန်လာတာပဲ" ဟု ပြန်၍ ဖြေလေ၏။

"ဒီလောက် မျှတတဲ့သူကို မင်းတို့ရွာက ဘာဖြစ်လို့ သူကြီး မြှောက်ထားတာတုံး" ဟု ခတ်ခိုးက မေးလိုက်ရာ ဆိုင်အလုပ်သမား လေးများက

"ကျုပ်တို့ရွာက သူကြီးတွေထဲမှာ သူ အကောင်းဆုံးပဲ။ ကျန်တာ တွေက သူ့ထက် ဆိုးတယ်။ ဒါကြောင့် သူ့ကို တစ်ရွာလုံးက ချစ်ကြတယ်။" ဟု ပြန်ပြောလိုက်လျှင် ဓာတ်ခိုးသည် စားပွဲထိုးလေးအား ဟန်ပါပါ ပခုံးကို တွန့်ပြလိုက်လေ၏။ ထိုအချိန်၌ ဆိုင်ရှင်သည် သူ၏ အလုပ်သမားများအား ...

"မိုးချုပ်ပြီဟေ့ ဆိုင်တံခါးတွေ ပိတ်လိုက်တော့။ အထွက်ရှိစေ။ အဝင် မရှိစေနဲ့တော့" ဟု ပြောဆိုလိုက်လျှင် ဆိုင်အလုပ်သမားများသည် ဆိုင်တံခါးရွက် ပျဉ်ချပ်များကို ယူဆောင်၍ ဆိုင်ကို ပိတ်လိုက်လေတော့၏။ ထိုအချိန်၌ မြင်းစီးလာသော ခရီးသည်တစ်ဦး ရောက်လာပြီးလျှင် ဆိုင်တံခါးကို တဗုန်းဗုန်း ထုလေ၏။ ထိုအခါ ဆိုင်အလုပ်သမား တစ်ဦး က

“ဆိုင် ပိတ်လိုက်ပြီ။ ဝင်လို့ မရတော့ဘူး” ဟု အော်၍ ပြောလေ၏။ ထိုအခါ အပြင်မှ ခရီးသည်က ...

“ဆိုင်ရှင်ကို ခေါ်ပေးပါ။ကျုပ်ဟာ ဆိုင်ရှင်ရဲ့ မိတ်ဆွေပါ” ဟု အပြင်မှ အော်၍ ပြောသောကြောင့် အလုပ်သမားလေးများကလည်း ဆိုင်ရှင်ကို သွား၍ ခေါ်ပေးလေ၏။ ဆိုင်ရှင်လည်း တံခါးရွက် နှစ်ခု၏ ကြားအနီးသို့ ကပ်ကာ ...

“ဘယ်သူလဲ။ ဖွင့်လို့ မရတော့ဘူး။ ဆိုင်ပိတ်ထားပြီ” ဟု ပြောလိုက်လျှင် အပြင်မှ ခရီးသည်က လွယ်ထားသော ဓားကို ထုတ်၍ တံခါးကြားမှ ဆိုင်ရှင်၏ ဗိုက်ကို လှမ်း၍ ထောက်ထားလိုက်လေ၏။ ထိုသို့ ထောက်ထားပြီးလျှင် ...

“ဒီမှာ ဆိုင်ရှင်ကြီး ခင်ဗျားက တံခါး မဖွင့်

ရင် ကျုပ်က ခင်ဗျား ဗိုက်ကို ဖွင့်ရလိမ့်မယ်” ဟု ပြောလိုက်ရာ ဆိုင်ရှင်က သူ၏ အလုပ်သမားများအား တံခါးတစ်ချပ် ဖွင့်ပေး ရန် ခိုင်းလိုက်လေတော့၏။ ထိုအခါ ခရီးသည် လည်း အတွင်းသို့ ဝင်လာ၏။ အတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ဆိုင်ရှင်၏ လည်ပင်းအား လက်တစ်ဖက်ဖြင့် ဖမ်းကိုင်လိုက်ပြီးလျှင် ...

“ထောပတ်ထမင်း မြေပန်းကန် မောက် မောက်မှာထည့်၊ ကြက် တစ်ကောင်လုံးကြော် ထားတာ အဲဒီ ပန်းကန်ပေါ်မှာ တင်လိုက်။ မ ရမ်းသီးသနပ် နှစ်ပြားထည့်၊ ဟင်းချို မ သောက်ဘူး။ လက်ဖက်ခြောက် ကောင်းကောင်းနဲ့ ရေနွေးတစကရား အဲဒါ လိုချင်တယ်။ အဲဒါ မရရင် ဆိုင်ကို မီးနဲ့ရှို့ပြီး ထွက်သွားမယ်” ဟု ပြောလိုက်လေ၏။ ထိုအခါ ဆိုင်အလုပ်သမားလေးက ...

"ဟိုမှာ နှုတ်ခမ်းမွေး ကားကားနဲ့ ကြွေပစ်နေတာ သူကြီးပဲ" ဟု ဝင်၍ ပြောလေ၏။ ထိုခရီးသည်သည် သူကြီးကို လှမ်း၍ ကြည့်ပြီးလျှင်

"အေး ... ငါ ထမင်းစားဦးမယ်။ ပြီးရင် သူကြီးရဲ့ ကျောကုန်းကို လက်သီးနဲ့ သုံးချက်ထုချင်တယ်လို့ သွားပြောထား" ဟု ပြောလိုက်ပြီးနောက် ဆိုင်ရှင်ဘက်သို့ လှည့်ကာ ...

"အခု ကျုပ်ပြောတဲ့ အစားအသောက်တွေ ကွမ်းတစ်ယာ ညက်အတွင်းမှာ မရရင် ခင်ဗျားတစ်ကိုယ်လုံးကို ဓားနဲ့ မွှန်းမယ်" ဟု ဆက်၍ ပြောလိုက်လေ၏။ ထိုအခါ ထမင်းဆိုင်ရှင်ကလည်း ...

"ရပါစေ့မယ် ... ရပါစေ့မယ်" ဟု ထိတ်ထိတ်ပျာပျာဖြင့် ပြန်၍ ပြောလိုက်လျှင် ခရီးသည်လည်း စားပွဲဝိုင်း တစ်ခုအနားတွင်

သွား၍ ထိုင်လေတော့၏။ များမကြာမီ ထို ထမင်းစားပွဲပေါ်သို့ ထောပတ်ထမင်း၊ ကြက် ကောင်လုံးကြော်၊ မရမ်းသီးသနပ်၊ ရေနွေးကြမ်း စသည်တို့ ရောက်လာလေ တော့၏။ ဓာတ်ခိုးသည် ထမင်းစားရင်း ထမင်းဆိုင်မှ သူငယ်ကလေးအား ...

"ဟော့ကောင် အဲဒီ ထမင်းစားပွဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့လူကို နာမည် သွားမေးစမ်း" ဟု ပြောလိုက်ရာ ထမင်းဆိုင်မှ သူငယ်ကလေးက ထိုခရီးသည်အား ...

"ခင်ဗျားနာမည် ဘယ်လို ခေါ်ပါသလဲ" ဟု သွား၍ မေးလေ၏။ ထိုအခါ ခရီးသည်က ...

"မင်းက ဘာလုပ်မလို့လဲ၊ ငါ့နာမည် ငစ" ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဓာတ်ခိုး လည်း ထမင်းစားပွဲမှ ထ၍ နံရံတွင် ထောင်ထားသော ဝါးရင်းတုတ်ကို ယူ၍

ခရီးသည်၏ ခေါင်းအား 'ခွပ်' ခနဲ နေအောင် ရိုက်ချလိုက်လေ၏။ စေလည်း ရှေ့သို့ ငိုက်ကျ သွားပြီး မေ့မျောသွားလေတော့၏။ ပြီးလျှင် စောင်ဖြင့် လုံအောင် ပတ်လိုက်၏။ သူကြီး လည်း ကြွေပစ်နေရာမှ ထလာပြီးလျှင် ...

"ဘယ်လို ဖြစ်ကြတာလဲ" ဟု မေးလိုက် လေ၏။ ထိုအခါ ဓာတ်ခိုးက ...

"ကျွန်တော့် ညီပါ။ အရက်မူးပြီး ဒီဆိုင်ကို မီးနဲ့ ရှို့မယ် ပြောလို့ ရိုက်လိုက်ရတာပါ။ အိမ် ကျရင် အမေ့ကို ဆုံးမခိုင်းရဦးမယ်။ သူကြီး မင်း သွားခွင့်ပြုပါဦး" ဟုဆိုကာ စေအား ဆိုင် အပြင်သို့ ထုတ်သွားပြီးလျှင် မြင်းပေါ်သို့ ကန့် လန့်မှောက်လျက် တင်ကာ ထွက်သွားလေ တော့သတည်း။

*



ပဲခူးမြို့ ရွှေမော်ဓောဘုရား ရင်ပြင်တော်

# ငဓကို ရှာကြပြီ

ငခေါ် ဓာတ်ခိုးသည် ငစအား မြင်းနှင့် တင်ကာ ပဲခူးတွင် နေထိုင်သော ကြောက်တတ်သော ညီအစ်ကို ငါးဦးထံသို့ ခေါ်လာလေတော့၏။ ထို ညီအစ်ကို ငါးဦး၏ ခြံအတွင်းသို့ ဝင်လိုက်လျှင် ငါးဦးသည် ငဓအား ပြေး၍ ကြိုလိုက်၏။

"ဒါက ဘယ်သူလဲ" ဟု အစ်ကိုကြီးက မေးလျှင် ငဓက ...

"မိနက်ကြောကို ခိုးပြေးတဲ့ ငစဆိုတာလေ ဝါးရင်းတုတ်နဲ့ ရိုက်ပြီး ဖမ်းလာတာ။ ခေါင်းမှာ ဒဏ်ရာ နည်းနည်းရသွားတယ်။ ဆေးကု

ပေးလိုက်ဦး။ တစ်လမ်းလုံးလည်း ဘာမှ ကျွေး မလာဘူး။ ရေလေး ဘာလေးတိုက်ပြီး ထမင်း လေးဘာလေး ကျွေးလိုက်ဦး” ဟု ဆိုသဖြင့် ညီအစ်ကို ငါးဦးသည် ငစကိုပွေ့၍ ချကြ လေ၏။ ထို့နောက် ပို၍ စိတ်ချစိမ့်သောငှာ အုန်းပင်နှင့် ကပ်၍ ချည်ထားလိုက်ပြန်၏။

ငစ၏ ခေါင်းမှ ဒဏ်ရာကို ဆေးထည့်ပေး ကြလေ၏။ ပြီးလျှင် ငစအား ရေတိုက်ကြရ လေ၏။ ပြီးလျှင် အစ်ကိုကြီးက …

“မိနက်ကြော ဘယ်မလဲ” ဟု မေး၏။ ထိုအခါ ငစက …

“မိနက်ကြောကို ငါရောင်းစားလိုက်ပြီ။ ငါ နဲ့ တစ်လပေါင်းတယ်။ ပြီးမှ ရောင်းစားလိုက် တာ” ဟု ပြောလျှင် အစ်ကိုကြီးသည် လွန်စွာ စိတ်ဆိုးသွားပြီးလျှင် ငစ၏ ပါးကို ‘ဖြန်း’ ခနဲ ရိုက်ချ လိုက်လေတော့၏။ ထိုအခါ ငစက …

“ဟဲ့ကောင် မိန်းမလက်ကြီးနဲ့ ရိုက်ရသလား။ မင်းလက်က နုလှချည်လား။ ငါ့ပါးမှာ ခြင်နားနေလို့ ရိုက်ပေးသလောက်ပဲရှိတယ်။ ခွေးမျိုး” ဟု ပြန်၍ ဆဲလိုက်ရာ အစ်ကိုကြီးလုပ်သူသည် လွန်စွာစိတ်ဆိုးသွားပြီး ဒေါသလည်း ထွက်သွားသဖြင့် ရင်ဘတ်ကို လက်သီးနှင့် ထိုးရာ အထိုးခံရသော ငစက ရယ်လေ၏။

“မင်း လက်သီးကလည်း မိန်းမ လက်သီးလိုပဲ ဘာမှလည်း မနာပါလား။ လက်သီးလည်း မထိုးတတ်ဘူး။ လက်သီး ဆုပ်စမ်း ငါကြည့်မယ်” ဟု ငစက ပြောလိုက်ရာ အစ်ကိုကြီး လုပ်သူသည် ထပ်မံ၍ အရှက်ရပြန်လေ၏။

ထို့ကြောင့် ကျန်သော ညီအစ်ကို လေးယောက်အား ငစအား ဝိုင်းဝန်းထိုးကြိတ်ကြလေ၏။ ထို့နောက် ၎င်းတို့ လေးဦးသည် မော

ဟိုက်နေကြ၏။ ထို့ကြောင့် ငစက ...

"လက်စသတ်တော့ မိန်းမလေးယောက် ငါ့ကို ဝိုင်းပြီး ထိုးကြ ကြိတ်ကြ လုပ်နေကြတာကိုး" ဟု ပြောလိုက်လျှင် ငခသည် ထလာပြီးနောက် ခပ်ဆတ်ဆတ် ထိုးလိုက်လေ၏။ 'ခွပ်' ခနဲ မြည်သွားလေ၏။ ငစ၏ မျက်နှာသည် တစ်ဖက်သို့ လည်သွား၏။ ထို့ကြောင့် ငစက ...

"အေး အဲဒါကတော့ ယောကျ်ား အစစ် လက်သီးပဲကွ။ တော်တော်လေး နာတယ်။ အဲဒီတော့ လက်သီးနဲ့ ထိုးတဲ့ အကောင်ကို ငါ ပြောချင်တယ်။ အဲဒီကောင်တွေနဲ့ မပေါင်းနဲ့။ မိန်းမလျာ ဖြစ်သွားမယ်။ အခုတောင် မိန်းမလျာ ဖြစ်ချင်နေပြီ။ ကြိုးနဲ့ တုပ်ထားတဲ့ လူကို လက်သီးနဲ့ လာထိုးတာ မိန်းမလျာရဲ့ လုပ်ရပ်ကွ" ဟု ပြောလိုက်ရာ ငခသည် ငစ

အား ချည်ထားသော ကြိုးများအား ဖြည် ပေးလိုက်လေ၏။ ထုအခါ ငစက ...

"ကိုယ့်လူ ယောက်ျား ပြန်ဖြစ်သွားပြီ။ မိန်းမလျာတွေနဲ့ သိပ်မတွဲနဲ့။ ယောက်ျားဘဝ လေး ဆုံးရှုံးသွားလိမ့်မယ်" ဟု ပြောပြီးလျှင် ငစသည် လက်ပမ်းပေါက်ကို တဖြောင်းဖြောင်း ခတ်လေတော့၏။

ထိုသို့ လက်ပမ်းပေါက်ခတ်ခြင်းမှာ တစ်ယောက်နှင့် တစ်ယောက် ယောကျာ်းပီပီသသ ထိုးသတ်မည် ဖြစ်ကြောင်း ကြေညာလိုက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ငခသည် ပြန်၍ လက်ပမ်းပေါက် ခတ်ပြလိုက်လေ၏။ ထို့နောက် ၎င်းတို့ နှစ်ဦးသည် အကြိတ်အနယ် ထိုးသတ်ကြလေတော့သည်။

ငခက ဒူးပျံနှင့် တိုက်၏။ ငစက တံတောင်ဖြင့်ပိတ်၏။ ငစက ဖြောင့် လက်သီးထိုး၏။

ငဓက ခြေဖြင့် ခတ်ပစ်၏။ စေက ငဓ၏လည်ကို ချုပ်၏။ ငဓက စေ၏ အရိုက်ကိုနှံ၏။ နှစ်ယောက်သား တစ်ဦးကို တစ်ဦးထောင်း၏။ ကန်၏။ နှက်၏။ ရိုက်၏။ တိုက်၏။ နှစ်ယောက်စလုံး ချက်ကောင်းကို ပြိုင်တူ ထိမှန်ပြီးနောက် လဲကျမေ့မြော သွားကြလေတော့၏။

ထို့နောက် နှစ်ယောက်စလုံး သတိပြန်၍ရကြ၏။ စေသည် 'ငေါက်' ခနဲ ထ၍ ထိုင်ပြီးနောက် လက်ပမ်းပေါက်ခတ်၏။ ငဓကလည်း လဲကျနေရာမှ ထိုင်ပြီးလျှင် လက်ပမ်းပေါက်ပြန်၍ ခတ်ပြလိုက်၏။ ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ...

"ကျေနပ်ပြီလား" ဟု မေးလိုက်၏။

နှစ်ဦးစလုံးက ကျေနပ်ပြီဖြစ်ကြောင်း အပြန်အလှန် အဖြေပေးလိုက်၍ ထလိုက်ကြ

လေ၏။

ကြောက်တတ်သော ညီအစ်ကို ငါးယောက်မှာ ထိုင်ခုံတန်းတစ်ခုပေါ်တွင် စုဝေး၍ ကုပ်ကုပ်ကလေး ထိုင်နေကြလေ၏။

စေသည် ထိုညီအစ်ကို ငါးယောက်အား ...

"ဟေ့ ကြွက်ကလေး ငါးကောင်၊ မိနက်ကြောကို ငါခိုးသွားတာ မဟုတ်ဘူး၊ မင်းတို့က ငါခိုးတယ် ထင်ပြီး ငါ့နောက်ကို လိုက်နေတာ ငါသိတယ်။ တကယ် ခိုးသွားတာ ဝေကွ။ အဲဒီ ဝေဟာ အညာသားကွ။ ဒီကောင် လူဆိုး။ သိပ်ပြီးဆိုးတဲ့ကောင်ဆိုတာ ငါ ကြားဖူးတယ်" ဟု ပြောလိုက်လျှင် အစ်ကိုကြီး ဖြစ်သူက ...

"စောစောက အဲဒီအကြောင်း ပြောရောပေါ့ ကိုရင် စေရယ်၊ အလကား တစ်ယောက်နဲ့ တစ်ယောက် အထင်တွေ လွဲကုန်ကြပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ ညီအစ်ကို ငါးယောက်

ဟာ ခင်ဗျားတို့ ပြောသလို လူကြောက်တွေပါ။ ငဝနဲ့ မယှဉ်ဝံ့ပါဘူး၊ အဲဒီတော့ ငဝကို ဖမ်းပြီး မိနက်ကြောကို ကြံဆောင်ပေးကြပါ၊ ကျေးဇူး မမေ့ပါဘူး၊ ပစ္စည်းနဲ့ ကျေးဇူးဆပ်ဆိုလည်း ပစ္စည်းနဲ့ကျေးဇူးဆပ်ပါမယ်" ဟု ပြောရာ ငခက

"အဲဒါတွေ နောက်မှပြောကြ၊ အခုတော့ ငါ တို့ နှစ်ယောက် ထမင်းစားဖို့ ထမင်းလေး ဘာ လေးပြင်ကြဦး" ဟု ပြောရာ အစ်ကိုကြီး ဖြစ် သူက ...

"ရပါတယ်၊ ရပါတယ်" ဟု ပြောကာ ငစနဲ့ ငခအား ထမင်းပွဲ ပြင်ဆင်ကာ ကျွေးကြ လေ၏။

၎င်းတို့ နှစ်ဦးသည် ထမင်းကို မြိန်ရှက်စွာ စား၍ ကွမ်းသီးဖက်ဖြင့် လိပ်ထားသော ဆေးလိပ်များ ကိုယ်စီဖွာပြီးလျှင်

တစ်ရေးတမော အိပ်စက်ကြလေ၏။

အိပ်ရာမှ နိုးလာလျှင် ငစနှင့် ငခသည် မြင်း ကိုယ်စီဖြင့် စီးလျက် ထွက်ခွာသွားကြလေ တော့သတည်း။

*



သဃ်န်းကျွန်းရွာရှိ ရွှေနားပန်ဘုရား

ဘုမ္မာဝတီစာပေ

မော်ဘီမြို့ရှိ ထင်ရှားသောနေရာများ








## ဘဲသားဟင်း

ငစနှင့် ငခတို့သည် မြင်းကိုယ်စီနှင့် ထွက်ခဲ့ကြရာ မော်ဘီဆိုသော အရပ်သို့ ရောက်လေ၏။ ၎င်းတို့ နှစ်ဦးသည် ဘဲမွေးသော လူတစ်ယောက်၏ တဲတွင် အဖိုးအခပေး၍ တည်းခိုကြလေ၏။ ဘဲများကိုလည်း တစ်နေ့တစ်ကောင် ချက်၍ စားကြကုန်၏။ ဘဲမွေးသူသည် ငစနှင့် ငခအား ...

"ရောင်းရင်းတို့ နှစ်ယောက်ကို အဖိုးစားနားနဲ့ လက်ခံတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ရောင်းရင်းတို့ ချက်စားတဲ့ ဘဲဖိုးက ရောင်းရင်းတို့ပေးတဲ့ ငွေထက် များ

တယ်။ ရောင်းရင်းတို့ နှစ်ယောက်ကို ကြာကြာ ထားရင် ကျုပ်ဘဲတွေ ကုန်တော့မယ်” ဟု ပြောလေ၏။

ထိုဘဲတဲပိုင်ရှင်၏ အမည်မှာ ‘ဒေါက်တို’ ဟူ၍ ဖြစ်၏။ စေသည် ဘဲမွေးနှုတ်ရင်း ...

“ကိုရင် ဒေါက်တိုကို ပြောရဦးမယ်၊ လောကကြီးမှာ အဆွေ ခင်ပွန်းကောင်း ရှိခြင်း ဟာ ကောင်းမြတ်တယ်တဲ့၊ အခုလို အဆွေ ခင်ပွန်းကောင်းနှစ်ယောက် ရရှိခြင်းမှာ ဘဲ တွေကို မနှမြောပါနဲ့၊ ကိုရင် ဒေါက်တိုရဲ့ ဘဲမ တွေဟာ ဥတွေ ဥပေးနေတာပဲ၊ ဘဲတွေ တိုး လာမှာပါ။ ကျုပ်တို့နှစ်ယောက် ဘယ်မှ မသွား ဘဲ တစ်နှစ်လုံးစားမှ ဘဲအကောင် သုံးရာ ခြောက်ဆယ့်ငါးကောင်ပဲကုန်မှာပါ၊ ဘဲသုံးရာ ကျော်နဲ့ မိတ်ဆွေကောင်း နှစ်ယောက်ကို လဲ တော့မလို့လား” ဟု ပြောလိုက်ရာ ဒေါက်တို

က ...

"ကျုပ်က မိတ်ဆွေ မလိုချင်ဘူး၊ ဘဲပဲ လိုချင်တာ၊ မိတ်ဆွေ သုံးရာခြောက်ဆယ့်ငါး ယောက်နဲ့ ဘဲနှစ်ကောင် ဘယ်ဟာ ယူမလဲဆို ရင် ဘဲနှစ်ကောင်ပဲယူမှာ၊ ဘဲသားက သိပ်ပြီး ချိုတယ်၊ မိတ်ဆွေတွေက မချိုဘူး၊ ဘဲသားက ဗိုက်ဝတယ်၊ မိတ်ဆွေရှိလို့ ဗိုက်မဝဘူး၊ အဲဒီ တော့ ကိုရင်တို့ နှစ်ယောက် ဒီတစ်ခါ ဘဲသား ချက်စားပြီးရင် သွားကြပေတော့၊ ကိုယ့်ဘဲတွေ ကိုယ်မွေး စိတ်အေးချမ်းသာ နေတော့မယ်" ဟု ပြောလိုက်ရာ ငစက ငခ၏ မျက်နှာကို လှမ်း၍ ကြည့်ပြီးလျှင် ...

"တကယ်လို့ ငါတို့ မသွားဘူးဆိုရင် မင်း ဘယ်လို လုပ်မလဲ" ဟု ငစက မေးလိုက် လေ၏။ ထိုအခါ ဒေါက်တိုက ...

"အိမ်ရှင်နဲ့ ဧည့်သည်ပဲဗျာ၊ အိမ်ရှင်က ဧည့်

သည် အလိုလိုက်ရမှာပေါ့၊ ဘယ်လို အလိုလိုက်မလဲ ဆိုတာတော့ ဒီမှာကြည့်” ဟု ဆိုကာ ဒေါက်တိုသည် အနီးရှိ ကိုင်းခုတ်ဓား ကို ဆွဲ၍ ငစ၏ ဇက်ကို ပိုင်းချလိုက်လေ၏။ င စသည် မြေတွင် လိမ့်၍ ရှောင်လိုက်လေ၏။ ဒေါက်တိုသည် အတင်းလိုက်၍ ခုတ်၏။ င စသည် မြေပေါ်၌ လိမ့်၍ လိမ့်၍ ရှောင်နေ၏။ ထို့နောက် ဒေါက်တို ခုတ်ချလိုက်သော ဓား ချက်ကို ရှောင်တိမ်းခြင်း မပြုတော့ဘဲ ခြေဖြင့် လှမ်း၍ ထောက်လိုက်၏။ ထိုသို့ ထောက်လိုက် သောကြောင့် ဒေါက်တိုသည် အရှိန်လွန်သွား ပြီးလျှင် ဓားလွတ်သွား၏။ ထိုအခါ၌ ငစသည် ‘ဆတ်’ ခနဲ ခါးကော့ထားလိုက်ပြီးလျှင် ဒေါက် တို၏ မျက်နှာကို ခြေဖြင့်ကန်လိုက်ပြီးလျှင် ဒေါက်တိုလွတ်ကျသွားသော ဓားကို ကောက်ယူပြီးလျှင် အဝေးသို့ လွှင့်ပစ်လိုက် လေ၏။

ဒေါက်တိုသည် ငစအား အတင်းဝင်၍ လက်သီး၊ ဦးခေါင်း၊ ခြေထောက်၊ ဒူး တို့ဖြင့် တိုက်ခိုက်လေ၏။ ငစသည် ရှောင်ရှုံမျှ ရှောင်ပြီးနောက် ဒေါက်တိုအား ပြန်လည်၍ တိုက်ခိုက်ခြင်းမပြုဘဲ အမွေးနှုတ်လက်စဘဲကို ကောက်၍ကိုင်ကာ ဒေါက်တိုတိုက်ခိုက်သမျှကို ဘဲမွေးနှုတ်ရင်း ရှောင်လေ၏။ ဒေါက်တိုသည် လွန်စွာ ဒေါသထွက်လာပြီး တရမန်းကြမ်း တိုက်ခိုက်လေ၏။ ငခသည် ထိုအခါ မီးမွှေးလေတော့၏။ ငစမှာလည်း ဘဲမွေးနှုတ်ပြီးပြီ ဖြစ်သဖြင့် ငခအား ဘဲကို ပစ်၍ပေးလိုက်၏။ ငခလည်း စဉ်းတီတုံးပေါ်တွင် ဘဲကို ခုတ်လေ၏။ ငစသည် ပြေးရင်းလွှားရင်း ငရုတ်ဆုံနှင့် ငရုတ်ကျည်ပွေ့ကို ပြေး၍ ကောက်ကိုင်လိုက်၏။ ထို့နောက် ငစသည် ရေတွင် စိမ်ထားသော ငရုတ်သီးအချို့ကို ငရုတ်ဆုံတွင် ထည့်ကာ ပြေးရင်းလွှားရင်း

ရင်ဝယ်ပိုက်၍ ထောင်း၏။ ဒေါက်တိုသည် ဝါးရင်းတုတ်ကို ဆွဲ၍ ငစအား လိုက်၍ ရိုက်၏။ ငစသည် ပြေးရင်း လွှားရင်း ရှောင် ရင်း တိမ်းရင်း ငရုတ်သီးကို ဆက်၍ ထောင်း၏။ ငရုတ်သီး ညက်သလောက်ရှိလျှင် ငခသည် ကြက်သွန်ဥများကို ငစအား ပစ်၍ ပစ်၍ ပေး၏။ ညက်လျှင် ငစသည် ငခအား ငရုတ်ဆုံ လာ၍ ပေး၏။ ငခသည် ဘဲသားများ နှင့် ငရုတ်သီးများကိုနယ်ကာ ဟင်းအိုး စ၍တည်လေတော့၏။ ဒေါက်တိုသည် ငစကို ရိုက်၍ မထိလျှင် ဟင်းအိုးကို ရိုက်မည်ဟု ပြေး လာ၏။

ထို့ကြောင့် ငစသည် ဟင်းအိုးကို မထိရန် ကာကွယ်ရပြန်လေ၏။ ဒေါက်တိုသည် ငခကို လည်းကောင်း ငစကိုလည်းကောင်း ကြုံရာလူ ကို ဝါးရင်းတုတ်ဖြင့် နှက်လေ၏။ ငစနှင့် ငခ သည် ရှောင်ရင်း တိမ်းရင်း ဟင်းအိုးကို ကျက်

အောင် ချက်လေ၏။ ဒေါက်တိုသည် မနိုင်သည့်အဆုံး၌ သဲများကို ဆုတ်ကောက်၍ ဟင်းအိုးအတွင်းသို့ ပစ်မည် လုပ်ပြန်၏။ ထို့ကြောင့် ငစသည် ဟင်းအိုးကို ပြေး၍ ဖုံးလိုက်ပြန်လေ၏။

ဤသို့ဖြင့် သုံးယောက်သား ထွေးလုံးသတ်ပုတ်၍ ဘဲသားဟင်း ချက်နေကြစဉ်၌ တစ်စုံတစ်ယောက်သည် ရောက်ရှိလာလေတော့၏။ ဒေါက်တိုသည် ထိုတစ်စုံတစ်ယောက်ကို မြင်လျှင် လွန်စွာအားတက်၍ သွားလေ၏။ ထိုတစ်စုံတစ်ယောက်က ...

"ဘယ်လို ဖြစ်ကြတာတုံး" ဟု မေးလိုက်ရာ ငစက ...

"ဒီလို ဖြစ်နေကြတာပဲ" ဟု ပြန်ပြောလိုက်လျှင် ထိုသူက ...

"တစ်ဦးကို တစ်ဦး လေးလေးစားစား ဆက်ဆံကြပါ ရောင်းရင်းတို့ရယ်" ဟု သတိပေးလိုက်လေ၏။ ထိုအခါ ငစက ...

"ဒီအချိန်မှာ ဘဲသားဟင်းအိုးလောက် ဘယ်သူ့ကိုမှ မလေးစားနိုင်ဘူး ရောင်းရင်း ရေ" ဟု ပြန်၍ ပြောလိုက်လျှင် ထိုသူက မျက်နှာပျက်သွားလေ၏။ ထိုအခါ ဒေါက်တိုက ...

"ဒီမှာ ကိုရင် ငဝ၊ ဒီနှစ်ကောင်ကတော့ ကျုပ်ကို ကောင်းကောင်း ဒုက္ခပေးနေပြီ၊ ကိုရင် ငဝရဲ့ လက်စွမ်းလေး ဘာလေး ပြလိုက်စမ်းပါ" ဟု ပြောလျှင် ငစနှင့် ငခတို့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြလေ၏။ ထို့နောက် ငခက ထို ကိုရင် ငဝ ဆိုသူအား ...

"ဒီမှာ ငဝရဲ့ မိနက်ကြောဟာ ကိုရင့်ဆီမှာပဲ လား" ဟု မေးလိုက်ရာ ငဝက ...

"ဟုတ်တယ်၊ ပဲခူးက ကောင်မလေးပဲ၊ သူ့ရဲ့ ဘောနည်းတဲ့ ညီအစ်ကို ငါးယောက်ထဲက အစ်ကိုကြီး ဖြစ်သူနဲ့ စေ့စပ်ထားတဲ့ ကောင်မလေးပါ၊ အဲဒီကောင်မလေးက သူနဲ့ စေ့စပ်ထားတဲ့လူကို မလိုချင်ဘူး ကယ်ပါဆိုလို့ ကျုပ်က သွားပြီးခိုးခဲ့ရတာ၊ ကိုရင်တို့နဲ့ ဘယ်လို ပတ်သက်လို့တုံး" ဟု ငဝက မေး လေ၏။ ထိုအခါ ငခဲက ...

"ဒီလိုဆိုရင်တော့ ကိုရင် ငဝကို ကျုပ်တို့ ဖမ်းသွားရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ နှစ်ယောက်ဟာ အဲဒီကောင်မလေးကို ပြန်ရဖို့၊ ဒီကောင်မလေးကို ခိုးယူသွားတဲ့လူကို ဖမ်းဆီးဖို့ အဲဒီ ကောင်မလေးနဲ့ စေ့စပ်ထားတဲ့ လူက ငွေပေးပြီး ကျုပ်တို့ကို ခိုင်းလိုက်လို့ပဲ" ဟု ပြောလိုက်ရာ ငဝက ရယ်လေ၏။ ရယ်ပြီး နောက် ...

"ဩော် လက်စသတ်တော့ ခင်ဗျားတို့ နှစ်ယောက်ဟာ လူမိုက် ကြေးစားတွေပဲ" ဟု ပြန်၍ ပြောလိုက်လေ၏။ စေသည် ဘဲသား ဟင်းအိုးအား ယောက်မဖြင့် မွှေရင်း ...

"ဟုတ်တယ်၊ ငါတို့ နှစ်ယောက်ဟာ ကြေးစားပဲ၊ ကြေးတင် မဟုတ်ဘူး၊ သံတွေ့လည်း စားမှာပဲ၊ သွပ်တွေ့လည်း စားမှာပဲ၊ အကုန်စားမယ်ကွာ" ဟု ပြန်၍ ပြောလိုက်လျှင် ဝေသည် ခေအား တိုက်ခိုက်ရန် ရှေ့သို့ တိုးလာ၏။ စေလည်း ယောက်မအား ဟင်းအိုးမှ နှုတ်ပြီးလျှင် အနီးရှိ အင်တုံအတွင်း ထည့်လိုက်၏။ ထို့နောက် ...

"ဩော် မင်းက ငါ့ကို တစ်ပွဲတစ်လမ်း အကဲစမ်းချင်တာကိုး" ဟု ဆိုကာ လက်ပမ်းပေါက်ကို တဖြောင်းဖြောင်း ခတ်လိုက်လေတော့၏။ ထိုအခါ ဝေသည် စေ၏ မျက်နှာအား

ခြေဖြင့် လှမ်း၍ ခတ်လိုက်၏။ စေက ခြေကို ဖမ်း၍ လိမ်လိုက်၏။ ဝေသည် ကျွမ်းပစ်၍ ထွက်သွား၏။ သို့ရာတွင် ခေအနီးသို့ သွား၍ ကျသောကြောင့် ခေက ခြေဖြင့် မျက်နှာကို 'ဖြောင်း' ခနဲ ခတ်လိုက်သဖြင့် ဝေလည်း ပက်လက်လန် လဲကျ၍ မေ့မြောသွားလေတော့၏။ ထို့နောက်တွင်ကား ခေနှင့် စေ တို့သည် ဝေအား ကြိုးဖြင့် အထပ်ထပ် တုပ်၍ လှည်းပေါ်သို့ တင်လိုက်၏။ ထို့နောက် ၎င်း တို့သည် ဘဲသားအိုး နူးသည်အထိ စောင့်ပြီး နောက် ဘဲသားဟင်းဖြင့် ထမင်းစားကြ၏။ ထို့နောက် ဒေါက်တိုအား ...

"ကိုရင် ဒေါက်တို ကျုပ်တို့ကို ရန်မမူပါနဲ့ဗျာ၊ ကျုပ်တို့နဲ့အတူ ထမင်းလာပြီး စားပါ၊ ဘဲ ကလည်း ဆူလိုက်တာ မပြောပါနဲ့တော့၊ ကျုပ် တို့ ခုပဲ သွားမှာပါ၊ ခင်ဗျားဆီမှာ မတည်းတော့ ပါဘူး၊ လာပါဗျာ" ဟု ခေါ်လေ၏။ သို့ရာတွင်

ဒေါက်တိုမှာ မစားဝံ့ဘဲရှိ၏။ သို့သော် ငစနှင့် ငမသည် ဒေါက်တို၏ လက်ကို အတင်းဆွဲ၍ ထမင်းဝိုင်းသို့ တွန်းခေါ်လေ၏။ ထို့ကြောင့် ဒေါက်တိုလည်း ဝင်ရောက် စားသောက်ရလေ၏။ ထမင်းစားပြီးသောအခါ၌ ငစနှင့် ငမသည် လှည်းဖိုးနှင့် နွားဖိုးငွေကို အပြီးချေကာ ငဝအား သယ်ဆောင်သွားကြလေတော့သတည်း။

*



ပဲခူးမြို့အဝင် ကျိုက်ပွန်ဘုရားကြီး
(ယခုပဲခူးတက္ကသိုလ်အနီးတွင်တည်ရှိသည်)



ပဲခူးမြို့ ကျိုက်ပွန်ဘုရားအနီး ကျောက်ဖြာကျောင်းတိုက်



ပဥ္စမ သတ္တာဟ - အဇပါလစေတီတော်အနီးရှိ
သင်္ကန်းတန်းကျောက်စာ



ကောင်းကင်ပေါ် ပျံနိုင်သည်ဆိုသော ကျောက်ဖျာကြီး

# သုံးယောက်ပေါင်း လောင်းကျော်

ဤသို့နှင့် ငင်းတို့ တရွေ့ရွေ့လာခဲ့ကြရာ ကြောက်တတ်သော ညီအစ်ကို ငါးဦး၏ အိမ်သို့ တစ်ဖန် ရောက်ရှိခဲ့ကြပြန်လေ၏။

ညီအစ်ကို ငါးဦးအနက် အစ်ကိုကြီး ဖြစ်သူသည် ငခနှင့် ငစတို့အား ဆီးကြို၍ လှည်းပေါ်တွင် ကြိုးတုပ်လျက်သား ပါလာသော သူကို ကြည့်ပြီးလျှင် ...

"ဒါ ငဝလား" ဟု မေးလေ၏။ ထိုအခါ ငစက ...

"ဟုတ်တယ် ဟုတ်တယ် မိနက်ကြောကို ခိုးသွားတဲ့ ငဝဆိုတာပဲ၊ နည်းနည်းပါးပါး ရိုက်

လိုက်ဦး၊ ပြီးရင် ရေလေး ဘာလေးတိုက်လိုက်၊ ထမင်းလည်း ကျွေးလိုက်” ဟု ပြောလျှင် ညီအစ်ကို ငါးယောက်သည် ငဝကို ပွေ့၍ ချကြလေ၏။ ထို့နောက် အုန်းပင်၌ ကပ်၍ ချည်ထားလိုက်လေ၏။ ထို့နောက် အစ်ကိုကြီး ဖြစ်သူသည် ငဝ၏ ပါးကို ‘ဖြန်း’ ခနဲ ရိုက်လိုက်လေ၏။ ငဝသည် ၎င်းအား လှမ်း၍ ကြည့်ပြီးလျှင် ...

“မိန်းမလက်ကြီးနဲ့ ရိုက်တာကိုး” ဟု ပြောလေ၏။ ထို့ကြောင့် အစ်ကိုကြီးဖြစ်သူသည် ငဝအား ထိုးကြိတ် ကန်ကြောက်လေ၏။ ထို့နောက် ၎င်းသည် မောမ၍ နေလေတော့၏။ ၎င်း၏ ညီများကလည်း ဝိုင်းဝန်းထိုးကြိတ်ကန်ကြောက်ကာ နားနေကြလေ၏။ ထိုအခါ ငဝက

“မင်းတို့ ငါးယောက်စလုံးဟာ ယောက်ျားနဲ့

မတူဘူး၊ မိန်းမတွေလိုပဲ မင်းတို့ ငါ့ကို ဝိုင်းပြီး ထိုးကြိတ်ကြတာ အညောင်းပြေသလောက်ပဲ ရှိတယ်” ဟု ပြောလိုက်လေ၏။ ထိုအခါ ငစက …

“ကဲ … ညီအစ်ကို ငါးယောက် ငဝကို ရေတိုက်ပါ၊ ထမင်းတွေ ဘာတွေ ကျွေးပါ၊ ကြိုးမဖြုတ်ချင်ရင် ခွံ့ပြီးကျွေးပါ၊ ကောင်းကောင်းမွန်မွန် ကျွေးပေတော့” ဟု ပြောလိုက်လျှင် ကြောက်တတ်သော ညီအစ်ကို ငါးဦးသည် ငဝအား ရေတိုက်သူတိုက်၊ ထမင်း ကျွေးသူ ကျွေး ပြုလုပ်ကြလေ၏။ ထို့နောက် င ခနှင့် ငစကိုလည်း ထမင်းပြင်၍ ကျွေးကြရ ကုန်၏။ ထမင်း စားပြီးသော အခါ၌ ငစနှင့် င ခသည် တရေးတမော အိပ်ကြလေ၏။ ကြောက်တတ်သော ညီအစ်ကို ငါးဦးနှင့် ငဝ လည်း တရေးတမော အိပ်ကြ၏။

အိပ်ရာမှ နိုးလျှင် ဝေက ...

“မိနက်ကြောနဲ့ ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး၊ တကယ် ခိုးသွားတာက ဇေဗ ဆိုတဲ့ကောင်၊ ဇေဗဟာ အခုဆိုရင် သန်လျင်ဘက်ကို ရောက်နေပြီ၊ တကယ်လို့ ကျုပ်ကို ငွေ အလုံအလောက် ပေးမယ်ဆိုရင်တော့ ကျုပ် ရှာပေးနိုင်တယ်၊ ဒီ ဇေဗဟာ နောက်လိုက်နောက်ပါနဲ့နေတာဆိုတော့ ကျုပ် အတွက်အဖော်လိုတယ်၊ အဖော်ကတော့ အခြားမခေါ်ဘူး ကိုရင် စေနဲ့ ကိုရင် ခေကိုပဲ အဖော်အဖြစ်ခေါ်သွားမယ်” ဟု ပြောလိုက်လျှင် အစ်ကိုကြီးဖြစ်သူက ...

“ကောင်းပါတယ် ကောင်းပါတယ် ... ကိုရင်တို့ သုံးယောက် ရှာပေးကြပါ၊ ကျုပ်က လည်း ကိုရင်တို့ သုံးယောက်ကို ထိုက်ထိုက်တန်တန်ပေးပါ့မယ်” ဟု ပြောပြီး

လျှင် ရွှေငွေ စသည်များ ပေးလေ၏။

ငှင်းတို့ သုံးဦးသည် နားနားနေနေ နေကြပြီးနောက် ညနေစာ စားကြလေ၏။ ညဉ့်နက်၍ လထွက်သောအခါ၌ ငစ၊ ငခ၊ ငဝ ဆိုသော လူဆိုးကြီး သုံးဦးတို့သည် ဒေါက်အလျားကောင်းသော မြင်းကြီး သုံးကောင်ကို စီးနင်း၍ ဆိုးသွမ်းလှသော ငဗဆိုသူအား ဖမ်းဆီးရန်အတွက် ထွက်သွားကြလေ၏။ ထိုသို့ ထွက်သွားရာတွင် ငခသည် 'ရွှေလမှာ ယုန်ဝပ်လို့' ဟူသော သီချင်းကို အသံသြကြီးဖြင့် သီဆိုသွားသေးတော့သတည်း။

လူဆိုးကြီး သုံးဦးသည် သနပ်ပင်မှ တစ်ဆင့် ဦးတည်၍ သွားကြလေ၏။ တရွေ့ရွေ့နှင့် သွားလာခဲ့ရာ သန်လျင်သို့ ရောက်ခဲ့ကြလေ၏။ သန်လျင်သို့ ရောက်လျှင် ငဗ၏ သတင်းကို စုံစမ်းကြလေ၏။ သုံးရက်ခန့်

အချိန်ယူ၍ စုံစမ်းကြလေ၏။ သုံးရက်ခန့် အချိန်ယူ၍ စုံစမ်းခဲ့ကြရာ မြရာပင်များ လွန်စွာထူထပ်သည့် တောတန်းကြီး၏ နောက် ရွာတစ်ရွာတွင် စတည်းချနေကြောင်း သိရ လေတော့၏။ ထို့ကြောင့် ၎င်းတို့ သုံးဦးသည် ထိုရွာသို့ မြင်းများဖြင့် သွားကြကုန်၏။ ရွာသို့ ရောက်လျှင် သူကြီးအိမ်သို့ တန်း၍ သွား၏။ သူကြီးအိမ်သို့ ရောက်လျှင် ၎င်းတို့သုံးဦးသည် မြင်းများကို ချည်တိုင်၌ ချည်၍ သူကြီးနှင့် တွေ့ဆုံလေ၏။ သူကြီးသည် လွန်စွာကြီးများ သော ကွမ်းအစ်ကြီးကို ပေါင်ပေါ်တင်ကာ ကွမ်းသီးများကို တဂျောက်ဂျောက် ညှပ်၏။ ပြီးလျှင် ညှပ်ပြီးသား ကွမ်းသီးများကို ပါးစပ် တွင်းသို့ ပက်သွင်း၏။ သူကြီးသည် ဆံပင် လွန်စွာထူ၏။ သူကြီးသည် ဆံပင် လွန်စွာ ကောင်း၏။ နှုတ်ခမ်းမွေးလည်း လွန်စွာထူ၏။

သူကြီးသည် ၎င်းတို့ သုံးဦးအား ...

“ထိုင်ကြပါ၊ ထိုင်ကြပါ၊ ဟောဟိုမှာ အဖန်ရည် ပူပူလေး ရှိတယ်၊ အဲဒါလေး သုံးဆောင်ကြပါဦး၊ ပြီးတော့မှ လာရင်းကိစ္စကို ပြောကြတာပေါ့” ဟု ပြောလေ၏။ ထို့ကြောင့် စေသည် မြေရေနွေးကရား အတွင်းမှ ရေနွေးကြမ်းများကို ပန်းကန်လုံးတွင်းသို့ ငှဲ့ထည့်လေ၏။ ပြီးလျှင် သုံးယောက်သား အဖန်ရည်ခေါ် ရေနွေးကြမ်းကို သောက်ကြလေ၏။ ရေနွေးကြမ်း သုံးလေးခွက်စီ သောက်ပြီးနောက် စေကပင် သူကြီးအား စကားဆိုလေ၏။

“ဒီလိုပါ သူကြီးမင်း၊ ကျုပ်တို့ သုံးဦးဟာ လူတစ်ယောက်ကို ဖမ်းချင်လို့ ဒီရွာကို လာခဲ့တာပါ၊ အဲဒီလူဟာ မိနက်ကြောဆိုတဲ့ မိန်းကလေးကို အလိုမတူဘဲ ခိုးယူသွားလို့ အဲဒီ မိန်းကလေးနဲ့ စေ့စပ်ထားတဲ့ သတို့သားလောင်းက အခကြေးငွေပေးပြီး ဖမ်းခိုင်းလို့ပါ၊

သူကြီးမင်းရဲ့ နယ်ထဲမှာဝင်ပြီး ဖမ်းရမှာဆို တော့ သူကြီးမင်းကို လေးစားသမှုနဲ့ ဝင်ပြီး ပြောတာပါ” ဟု ပြောလိုက်လေ၏။ ထိုအခါ သူကြီးမင်းသည် သူ၏ နှုတ်ခမ်းမွေးကို လက်ဖြင့် သရင်း ...

“ရောင်းရင်းတို့ ပြောတဲ့ မိနက်ကြောကို ခိုးသွားတဲ့ လူဆိုး နာမည်က ဘယ်သူတဲ့တုံး” ဟု မေးလိုက်ရာ ငစကပင် ...

“လူဆိုး ငဗ လို့ ခေါ်ပါတယ်၊ တောပုန်းခားပြ တစ်ဦးလို့လည်း သိရပါတယ်၊ နောက်လိုက် နောက်ပါတွေနဲ့ ဆိုးချင်တိုင်း ဆိုးနေတဲ့ လူဆိုးကြီးလို့လည်း သိရပါတယ်” ဟု ပြောလိုက်ရာ သူကြီးက ...

“ရောင်းရင်းတို့ ပြောလို့သာ ကြားရပါတယ်၊ ဒီနယ်တစ်ဝိုက်မှာ ဒီလောက်ဆိုး၊ ဒီလောက်မိုက်တာ မကြားဖူးပါဘူး၊ ဘာပဲ

ဖြစ်ဖြစ်လေ၊ တောပုန်းဆိုတော့ နေရာ အတည်တကျတော့ မရှိဘူးပေါ့၊ တခြားနေရာမှာ ဆိုးသွမ်းပြီး ဒီဘက်ကို ပြောင်းလာတာလည်း ဖြစ်နိုင်တာပေါ့၊ အဲဒါတော့ လူဆိုးကို ဖမ်းမှာ ဆိုတော့ ကျုပ်ပါ လိုက်မှ သင့်တော်မှာပေါ့၊ အဲဒီတော့ ဒီလို လုပ်ပါလေ၊ ကျုပ်အိမ်မှာ တည်းခိုနားနေပြီး ရောင်းရင်းတို့ ဖမ်းချင်တဲ့ လူဆိုးကြီး ငဗသတင်းကို စုံစမ်းကြသေးတာပေါ့၊ စိတ်တော့ မရှိပါနဲ့ လူဆိုးကြီး ငဗနဲ့တွေ့ရင် ရင်ဆိုင် တိုက်ဝံ့တယ်နော်" ဟု ပြောလိုက်ရာ ငစက ...

"ဒီမှာ သူကြီးမင်း ငဗနဲ့ မကလို့ ငဗ အဖေငကွနဲ့တွေ့ရတွေ့ရ တိုက်ဝံ့ပါတယ်ဗျာ၊ ဒါပေမဲ့ သူကြီးမင်းပြောတဲ့ အကြံတွေလည်း ကောင်းပါတယ်၊ ဒီမှာ ခေတ္တနားပြီး ငဗတို့ လူပ်ရှားတဲ့ သတင်းကို စုံစမ်းရတာပေါ့" ဟု ပြောလိုက်လျှင် သူကြီးမင်းက ...

"ကဲ ကဲ ရောက်မှတော့ ကိုယ့်အိမ်လို သဘောထားပြီ နေကြပါ" ဟု ပြောပြီးလျှင် ၎င်းအိမ်၌ ခိုင်းစေရန် ခေါ်ထားသော ငွတို ဆို သည့် သူငယ်အား သူကြီးမင်းက ခေါ်ယူပြီး လျှင် ...

"ငွတိုရေ ဟောဒီ ဧည့်သည် သုံးယောက် ရေချိုးဖို့ ရေလဲအဝတ်တွေနဲ့ ကန်ကို လိုက်ပို့ ချည်၊ ပြီးတော့ ဟောဟို နောက်ဘက်က ရက်ကန်းစင်မှာ မင်းအစ်မ ရက်ကန်းခတ်နေ တယ်၊ သူ့ကိုလည်း ဧည့်သည်သုံးယောက် ထမင်းကျွေးရမယ်လို့ သွားပြောလိုက်၊ ပြီး တော့ မြင်းသုံးကောင်ကိုလည်း အစာ ကျွေး ထား၊ ချွေးတွေ ဘာတွေလည်းသုတ်ပြီး ရေ တွေ ဘာတွေတိုက်ထား၊ ပြီးတော့ တို့ရွာစွန်က မြင်းပွဲစား ငတိန်ကိုလည်း သွားခေါ်ချေ" ဟု ပြောလိုက်လေ၏။ ငွတိုသည် သူကြီးခိုင်းသည် များကို လုပ်လေ၏။ ငစတို့ သုံးယောက်အား

ရေကန်သို့ ခေါ်သွား၍ ရေချိုးစေ၏။ ငစတို့ သုံးဦးသည် ပျော်ရွှင်စွာ ရေကူးနေကြလေ၏။ ပြီးလျှင် ရွာအပြင် တောစပ်သို့ လှည့်လည် ကြည့်ရှုကြလေ၏။ မှောင်စပျိုးမှပင် သူကြီးအိမ်သို့ ပြန်ခဲ့ကြလေသည်။ သူကြီးအိမ်သို့ရောက်လျှင် လွန်စွာကြီးမားသော ထမင်းစားပွဲကြီးတွင် ထမင်းဟင်းများ ပြင်ဆင်ထားပြီး ဖြစ်၏။ ငစတို့ သုံးယောက်သည် ထမင်းကို စားကြကုန်၏။ သုံးယောက်စလုံး လွန်စွာ မြိန်ရှက်သည် ဆို၏။ ကြက်သားဟင်းမှာလည်း အရည်သောက်၍ ရအောင် ချက်ထားသောကြောင့် တရှူးရှူး၊ တရှားရှား သောက်ကြလေ၏။ ငစသည် ထမင်း စားရင်း သူကြီးမင်းအား ...

"သူကြီးမင်းရဲ့ အိမ်ကလည်း မိန်းမဆိုလို့ တစ်ယောက်မှ မတွေ့ဘူး၊ ယောကျ်ားတွေချည်းပါပဲလား၊ ဒီမှာ ထမင်း ဟင်းတွေ လိုက်ပေးနေတာလည်း ယောကျ်ား၊ ဟို နောက်ဖေး

မှာ ထမင်းချက်နေတာလည်း ယောက်ျား၊ မီးခွက် ထွန်းနေတာလည်း ယောက်ျား၊ သူကြီးမင်းမှာ မိန်းမ မရှိဘူးလား” ဟု မေးလိုက်ရာ သူကြီးမင်းက ...

“ရှိပါတယ် ရောင်းရင်းရယ်၊ ကျုပ် မိန်းမက ရက်ကန်းခတ်ရတယ်၊ အလှူရှိလို့ အလှူအဓိ ဝတ်ဖို့ ရက်ကန်းခတ်နေရတယ်။ ဒီမှာ ဝိုင်းပြီး လုပ်နေတာတွေကလည်း ဆယ်အိမ်ခေါင်းတွေပါ၊ တခြားလူတွေ မဟုတ်ပါဘူး” ဟု ပြန်၍ ဖြေလေ၏။ ငစတို့ လူစုသည် ထမင်း စားပြီး နောက် မျက်တောင်များ စင်းလာကြလေ၏။ အိပ်ချင်သည်ဟု ဆိုသဖြင့် ကပြင်တွင် သူကြီးမင်းသည် အိပ်ရာ ပြင်ခိုင်းလိုက်လေ၏။ များမကြာမီ၌ပင် သုံးယောက်စလုံး အိပ်မောကျသွားလေတော့၏။ နှိုး၍ပင် မရတော့ပေ။ ထိုအခါ၌ သူကြီးမင်းက သူ၏ ဆယ်အိမ်ခေါင်းများအား ...

"ကိုင်း ဆယ်အိမ်ခေါင်းတွေ အဲဒီသုံးယောက်ကို ထိပ်တုံးခတ်လိုက်" ဟု ပြောသဖြင့် ဆယ်အိမ်ခေါင်းများလည်း ထိပ်တုံးခတ်လိုက်ကြလေ၏။ ထို့နောက် ငစတို့ လူစုအား ကပြင်ပေါ်မှ မ၍ချပြီးလျှင် သစ်ပင် တစ်ပင်စီ၌ ခွဲ၍ ထိပ်တုံးခတ်လိုက်ကြလေတော့၏။ သူကြီးမင်းသည် မြင်းပွဲစား ငတင် ရောက်လာသောအခါ၌ ငစတို့၏ မြင်းများကို ဈေးဖြတ်ခိုင်း၍ ရောင်းလိုက်လေတော့၏။ ငွတိုသည် ဆယ်အိမ်ခေါင်း တစ်ဦး၏ အနားသို့ ကပ်ကာ ...

"ဒီတစ်ခါ ညှော့သည်တွေ အိပ်တာမြန်လှချေလား" ဟု မေးရာ ထို ဆယ်အိမ်ခေါင်းက ...

"မြန်တာပေါ့ကွာ၊ ကြက်သားဟင်းထဲကို ငါက ဘင်းတွေထည့်တာ နည်းနည်း

လက်လွှန်သွားတာကိုး”

(ဘင်းဆိုသည်မှာ ယခုခေတ် အခေါ် ဆေးခြောက်ပင် ဖြစ်၏) ဟု ပြောလိုက်လေ၏။ မနက် မိုးလင်းသောအခါ၌ ငစတို့ လူစုသည် အိပ်ရာမှ နိုးလာကြကုန်၏။ ထိုအချိန်၌ သူကြီး မင်းသည် ဘုရားကို အသံကျယ်လောင်စွာ ရှိခိုး နေပြီ ဖြစ်၏။ ထို့နောက် သတ္တဝါများကို ရှည်လျားစွာ မေတ္တာ ပို့နေ၏။ ပြီးနောက် ငစ တို့ လူစုအား ...

“ညက အိပ်လို့ ကောင်းကြရဲ့လား ရောင်းရင်းတို့” ဟု မေးလိုက်လေ၏။ ထိုအခါ ငစက ...

“ဒီမှာ သူကြီးမင်း ကျုပ်တို့ မြင်းတွေရော ဗျ” ဟု ပြန်၍ မေးလိုက်ရာ သူကြီးမင်းက ...

“ညကပဲ တစ်ကောင် သုံးဆယ်နဲ့ ရောင်း လိုက်ပြီ၊ အားလုံး ကိုးဆယ် ရတယ်ပေါ့ဗျာ၊

အခု လပြည့်ကျော် တစ်ရက်နေ့မှာ စုပေါင်းပြီး လုပ်တဲ့ ရဟန်းခံ ရှင်ပြုရှိတယ်၊ အဲဒီ အထဲကို အလှူငွေအဖြစ် ထည့်လိုက်မယ်၊ သာဓုသာ ခေါ်ကြပေတော့” ဟု ပြောလိုက်လေ၏။ င စသည် သူကြီးကို ကြည့်ပြီး ပြုံးလိုက်၏။ ထို့နောက်မှ ...

“ကျုပ်တို့ ခါးက ဓားတွေရောဗျာ” ဟု မေး ပြန်ရာ ...

“ဩော် အဲဒါလား၊ ကိုင်းခုတ်သမားတွေ သုံးဖို့ဆိုပြီး ဓားတစ်လက်ကို သုံးကျပ်နဲ့ ရောင်းလိုက်တယ်၊ အဲဒီ ငွေကိုးကျပ်ကိုလည်း သန်ဘက်ခါ အဖိတ်နေ့မှာ လာမယ့် သီလရှင် တွေကို လှူလိုက်ပါ့မယ်၊ သာဓုသာ ခေါ်ပေ တော့” ဟု သူကြီးက ပြန်၍ ပြောလိုက်ရာ ငစက ပြုံးလိုက်လေ၏။ ထို့နောက် ...

“ကျုပ် ကြားဖူးတာက သူကြီးဘုရား

ရှာသားကောင်းမှုလို့ပဲ ကြားဖူးပါတယ်၊ ခု တော့ သူကြီး အလှူ၊ ငစလူစု ကောင်းမှုဖြစ်နေ ပါလား” ဟု ပြောလိုက်လျှင် သူကြီးက ...

“ဒီမှာ ရောင်းရင်းရယ်၊ အလှူဆိုတာ စေတနာ သုံးတန် ပြဋ္ဌာန်းရတယ်၊ အခု လှူပြီး ပြီ ဆိုတော့ ပရစေတနာပေ့ါ၊ အဲဒါလည်း စိတ်ထားတတ်မှ ကုသိုလ် ရတာနော်၊ ကဲ ကဲ ဒါတွေ ထားပါတော့၊ မျက်နှာ သစ်ရအောင်” ဟု ပြောပြီးလျှင် သူကြီးမင်းသည် အိမ် နောက်ဖေးသို့ လှည့်၍

“ဧည့်သည်တွေ မျက်နှာသစ်ရအောင် ရေ တွေ၊ မျက်နှာသုတ်ပဝါတွေ ယူခဲ့ပါဟေ့” ဟု ဆိုလိုက်လျှင် ရေခွက်များ၊ မျက်နှာသုတ်ပဝါ များကို ကိုင်၍ အသက် ၂၀ ကျော်ခန့်ရှိ ဖြူဖွေး လှပသည့် မိန်းမပျိုတစ်ဦး ငစတို့ထံသို့ ရောက်လာလေ၏။ ငစသည် ထိုမိန်းမပျိုထံမှ

ရေခွက်ကို ယူ၍ မျက်နှာသစ်၏။ အာလုပ်ကျင်း၏။ ထို့နောက် မျက်နှာသုတ်ပဝါကို ယူရင်း ...

"ဒီ သူကြီးအိမ်မှာ ကျက်သရေ အရှိဆုံးကတော့ မင်းပဲ ဖြစ်မယ် မိန်းကလေး" ဟု ငစက ပြောလိုက်လေ၏။

ထိုအခါ အနီးတွင် ရှိသော ဆယ်အိမ်ခေါင်းက ငစအား ...

"ဟော့ကောင် ယီးတီးယားတား လုပ်မယ် မကြံနဲ့၊ ဒါဟာ သာမန် မိန်းကလေး မဟုတ်ဘူး၊ သူကြီးကတော်ကွ" ဟု သတိပေးလိုက်လျှင် ငစက ရယ်လေ၏။

"သူကြီးမင်းကလည်း ဒီရွာမှာ အချောဆုံးကို ရှာပြီး ယူထားတာကိုး" ဟု ငစက ပြောလိုက်လျှင် သူကြီးမင်းက ...

"အဲဒါတော့ ရောင်းရင်း မှားသွားပြီ၊ သူက

ဒီရွာက မဟုတ်ဘူး၊ ပဲခူးဘက်က၊ သူ့နာမည်က မိနက်ကြောတဲ့၊ ရောင်းရင်းတို့ ရှာနေတာ သူ့ကိုပါပဲ" ဟု ပြောလိုက်လေ၏။ ထိုအခါ ငစက ...

"မိနက်ကြောသာ ဆိုတယ်၊ ဖြူလှချည်လား" ဟု ပြန်ပြောလိုက်လေ၏။

"ဒီနာမည်က သူ့အဖေ ကိုယ်တိုင် မှည့်သွားတာပါ။ သူ့အဖေက သူ့သမီးကို အသားဖြူလွန်းလို့ ကျီစယ်တဲ့အနေနဲ့ မိနက်ကြောလို့ စပြီး ခေါ်ရာက တွင်သွားတာပါ၊ ရောင်းရင်းတို့ လိုက်ပြီးရှာနေတဲ့ လူဆိုးကြီး ငဗဆိုတာလည်း တခြားလူ မဟုတ်ပါဘူး၊ ကျုပ်ပါပဲ၊ ဒီနယ်တစ်ဝိုက်မှာ သူကြီးဗဆိုရင် လူတိုင်းသိပါတယ်" ဟု ပြောလိုက်လျှင် ငစတို့ သုံးဦးသည် တစ်ဦးမျက်နှာကို တစ်ဦးလှမ်း၍ ကြည့်ကြကုန်၏။ ထို့နောက် ငစက

"ကဲ ဆိုစမ်းပါဦး ကိုရင် ဇေရယ်၊ ယောင်လို့ သူကြီးမင်းရယ်၊ ကျုပ်တို့ သုံးယောက်ကို ရှေ့လျှောက် ဘယ်လိုလုပ်ဦးမှာလဲ၊ တစ်ခါတည်းပဲ ဇီဝိန်ဖြုတ်ပစ်မှာလား" ဟု မေးလိုက်လျှင် သူကြီးဇကာ ...

"အို မဟုတ်တာဘဲ၊ ကိုယ့် ဇမာ လူမျိုး အချင်းချင်း ဘာဖြစ်လို့ ဇီဝိန် ဖြုတ်ရမှာလဲ၊ တစ်ခုတော့ ရှိတယ်၊ ရောင်းရင်းတို့ သုံးယောက်ဟာ လူညံ့တွေတော့ မဟုတ်ပေဘူး၊ သတ္တိရှိတဲ့ လူတွေပဲ၊ သတ္တိဆိုတာ ကိုယ်ကာယနဲ့ ပတ်သက်တဲ့ စွမ်းရည်ပဲ၊ ရောင်းရင်းတို့မှာ အဲဒီစွမ်းရည် ပြည့်စုံပါတယ်၊ ဒါပေမဲ့ ရောင်းရင်းတို့မှာ ဗျတ္တိမရှိဘူး၊ ဗျတ္တိ ဆိုတာက စိတ်နှလုံးနဲ့ ပတ်သက်တဲ့ စွမ်းရည်၊ ရောင်းရင်းတို့ဟာ အကြောင်းမဲ့ ဆိုးသွမ်းနေတယ်၊ ဗျတ္တိ မရှိတော့ သတ္တိဟာ အလွဲသုံးစားဖြစ်နေတယ်၊ နောက်ဆုံးတော့ ရောင်းရင်းတို့

ဟာ လူဆိုး လူမိုက်ကြီး ဘဝနဲ့ ဇာတ်သိမ်းရမယ် ဖြစ်တယ်၊ ကိုရင်တို့ကို ဗျတ္တိ မွေးပေးရမယ်၊ အကြောင်းမဲ့ ဆိုးသွမ်းခြင်းတွေကို အပြီးအပိုင် မောင်းထုတ်ပေးရမယ်၊ အဲဒီလို လုပ်လိုက်ရင်တော့ ရောင်းရင်းတို့ဟာ အသုံးဝင်မယ့် ကျောက်မျက်ရတနာတွေပါပဲ။ သိပ် အသုံးဝင်သွားမှာပါ၊ ပြီးတော့ ရောင်းရင်းတို့ သုံးယောက် ဘယ်လောက် မိုက်တယ်၊ ဘယ်လောက် စွမ်းတယ်ဆိုတာ ကျုပ် ကြားဖူးပြီးသားပါ၊ တစ်ယောက်က သဃ်န်းကျွန်းသား၊ တစ်ယောက်က ဒိုက်ဦးသား၊ တစ်ယောက်က မှော်ဘီသား၊ နယ်မရွေး၊ အချိန်အခါ မရွေး စွန့်စားဝံ့တဲ့လူတွေဆိုတာ ကျုပ်သိပါတယ်၊ ကိုရင် ငဓဟာ မြို့ဝန်မင်း အလိုရှိတဲ့ တရားခံပြေး တစ်ယောက်ပါပဲ၊ ကိုရင်ငဓကို ဖမ်းဖို့ မြို့ဝန်မင်းဟာ ကျုပ်ကို ခေါ်ပြီး အထူးအမိန့်တော် မှတ်ခဲ့တာပါ။

အဲဒီတော့ ပဲခူးက ကျုပ်ရဲ့ သွေးသောက် ငါးယောက်နဲ့ တိုင်ပင်ပြီး မိနက်ကြော ပျောက်ချင် ယောင်ဆောင်ရပါတယ်၊ မိနက်ကြောဟာ ပဲခူးက ညီအစ်ကို ငါးယောက်အနက် အကြီးဆုံး အစ်ကိုနဲ့ စေ့စပ်ထားတယ်ဆိုတာ ကျုပ်တို့ လုပ်ထားတဲ့ သတင်းပါ၊ မိနက်ကြောနဲ့ ကျုပ်နဲ့က နှစ်ဖက်မိဘများ သဘောတူလို့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ထားတာပါဗျာ၊ မယုံရင်လည်း မေးကြည့်နိုင်ပါတယ်၊ ပြီးတော့ မိနက်ကြောဟာ စောစောက ကျုပ်ပြောသလို ပဲခူးသူ မဟုတ်ဘူးဗျို့၊ သန်လျင်သူ။ အတိအကျ ပြောရရင် မှော်ဝန်းသူဗျ၊ သူ့အဖေကလည်း ဆယ်ရွာ ရွာအုပ်သူကြီးပဲ၊ ကျုပ်က သူကြီးမျိုးရိုးက မဟုတ်ပါဘူး၊ ဒီနယ်တစ်ဝိုက်မှာ အဆိုးအသွမ်းများလို့ မြို့ဝန်မင်း ဦးအုပ်က အထူးခန့်ထား ပေးတော်မူတာပါ။

အချိန်တန်ရင် ဒီနေရာမှာ တခြား သူကြီး

တစ်ယောက်ကို ခန့်ပြီး ကျုပ်က ပြန်ရမှာပါ” ဟု ပြောပြီးလျှင် သူကြီးဖသည် မြေကရားကို ငုံ့၍ ရေနွေးကြမ်း တစ်ခွက်သောက်လိုက်လေ၏။ ထိုအခါ စေက ...

“နေပါဦး သူကြီးဖရဲ့ အချိန်တန်ရင် ပြန်ရမယ်ဆိုတာ ဘယ်ကို ပြန်ရမှာလဲ” ဟု မေးလိုက်ရာ သူကြီးဖသည် ရေနွေးခွက်ကို ချရင်း ...

“ကျုပ်က တပ်ကပါ၊ အရေးပေါ်လို့ တပ်ကို ပြန်ခေါ်ရင် ပြန်ရမှာပေ့ါဗျာ၊ ဒီမှာ သူကြီး လုပ်နေရတယ် ဆိုတာလည်း ကျုပ်သဘောနဲ့ ကျုပ်လုပ်ရတာ မဟုတ်ပါဘူး၊ တပ်က ခန့်ထားလို့ လုပ်ရတာပါ၊ တပ်က ရန်ကုန်မြို့ဝန်မင်းကို အကြောင်းကြားပြီး ခန့်ခိုင်းထားတာ၊ ကျုပ် ဒီရွာကိုလာတာလည်း တစ်ယောက်တည်း လာတာ မဟုတ်ဘူး၊ တပ်နဲ့လာတာ၊ အိုးစားဆယ်

ယောက်၊ သွေးသောက်ကြီးသုံးယောက်၊ တပ်သားငါးဆယ်ပါ ကျုပ်နဲ့ပါခဲ့တာ” ဟု သူကြီးဗက ပြောလိုက်လျှင် စေက ...

“ဒီလိုဆိုရင် ခင်ဗျားက ဗိုလ်ပေါ့” ဟု မေးလိုက်ရာ သူကြီးက

“မှန်ပါတယ် ရှောင်းရင်း၊ ကျုပ်ဟာ နေပြည်တော်က ခန့်ထားတဲ့ ‘ဗိုလ်ဗ’ ပါပဲ၊ ခင်ဗျားတို့ သုံးယောက်ကို ဆိုးသွမ်းမိုက်မဲတဲ့ အပြစ်တွေနဲ့ ကျုပ်ကိုယ်တိုင် ကွပ်မျက်လိုက်လို့ ရပါတယ်၊ ဒါပေမဲ့ သူရသတ္တိနဲ့ ပြည့်စုံတဲ့ အရည်အချင်းတွေကြောင့် အဲဒီလို ကွပ်မျက်ရမှာ နှမြောတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တပ်ထဲကို ထည့်ရမှာပဲ။ ခင်ဗျားတို့ရဲ့ သူရသတ္တိတွေကိုလည်း တန်ဖိုးရှိရှိ အသုံးချရမှာပဲ၊ ဒါကြောင့်လည်း စိတ်ရှည်လက်ရှည် ထောင်ပြီးဖမ်းရတာပေါ့” ဟု ပြော

လိုက်လျှင် ငစက …

"ပဲခူးက ညီအစ်ကို ငါးယောက်စီက မိနက်ကြောကို ဖမ်းပေးဖို့ ဆိုပြီး ကျုပ်တို့ ရွှေ၊ ငွေ၊ အသပြာတွေ ယူထားတယ်၊ အဲဒါတွေဟာ ကုန်တန်သလောက် ကုန်ပြီ၊ အဲဒါ ဘယ်လို ရှင်းရမလဲ" ဟု ပြောလိုက်လျှင် ဗိုလ်ဗက …

"အဲဒါတွေ မရှင်းနဲ့တော့ အဲဒီ အသပြာတွေဟာ ရောင်းရင်းတို့ကို ဖမ်းဖို့ တပ်က ထုတ်ပေးထားတဲ့ စရိတ်ပဲ၊ လက်ကျန် ရှိရင်လည်း ရှင်းမနေနဲ့တော့ သုံးပစ်လိုက်၊ အဲဒါကို ကုန်ကျစရိတ်အဖြစ် တပ်ကို ကျုပ်အကြောင်းကြားလိုက်မယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ငစက …

"ဒီမှာ သူကြီး ဗ၊ အဲ အဲ ဗိုလ်ဗ၊ ကျုပ်တို့ကို ဒီအတိုင်း ထိပ်တုံး ခတ်ထားတော့မှာလား" ဟု မေးလိုက်ရာ ငဝက …

"ခင်ဗျား လူညစ်ပတ်ပဲ၊ ကျုပ်တို့နဲ့လည်း လက်တွဲချင်တယ် ပြောတယ်၊ ကျုပ်တို့ကို လည်း ဒုက္ခပေးချင်တယ်၊ ခင်ဗျားကို ဘယ်လို ယုံရမလဲ၊ အခုချိန်မှာ ထိပ်တုံးကို ဖြုတ်လို့ရရင် ခင်ဗျားဇက်ကို ဖြတ်ပစ်မယ်" ဟု ပြောလိုက်လျှင် ဗိုလ်ဗက ရယ်လေ၏။ ထို့နောက် ထိုင်ရာမှ ထလာပြီးလျှင် ထိပ်တုံးတွင် ထိုးထားသော သပ်ကို ဖြုတ်ပေးလိုက်လေ၏။ ပြီးလျှင် ငဝကို ခတ်ထားသော ထိပ်တုံး အပေါ် နှုတ်ခမ်းကို မ၍ ဖြုတ်ပေးရပြန်၏။ ငဝသည် ညို့သကျည်း နာနေသောကြောင့် မထနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် ဗိုလ်ဗက တွဲ၍ ထူပေးလိုက်လေ၏။ ထို့နောက် ဗိုလ်ဗက ...

"တစ်ညလုံး ထိပ်တုံးခတ်ထားတာ ဆိုတော့ ခြေထောက်က သန်ဦးမှာ မဟုတ်ဘူး၊ ခြေညောင်း လက်ဆန့် လျှောက်လိုက်ဦး၊ ခြေထောက် ထောက်နိုင်ပြီဆိုရင် ကျုပ်ကို

ပြော” ဟု ဆိုကာ အိမ်ရှေ့ကွက်လပ်တွင် လျှောက်ခိုင်းလိုက်လေ၏။ ငဝလည်း ခြေထောက်နှစ်ဖက်ကို ခါ၍ ဆန့်၏။ ထို့နောက် မြေပြင်ပေါ်တွင် ဟိုလျှောက် ဒီလျှောက် လျှောက်၏။ ထိုသို့ လျှောက်ပြီးနောက် ခြေထောက်များ ကောင်းစွာထောက်နိုင်သည့် အခြေသို့ ရောက်လျှင် ...

“ကို ဗိုလ်ဗ၊ ကျုပ်ခြေထောက်တွေ ကောင်းသွားပြီ” ဟု ဆိုကာ ဗိုလ်ဗနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ဗိုလ်ဗသည် ငှက်ကြီးတောင်ဓားတစ်လက်ကို ယူ၍ ငဝရှေ့သို့ ပစ်ချပေးလိုက်ရင်း ...

“ကဲ ရောင်းရင်း ငဝရေ၊ ကျုပ် ဇက်ကို ဖြတ်ချင်တယ်ဆိုတော့ ဖြတ်ပေတော့” ဟု ပြောလိုက်လေ၏။ ငဝလည်း ဓားကို ကုန်း၍ ကောက်လိုက်လေ၏။ ဓားရိုးကို လက်နှင့်

ဆုတ်မိသည်နှင့် တစ်ပြိုင်နက် ဗိုလ်ဗ၏ မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်၏။ ဗိုလ်ဗ သည် သဲကို ခြေဦးဖြင့် လှမ်း၍ ပက်လိုက်၏။ ငဝ၏ မျက်လုံးများအတွင်း သဲများ ဝင် သွား၏။ ငဝသည် မျက်စိကို ပိတ်ထားလိုက် ရ၏။ ဗိုလ်ဗသည် ငဝထံသို့ ရိပ်ခနဲ ရောက်လာ ပြီးလျှင် ဓားကိုင်ထားသော လက်ကို ဆွဲကိုင်၍ ပခုံးဖြင့် ထမ်းကာ ငဝကို ကိုင်ပေါက်လိုက်လေ တော့၏။ ငဝလည်း မြေပြင်ပေါ်တွင် ဆန့်ဆန့် ကြီး ကျသွားလေတော့၏။ ဓားမှာမူ ဗိုလ်ဗ၏ လက်တွင် ကျန်ခဲ့ပြီ ဖြစ်၏။ ဗိုလ်ဗသည် အိမ် နောက်ဘက်သို့ လှမ်း၍ ...

"မိနက်ကြောရေ ငဝကြီး မျက်နှာသစ်ဖို့ ရေ ယူခဲ့ဦးဟ" ဟု လှမ်း၍ အော်လိုက်လျှင် မိနက် ကြောလည်း ရေခွက်နှင့် မျက်နှာသုတ်ပဝါကို ယူလာ၍ ငဝအား မျက်နှာသစ်ရန် ပေးလေ၏။ ထို့နောက် ဗိုလ်ဗသည် သူ၏ ဆယ်အိမ်ခေါင်း

များအား ငဝကို ထိပ်တုံးခတ်ထားရန် အမိန့်ပေးလိုက်လေ၏။ ဆယ်အိမ်ခေါင်းများလည်း သွက်လက်စွာပင် ငဝကြီးအား ထိပ်တုံးခတ်လိုက်ကြလေ၏။ ထို့နောက် ဗိုလ်ဗက …

"ရောင်းရင်း ငစနဲ့ ငခတို့ကတော့ ကျုပ်အနေနဲ့ ဒီလို လုပ်ပြဖို့လိုမယ် မထင်တော့ပါဘူး" ဟု ပြောလိုက်လျှင် ငစက …

"လိုတာပေါ့ဗျာ၊ လိုတာပေါ့၊ ဘယ်နှယ့် မလိုရမှာလဲ ဘယ်ပဲဖြစ်ဖြစ် ကျုပ်လည်းပဲ ဗိုလ်ဗနဲ့ တစ်ပွဲတစ်လမ်း စမ်းကြည့်ချင်တယ်လေ၊ ငဝကြီးက သတ္တိရှိတယ် ဆိုပေမယ့် ငပျော့ကြီးဗျ၊ ကျုပ်ကတော့ ဒီလို မဟုတ်ပါဘူး၊ အတော်လေး တိုက်နိုင်ပါတယ်၊ ဒီတော့ ကျုပ်လည်း ထိပ်တုံး ဖြုတ်ပေးပါလား" ဟု ပြောလိုက်လျှင် ဗိုလ်ဗက ပြုံးလျက် …

"ရောင်းရင်းကြီး ငခကရော စမ်းချင်သေး

လား” ဧကေ ...

“မစမ်းချင်ပါဘူးဗျာ၊ ဘာကြောင့် မစမ်းချင်သလဲ ဆိုတော့ ကျုပ်နဲ့ တွေ့ရင် ခင်ဗျား ခံနိုင်မှာ မဟုတ်ဘူး၊ ဝေကိုတော့ ခင်ဗျား မျက်စိထဲသဲနဲ့ ပက်ပြီး ညစ်တာကိုး၊ ကျုပ်ကို ဒီလို ညစ်လို့ရမယ် မထင်ဘူး၊ အဲဒီတော့ အကောင်းဆုံး အကြံပေးရရင် ကျုပ်တို့နဲ့လည်း မစမ်းပါနဲ့၊ ကျုပ်တို့ကို ထိပ်တုံး ဖြုတ်ပေးပါ” ဟု ပြောလေ၏။ ဗိုလ်ဗသည် မိနက်ကြောအား လှမ်း၍ ကြည့်လိုက်၏။ မိနက်ကြောသည် ကွမ်းယာတစ်ယာ ယာ၍ ဗိုလ်ဗအား လာပေးရင်း ...

“မောင်ကြီးရယ် သနားဖို့ ကောင်းပါတယ် သိပ်ပြီး မနှိပ်စက်ပါနဲ့၊ ဟို ဝဝကြီးတောင် ပက်လက်လန်သွားတယ် ဆိုတော့ ဒီနှစ်ယောက်က တစ်ခါတည်း သွားမှာ မလုပ်ပါနဲ့” ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဗက ...

"ရောင်းရင်းတို့ နှစ်ယောက်မှာ တစ်ယောက်က ကျုပ်နဲ့ တစ်ပွဲ တစ်လမ်း စမ်းချင်တယ်ပြောတယ်၊ ကျုပ် ဘယ်လို လုပ်ရမလဲ၊ အဲဒီတော့ နှစ်ယောက်စလုံးကို ထိပ်တုံး ဖြုတ်ပေးလိုက်မယ်၊ စမ်းချင်တဲ့လူက လာစမ်း၊ မစမ်းချင်တဲ့လူကနေ" ဟု ပြောပြီးလျှင် ငစနှင့် ငခတို့အား ထိပ်တုံး ဖြုတ်ပေးရန် ဆယ်အိမ်ခေါင်းများအား ပြောလေ၏။ ဆယ်အိမ်ခေါင်းများလည်း နှစ်ဦးစလုံးကို ထိပ်တုံးဖြုတ်ပေးလိုက်လေ၏။ ထိုအခါ၌ ငစသည် ထိပ်တုံးမှ လွတ်သည်နှင့် တစ်ပြိုင်နက် မိနက်ကြောထံ ပြေးသွားပြီးလျှင် မိနက်ကြော၏ ဆံပင်ကို ဆွဲပြီး ဇက်ကို လှန်ချိုးထားလေ၏။ မိနက်ကြောသည် 'အား' ခနဲ အော်လေ၏။ ထိုအခါ ငခက ...

"ဒီမှာ ဗိုလ်ဗ ခင်ဗျား လှုပ်လိုက်တာနဲ့ မိနက်ကြောရဲ့ ဇက်ကို ချိုးပစ်လိုက်မယ်၊ ဒီလောက်လှတဲ့ မိန်းမ နောက်တစ်ခေါက်ရဖို့ မလွယ်တော့ဘူး စဉ်းစားပါ" ဟု ပြောလေ၏။ ထိပ်တုံး ခတ်ထားစဉ်က တစ်ပွဲ တစ်လမ်း စမ်းချင်သည် ဟူသော ငစသည် ဗိုလ်ဗထံသို့ သွားမျှပင် မသွားတော့ဘဲ ကွမ်းအစ်ဆီသို့ သွားကာ ကွမ်းကိုယာ၍ စားနေ၏။ ဗိုလ်ဗသည် ငခအား ပြုံးပြုံးကြီး ကြည့်နေလေ၏။ ငခသည် မိနက်ကြော၏ ဆံပင်ကိုဆွဲ၍ မျက်နှာကို လန်နေသည်ထိ လှန်ထားလိုက်၏။

"ဒီလို ဆိုတော့လည်း ရောင်းရင်းကို ကျုပ်က အရှုံးပေးရတော့မှာပေါ့လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမ မိနက်ကြောသေမှာကိုး" ဟု ဗိုလ်ဗက ပြောလိုက်စဉ်၌ပင် မိနက်ကြောသည် ငခ၏ ငယ်ပါကို လက်ဖြင့် တအားဖုန်းခနဲ ရိုက်လေ၏။ ငခသည် အားခနဲ

အော်၍ ခါးကုန်းသွား၏။ သို့မဟုတ် ဟန်ချက် ပျက်သွား၏။ ထိုသို့ အပျက်တွင် ငခ၏ လက်ကို လျှို၍ ကိုယ်ကို လိမ်၍ ထွက်ပြီးလျှင် ငခ၏ တံတောင်ဆစ်အား အားထည့်၍ ရိုက်ချလိုက်၏။ ငခ၏ လက်သည် ဆံပင်ကို လွှတ်လိုက်ရ၏။ ထိုအချိန်၌ ကိုယ်ကို လှည့်၍ ငခ၏ ခေါင်းကို မိမိရရ ကိုင်၍ မျက်နှာကို ဒူးဖြင့် တိုက်ချလိုက်လေ၏။ ငခသည် ဤသို့ ပြုလုပ်လိမ့်မည်ဟု မထင်ထားသောကြောင့် ထိထိမိမိ ခံလိုက်ရသည် ဖြစ်ရာ နောက်သို့ လန်၍ ကျသွား၏။ ထိုအချိန်၌ မိနက်ကြောသည် ငခ၏လည်မျိုအား နင်းရန် ခုန်လိုက်လေ၏။ သို့ရာတွင် ဗိုလ်ဗသည် မိနက်ကြောအား လျင်မြန်စွာ ဖမ်းယူ ဆွဲလိုက်ပြီးနောက် ...

"မိန်းမရယ် ဒီလောက်တောင် မရက်စက်ပါနဲ့ကွယ်၊ သနားဖို့ ကောင်းပါတယ်၊ လူမိုက်

ကြီး ခေါကြီး သူကြီးကတော် မိန်းမချောလေး ဖနော်ငဲ့နဲ့ ပေါက်လို့ သေသွားတယ်ဆိုရင် လူကြားလို့မကောင်းပါဘူး” ဟု ပြောလိုက်ရာ စေက ကွမ်းယာကို မြုံ့ရင်း ...

“ကဲ လူဆိုးကြီး ‘ငဗ’ ဒါမှမဟုတ် ‘ဗိုလ်ဗ’ ကျုပ်တို့က အရှုံးပေးပါတယ်ဗျာ၊ ခင်ဗျား ခိုင်းချင်တာ ခိုင်းပါတော့၊ ခင်ဗျား တပည့်တွေစာရင်းမှာ သွင်းလိုက်ပါတော့ဗျာ” ဟု ပြောလိုက်လျှင် ဗိုလ်ဗသည် လဲကျနေသော ငခေအားကြင်နာစွာ ဆွဲ၍ ထူရင်း ...

“ကျုပ်တို့ တိုင်းပြည်ဟာ အန္တရာယ် နဲ့နီးစပ်နေပြီ၊ သူတစ်ကိုယ် ငါတစ်မင်း မလုပ်ကြစမ်းပါနဲ့ ရောင်းရင်းတို့” ဟု လေးလေးပင်ပင် ပြောလိုက်လေတော့သတည်း။

*



သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားအနီး နှစ်ဆူဘုရားသို့အဝင်မုခ်ဦး



ထားမလုံဘုရား (သန်လျင်မြို့)



သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး
သန်လျင်မြို့



မှော်ဝန်းကျောက်တန်းမှ ရေလယ်ဘုရား



နှစ်ဆူဘုရားသို့ အဝင်မုခ်ဦး



ကျိုက်ခေါက်ဘုရားအနီးရှိ နတ်သျှင်နောင်
အထိမ်းအမှတ် ဂူဘုရား

# မော်ဝန်းကျောက်တန်းဖက်မှ တပ်ပုန်း

ရန်ကုန်မြို့ဝန် ဦးအုပ်သည် တိုင်းရေးပြည်ရေးအတွက် စိတ်မအေးနိုင်ဘဲ ရှိလေ၏။ ထိုအချိန်၌ မော်ဝန်းကျောက်တန်း ဖက်မှ ဗိုလ်ဗဆိုသူ ရောက်လာလေ၏။ မြို့ဝန်မင်းသည် ဗိုလ်ဗအား ကောင်းစွာ နေရာထိုင်ခင်း ပေး၍ စကားပြောလေ၏။

"ဒီမှာ ဗိုလ်ဗ ငါတို့ရဲ့ အခြေအနေဟာ ရှေ့တိုးရင်လည်း ထမ်းပိုး၊ နောက်ဆုတ်ရင်လည်း လှည်းထုပ် ဆိုသလို တိုးရ ဆုတ်ရ ခက်နေပြီ၊ မကြာခင်မှာ ကုလားဖြူ မိစ္ဆာတွေဟာ ငါတို့ကို ရန်ပြုတော့မယ်၊ အဲဒါကြောင့် ဘာပဲ

ဖြစ်ဖြစ် ငှေတို့ကို ငါတို့ရဲ့ တပ်ပုန်းတွေအဖြစ် ကျေးလက်ဒေသတွေမှာ ထားရမှာပဲ” ဟု မိန့်တော်မူလေ၏။ ထိုအခါ ဗိုလ်ဗက

“အဲဒီ အစီအမံဟာ အလွန် သင့်မြတ်တဲ့ အစီအမံပါပဲ မြို့ဝန်မင်း ခင်ဗျား၊ ပြီးတော့ မြို့ဝန်မင်း ဖမ်းဆီးခိုင်းထားတဲ့ တရားခံပြေး ငစကိုလည်း ဖမ်းဆီးမိပါပြီ” ဟု ပြောလိုက်လျှင် မြို့ဝန်မင်း ဦးအုပ်သည် …

“ကဲ တယ်ခက်တဲ့ ကောင်တွေပဲလေကွယ်၊ အမှတ်သည်းခြေ နာအောင်တော့ ဆုံးမမှတော်လိမ့်မယ်၊ အဲဒီလို မဟုတ်ရင် လူဆိုး၊ လူမိုက်ဟာ လူကောင်းဖြစ်ဖို့ ခက်တယ်ကွယ်” ဟု ပြောလေ၏။

“ဒီလို ရှိပါတယ် အဘ၊ လူဆိုးကြီး ငစကိုသာ မဟုတ်ပါဘူး၊ သူနဲ့တန်းတူ ဆိုးမိုက်နေတဲ့ ငခ၊ ငဝတို့ကိုပါ တစ်ပြိုင်နက်တည်း ဖမ်းမိ

ထားပါတယ်၊ ဒါပေမဲ့ သူတို့ဟာ တိုင်းပြည်အတွက် အလွန်အသုံးဝင်တဲ့ လူစွန့်စားကြီးတွေပါ၊ ဆိုးချင် မိုက်ချင်တဲ့သူတွေ မဟုတ်ပါဘူး၊ စွန့်စားချင်တဲ့ သူတွေပါ၊ ကျွန်တော့်ရဲ့ တပ်ပုန်းမှာ သူတို့ကို သွတ်သွင်းထားပါပြီ၊ အဘ တွေ့ချင်ရင် အဘရဲ့ ရှေ့မှောက်ကို ကျွန်တော် ခေါ်လာခဲ့ပါမယ်" ဟု ဗိုလ်ဇက ပြောလိုက်လျှင် မြို့ဝန်မင်း ဦးအုပ်သည် ပြုံးလေ၏။ ထိုအခါ ဗိုလ်ဇက ...

"အဘ ဘာကို ပြုံးတာလဲ" ဟု မေးလိုက်ရာ ...

"ဒီမှာ ဗိုလ်ဇ မောင်မင်း ဖမ်းမိထားတဲ့ လူဆိုးကြီး သုံးယောက်နဲ့ မောင်မင်းပါ ပေါင်းလိုက်ရင် 'စခဇဝ' ဆိုတဲ့ 'စမ' လေးလုံးပဲကွ" ဟု ပြောလေ၏။ ထိုအခါ ဗိုလ်ဇက ...

"ဟုတ်ပါရဲ့ အဘရယ်၊ ကျွန်တော်ဖြင့် စဉ်း

တောင် မစဉ်းစားမိပါဘူး” ဟု ပြောလိုက်လျှင် မြို့ဝန်မင်း ဦးအုပ်က အောက်ပါဂါထာကို ရွတ်ဆိုလိုက်လေ၏။

**စက္ခုမှာစသရ မာစိဏ္ဏော၊ မမ္မည္ပု မမ္မသာ မိကော။**

**ဗလူပေတော ဗလဒဌော၊ ဝရဒေါ ဒေတု မေဝရ။**

ထို့နောက် မြို့ဝန်မင်း ဦးအုပ်သည် ဗိုလ်ဗ ဘက်သို့ လှည့်ကာ ...

“ကုလားဖြူ မာလိန်မှူး နှစ်ယောက်ဟာ ငါ တို့ ရေပိုင်နက်အတွင်းမှာ အမှုတွေ ကျူးလွန် တယ်၊ ဒင်းတို့ နှစ်ယောက်ရဲ့ နာမည်က တစ် ယောက်က ရှက်ပတ်တဲ့၊ တစ်ယောက်က လူဝီ တဲ့၊ ရေဝန်မင်းက ဆင့်ခေါ်တာကို မလာဘဲ ပမာမခန့် ပြုမူပြီး ငါတို့ ရေပိုင်နက်ထဲမှာ ဟို ရှောင် ဒီရှောင် လုပ်နေတယ်၊ ရေဝန်မင်းဟာ

သူ့ဟာသူ ရေဝန်မင်း လုပ်လို့မရဘူး၊ ငါတို့ရဲ့ အရှင်သခင်က ခန့်ထားတော်မူတာ၊ ရေဝန်မင်းကို ပမာမခန့် လုပ်တယ်ဆိုတာ ငါတို့ အရှင်သခင်ကို ပမာမခန့်လုပ်တာနဲ့ အတူတူပဲ၊ အဲဒီတော့ ကုလားဖြူ မိစ္ဆာနှစ်ဦးကို ဖမ်းဖို့ဆီးဖို့ကိစ္စမှာ ဗိုလ်ဗတို့ကိုလိုရင် ချက်ချင်း အချက်ပေးလိုက်မယ်၊ ဒါကြောင့် 'မှော်ဝန်းကျောက်တန်း' ဘက်ကနေ ဘယ်မှ ခရီး မထွက်ကြနဲ့ဦး" ဟု အမိန့်တော် ပေးလိုက်လေ၏။

ထိုအခါ ဗိုလ်ဗက မှော်ဝန်းကျောက်တန်း၌ပင် အသင့်စောင့်နေမည်ဖြစ်ကြောင်း ပြောလေ၏။ ထို့နောက် ဗိုလ်ဗလည်း မြို့ဝန်မင်း၏ အိမ်မှ ပြန်၍ သန်လျင်ဘက်သို့ ကူးကာ မှော်ဝန်းကျောက်တန်း ဘက်သို့ ပြန်ခဲ့လေတော့၏။

မြို့ဝန်မင်း ဦးအုပ်မှာမူ ကုလားဖြူ တရားခံနှစ်ဦးအား ဖမ်းဆီးရန်အတွက် မြန်အောင် ကြံခင်းဘက်မှ ပဲ့နင်းကြီးအား ဆင့်ခေါ်လိုက်ပြီဖြစ်၏။ ဗိုလ်ဗမှာလည်း မော်ဝန်းကျောက်တန်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် လူဆိုးကြီး သုံးဦးဖြစ်သော ငစ၊ ငမနှင့် ငဝတို့အား မြို့ဝန်မင်းနှင့် တွေ့ခဲ့ပုံမှ အစ ကုလားဖြူ တရားခံ နှစ်ဦးအား ရေကြောင်းတွင် ဖမ်းဆီးရမည် ဖြစ်ကြောင်း ပြောလိုက်ရာ ထိုလူဆိုး သုံးဦးမှာ ၎င်းတို့နှင့်ထိုက်တန်သော အလုပ်ရပြီဟု ပြောလိုက်ခါဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေတော့၏။

ဗိုလ်ဗသည် သူ၏ တပ်တွင် လူသူ စုရုံးထားသည်ဖြစ်ရာ တပ်သို့ဝင်ရန်အတွက် လူငယ်လူရွယ်ပေါင်းများစွာ ရောက်လာကြပြီဖြစ်၏။ ထိုလူငယ်များအား သုံးစုခွဲ၍ ငစ၊ ငမနှင့် ငဝတို့အား ခွဲဝေအုပ်ချုပ်စေပြီးလျှင် ၎င်း

တို့ ကျွမ်းကျင်သော အတိုက်အခိုက်ပညာကို သင်ပြပေးရန် ပြောလိုက်လေ၏။ ထို့ကြောင့် ငဓ၊ ငစနှင့် ငဝတို့သည် မော်ဝန်း ကျောက်တန်းနှင့် များစွာ မဝေးလှသော မြယာ ရိုးဆိုသည့် တောအုပ်ထဲတွင် တပ်သားသစ် များအား ဓားရေး၊ လှံရေး၊ လက်ရေး၊ အခုအခံ၊ အတိုက်အခိုက်တို့ကို လေ့ကျင့် သင်ကြားပေး နေလေတော့၏။

ငဓသည် သူ၏ လူ ၅၀ ခန့်အား တင်ကျည်း တပ်ဖွဲ့ ဖွဲ့လေ၏။ တင်ကျည်း ဆိုသည်မှာ လူ တစ်ရပ်ခန့်ရှိသော ဝါးတုတ်အား အဖျား တစ်ဖက်ကို ရွှေ၍ခုတ်ထားသဖြင့် ချွန်ထက် နေသော လက်နက်တစ်မျိုးပင် ဖြစ်၏။ ထို လက်နက်မျိုးကို ရှေးအခါကလည်း တိုက်ပွဲ များ၌ သုံးကြ၏။ အထူးသဖြင့် အလောင်းမင်းတရား လက်ထက်၌ ဟိုင်းကြီး ကျွန်း တိုက်ပွဲတွင် တင်ကျည်းကို တွင်တွင်

ကျယ်ကျယ် သုံးခဲ့၏။ တင်ကျည်းသည် လုံ ကဲ့သို့ အသုံးပြုနိုင်၏။ သို့ရာတွင် လုံမှာ လုံ သွား လိုအပ်၏။ တင်ကျည်းမှာမူ လုံသွားမ လိုအပ်၊ လူတစ်ရပ်ခန့် ဝါးလုံးသည် တင်ကျည်းလက်နက် ဖြစ်နိုင်၏။

ငခသည် သူ၏ သင်တန်းသား တပ်သားသစ်များအား ဝါးများကို ကိုယ်တိုင် ခုတ်စေ၏။ ထို့နောက် အဖျား တစ်ဖက်ကို ချွန်၍ ခုတ်စေ၏။ ပြီးလျှင် ဝါးများ ခိုင်ခံ့စေရန် အတွက် ကြပ်တင်ခိုင်း၏။ ပြီးသောအခါ၌ တင်ကျည်း ရိုက်နည်း၊ တင်ကျည်း ကာနည်း၊ တင်ကျည်း ဆုတ်နည်း၊ တင်ကျည်း ပစ်နည်း၊ တင်ကျည်း ထိုးနည်း (၅) မျိုးကို စနစ်တကျ လေ့ကျင့်သင်ကြားပေး၏။ တင်ကျည်းနှင့် တိုက်ခိုက်ရာတွင် တင်ကျည်းတုတ်ကို အလယ်မှ ကိုင်၍ တင်ကျည်း ထိပ်နှစ်ဖက်ကို ထိုးနှက် အသုံးပြု တိုက်ခိုက်ရသော နှစ်ဖက်

စနည်း၊ တင်ကျည်းတုတ်၏ အဖျားတစ်ဖက်မှ ကိုင်၍ ကျန်အဖျား တစ်ဖက်ဖြင့် တိုက်ခိုက်ရသော တင်ကျည်း တစ်ဖက်စနည်း ဟူ၍ နည်းနှစ်နည်း ရှိရာ နှစ်နည်းစလုံးကို ကျွမ်းကျင်အောင် လေ့ကျင့်ပေး၏။ တင်ကျည်း ပစ်နည်းကိုလည်း ဖွဲ့များကို အိတ်ဖြင့်ထည့်ကာ လူပုံသဏ္ဌာန် ပြုလုပ်၍ သေကွင်းပုံဆိုသော ရင်ဘတ်၊ ဝမ်းဗိုက်နေရာများ၌ ထုံးဖြင့် ကွင်းကာ အဝေးမှ ပြေးထိုးခိုင်း၏။ ၎င်းကိုယ်တိုင်ကလည်း မြေကြီးပေါ်မှ ပစ်ပြသကဲ့သို့ မြင်းစီးရင်းလည်း ပစ်ထိုးပြခဲ့၏။ ထို့ပြင် ရှောင်နည်းကိုလည်း သင်ကြားပေး၏။ သင်ကြားပုံမှာ လူတစ်ရပ်အရွယ် ဝါးတုတ်၏ ထိပ်တစ်ဖက်တွင် အဝတ်စုတ်များပတ်၍ ရေနံချေးစိမ်ကာ မီးရှို့၏။ ညအခါတွင် တင်ကျည်း မရောက်နိုင်သော နေရာတွင် အပစ်ခံမည့် သူကို ရပ်ခိုင်းပြီးလျှင် အစ တစ်ဖက်၌ မီးတောက်နေသော

တင်ကျည်းဖြင့် ကျန်တစ်ယောက်ကို ပစ်ထိုးခိုင်း၏။ တင်ကျည်းပစ်ထိုးသူသည် တအားကုန် ပစ်သော်လည်း အပစ်ခံရသူထံသို့ မရောက်နိုင်ပေ။ ထိုအခါ၌ ငခသည် မီးတောက်တရဲရဲဖြင့် မိမိထံသို့ ပြေးလာသော တင်ကျည်းကို မျက်တောင် မခတ်စေဘဲ အကြည့်ခိုင်း၏။ ထိုသို့ ကြည့်ခိုင်းသောအခါ၌ တင်ကျည်းလာသော လမ်းကြောင်းကို သဘောပေါက်သွားလေ၏။ ထိုသို့ သဘောပေါက်လျှင် တင်ကျည်းအပစ်ခံမည့်သူအား တဖြည်းဖြည်းချင်း ပစ်ထိုးမည့်လူထံသို့ တက်တိုင်း၏။ ပစ်ထိုးသူသည် တင်ကျည်း တစ်လက်ပြီး တစ်လက် ပစ်၏။ အထိုးခံရသူသည်လည်း ရှေ့သို့ တရွေ့ရွေ့တက်သွားရာ နောက်ဆုံး၌ တင်ကျည်းပစ်ထိုးလျှင် အသေအချာ ထိနိုင်သော နေရာသို့ ရောက်သွားရလေတော့၏။ ထိုအခါ၌ တင်ကျည်းလမ်းကို ကောင်းစွာမှတ်သားပြီးဖြစ်၍

ရှောင်တိမ်းနိုင်ရုံတင်မက ပစ်လိုက်သော တင်ကျည်းကိုပင် လက်ဖြင့် မိမိရရ ဖမ်းနိုင်သော အဖြစ်သို့ရောက်သွား၏။

ထို့နောက်တွင်ကား တင်ကျည်းသမား လေးယောက်က တင်ကျည်းသမား တစ်ယောက်အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်သော လေ့ကျင့်ခန်းပင် ဖြစ်၏။ ထိုလေ့ကျင့်ခန်းကို ကျွမ်းကျင်သော အခါ၌ တင်ကျည်းသမား ရှစ်ယောက်က ပိတ်ဝိုင်း တိုက်ခိုက်သည်ကို တင်ကျည်းသမား တစ်ယောက်က ဖောက်ထွက် တိုက်ခိုက်နိုင်သောနည်းကို ဆက်၍ လေ့ကျင့်ခိုင်းသည် ဖြစ်၏။ ငဓ၏ တိုက်ရည် ခိုက်ရည် ပရိယာယ်မှာ အတင်းဝင် အတင်းဖောက်သော နည်းပင် ဖြစ်၏။ ခုခံရာ၌လည်း ခုခံခြင်းသက်သက်ကို အသုံးမပြုဘဲ တိုက်ကွက်ဖြင့် ခုခံခြင်းကို အသုံးပြု၏။

(မှတ်ချက် - တင်ကျည်း ဟူသည်ကား လက်ဖက်များ

ကို လက်ဖက်များထည့်သော တင်တွင်တုတ်လျှိုရန် ကွင်း နှစ်ကွင်း ရှိ၏။ ထိုကွင်း နှစ်ကွင်းစီ ရှိသော တင်နှစ်ခုကို တစ်လံကျော်မျှ ရှိသော တုတ်ရှည်ဖြင့် နှစ်တင်ကိုထိုး၍ နွားဝန်တင်အပေါ်တွင် တင်နှစ်တင်ကို ဘေး၌ထားကာ တုတ်ချောင်းကို ဗဟို၌ ထားလေသည်။ ထို တုတ်ချောင်းကို ပင် တင်ကျည်းဟူ၍ ခေါ်လေသည်။

ဟု ဆရာကြီး ဟံသာဝတီ ဦးဘရင်က အဆိုရှိသည်။

စာရေးသူ)

ငစမှာလည်း ငခေကဲ့သို့ပင် တပ်သား ၅၀ ကျော် ၆၀ အား လက်ချည်းသက်သက် တိုက်ခိုက်နည်းကို ပြလေ၏။ လက်ချည်းသက်သက် တိုက်ခိုက်ရာတွင် တစ်ဖက်ရန်သူ ဖမ်းထားသည်ကို လွတ်အောင် ရုန်းသော ရုန်းကွက်များ၊ တစ်ဖက်ရန်သူ လွတ်ထွက်မသွားအောင် ဖမ်းသော ဖမ်းကွက် များ စသည့် အဖမ်းအရုန်း ပညာများကို ပြသ လေ၏။ ထို့ပြင် လက်သီးရိုးရိုးဖြင့် ထိုးနည်း၊

မျက်လုံး၊ နံကြား၊ လည်မျိုနေရာများသို့ ခေါက် လက်သီးဖြင့် ထိုးနည်း၊ တံတောင်ဖြင့် တွက် နည်း၊ ဒူးဖြင့် တိုက်နည်း၊ ဒူးမှာလည်း ရန်သူ၏ ဇက်ကို နှိမ်၍ မျက်နှာ၊ ရင်ဘတ် စသည်တို့ကို တိုက်သောနည်း အပြင် မျက်နှာ ရင်ဝတို့အား အဝေးမှ ခုန်၍ တိုက်သော ဒူးပျံ တိုက်နည်းများ၊ ရန်သူ၏ ခြေဖမိုး၊ ဒူး စသည် တို့ကို ဖနောင့်ဖြင့် ပေါက်၍ ချိုးနည်း စသော ဖနောင့်ပေါက်နည်းများ၊ ရန်သူ၏ မေးရိုး၊ ရင် ဝ၊ ငယ်ပါ နေရာများသို့ ခြေဖျားဖြင့် ခတ်နည်း များကို ကျွမ်းကျင်အောင် နှစ်ယောက်တစ်တွဲ ရင်ဆိုင်စေ၍ လေ့ကျင့်ပေး၏။ ထို့ပြင် င စသည် သူ၏ လူများအား သဲနုများ ထည့်ထား သော သဲအိတ်၊ သဲကြမ်းများ ထည့်ထားသော သဲအိတ်၊ ခဲလုံးငယ်များ ထည့်ထားသော ခဲငယ် အိတ်၊ ခဲလုံးကြီးများ ထည့်ထားသော ခဲကြီး အိတ်များကို အဆင့်ဆင့် ထိုးခိုင်းလေ၏။ ခဲ

ယယ်အိတ်ကို ထိုးရာ၌ ကြေမွ၍ သဲဖြစ်သွား သောအခါမှသာ ထို လေ့ကျင့်ခန်းကို ရပ် ပေး၏။ ခဲကြီးအိတ်များကို ထိုးရာ၌ ထိုခဲကြီး များ ခဲငယ် ဖြစ်သွားမှ ထိုလေ့ကျင့်ခန်းကို ရပ် ပေး၏။ ထို့ပြင် သူ၏ သင်တန်းသားများအား မြင်းချေးနှင့် သက်ရင်းကြီးရွက် စိမ်ထားသော ဆေးရည်များဖြင့် လက်များ စိမ်၍ ဒဏ်ကို ကြေစေ၏။ ထို့နောက် အပ်ချည်ကြိုးကို ပျဉ်းကတိုးတိုင်တွင် ပတ်ပြီးလျှင် အပေါ်မှ ဆိတ်သားရေဖုံးပြီး အတွင်းမှ အပ်ချည်ကြိုးကို ပြတ်အောင် ထိုးခိုင်း၏။ ငစ၏ တပည့် များသည် လက်ရေးသတ်ကွက်ဟု ခေါ်သော ဗန်တို သတ်ကွက်များကိုလည်း ကောင်းစွာ သတ်တတ်ကြပြီ ဖြစ်၏။

ထို့အတူ ငဝမှာလည်း သူ၏ တပည့်များ အား အသွား တစ်ထောင့်တစ်ထွာရှိ ငှက်ကြီးတောင် ဓားကြီးများကို ကိုင်စေလျက်

ရေကန်ထဲတွင် ဆင်းခိုင်းပြီးလျှင် ခေါင်းကို ရေ၌ ဖော်စေလျက် ဓားကို ရေထဲတွင်ခုတ် စေ၏။ ထို့ပြင် ရေတွင် ပေါလောမျောစေသော ထန်းသီး၊ အုန်းသီး များကို ဓားဖြင့် ခွဲခိုင်း၏။ ဤသို့ အကြမ်း ပြုလုပ်ပြီးကာမှ တိုက်နည်း တိုက်ကွက်များကို အခြေခံမှ စ၍ သင်လေ၏။ ရန်သူ၏ ဘေးဘက်ကို ခုတ်သော ဘေး ဓားခုတ်နည်းများ၊ ရန်သူက ခုတ်သည်ကို ရှောင်သော ဘေးဓား ဆုတ်နည်းများ၊ ရန်သူ အား လက်ပြန်တွက်၍ ခုတ်သော တွက် ဓားခုတ်နည်းများ၊ ရန်သူက တွက်ဓားဖြင့် ခုတ်သည်ကို ရှောင်သော တွတ်ဓားဆုတ်နည်း များနှင့်အတူ မိုးဓား၊ ပက်ဓား၊ စိုက်ဓား ခုတ် နည်းများကို စနစ်တကျ သင်ပြပေးလေ၏။ ထို့နောက် ရန်သူ (၁၆) ဦးက ပိတ်ဝိုင်းထား သော အခြေအနေတွင် ဖောက်ထွက်သော တိုက်ခိုက်နည်းများကို အသေးစိတ် သင်ပြပေး

လေ၏။

သူ၏ တပည့်များကိုလည်း ဓားနှင့် ပတ်သက်သော အကြောင်းအရာများကို လည်းကောင်း၊ တိုက်နည်း တိုက်ကွက်များနှင့် ပတ်သက်၍ မသိသည်များကို လည်းကောင်း မေးမြန်းခွင့် ပေးထားလေ၏။ ထို့ကြောင့် ၎င်း၏ တပည့်ငယ်သား ညို က ...

"ဒီမှာ ဗိုလ်ဝ ဓားထဲမှာ 'သီလဝ' ဓားဆို တာ ဘယ်လို ဓားမျိုးကို ပြောတာလဲ" ဟု မေး လေ၏။ ထိုအခါ ဝဝက ...

"ဒီလိုရှိတယ် ညို၊ အဲဒီ ဓားဟာ သံကောင်းသံမြတ်နဲ့ လုပ်ထားတယ်၊ ပြီးတော့ ရိုးရိုးလူ ဆောင်လို့ မရဘူး၊ အကျင့်သီလ ရှိတဲ့ လူ ဆောင်တဲ့ဓား၊ ဒါကြောင့်မို့ 'သီလဝ' ဓားလို့ ခေါ်တာ၊ ဘုရင်တွေ ဆောင်တယ်၊ အကျင့် သီလ ကောင်းတဲ့ သူတွေရဲ့

အဆောင်အယောင် ဖြစ်ရတဲ့ ဓား ဖြစ်တယ်၊ လက်ထဲမှာ ဓားရှိတယ်ဆိုပြီး လက်နက်သနား လူရမ်းကားတွေဆောင်တဲ့ ဓားမျိုးမဟုတ်ဘူး” ဟု ပြောလေ၏။

“သံကောင်း သံမြတ်ဆိုတာ ဘယ်လို သံမျိုးကို ခေါ်ပါသလဲ” ဟု တပ်သား ငဖြူသီးက မေးလေ၏။

“ရေဇယန်တို့ ခြသံတို့ဟာ သံကောင်းသံမြတ်တွေပေါ့ကွာ” ဟု ဗိုလ်ဝက ဖြေလေ၏။

ထို့နောက် တပ်သားသစ်များအား ဗိုလ်ဝသည် သမိုင်းဝင်ဓားများအကြောင်းကို ပြောပြလေ၏။ ထိုအထဲတွင် လည်ပင်းကို အကွင်းလိုက် ပြတ်၍ချအောင် ခုတ်ဖြတ်နိုင်သော ‘ဒွတ္တပေါင်မင်းကြီး၏ ဓား’၊ လည်ပင်းကို တစ်ချက်တည်း ပြတ်အောင် ခုတ်နိုင်သည် ဆိုသော အသင်္ခယာ စောယွန်း၏ ‘ညိုရောင်ဓား’၊

နှစ်မိုက်ခန့် ရှိသည့် ငွေတုံးကို တစ်ချက်တည်းနှင့် ပြတ်အောင် ခုတ်နိုင်သည် ဆိုသော 'ပထမ မင်းခေါင်ကြီး၏ စိန်သွားရောင်ဓား' လူ၏ လည်ပင်းနှင့်တကွ နောက်ခံဝါးပိုးဝါးကို ပြတ်စေသည့်အပြင် အောက်ခံကြမ်း ၅ ချောင်းကိုပါ ပြတ်သွားစေနိုင်သည့် 'မင်းကြီးရန်အောင်၏ ယိမ်းနွဲ့ပါးဓား' စသည်တို့ အကြောင်းပင် ဖြစ်သည်။

ငစ၊ ငခနှင့် ငဝတို့သည် ဤသို့လျှင် တပ်သားသစ်များအား ဖိဖိစီးစီး လေ့ကျင့်ပေးနေလေ၏။ သူကြီးဗ ခေါ် ဗိုလ်ဗမှာမူ ထိုတပ်သားများ စားရေးသောက်ရေးအတွက် ရိက္ခာများကို ရှာဖွေပေးလေ၏။ တစ်ဖွဲ့ တစ်ဖွဲ့လျှင် တပ်သား ငါးယောက်စီက တာဝန်ယူ၍ ချက်ပြုတ်ရ၏။ နေ့လယ်ခင်း၌ အချိန်အနည်းငယ် အနားပေးလေ၏။ ထိုသို့ အနားပေးရာ၌လည်း အခြားတစ်ပါးသော

စကားကို မပြောစေဘဲ မိမိ လေ့ကျင့်ထားသော တိုက်မှု၊ ခိုက်မှု၊ ခုခံမှု ပညာရပ်များ အကြောင်းကိုသာ ပြောစေ၏။ ထို့ကြောင့် သူကြီးဗခေါ် ဗိုလ်ဗ၏ တပ်သည် ခိုင်ခံ့သော တပ်ကြီးတစ်တပ် ဖြစ်လေတော့၏။

ဗိုလ်ဗသည် ရန်ကုန် နေပြည်တော်မှ မြို့ဝန်မင်းနှင့် အဆက်မပြတ်ရန် ပြုလုပ်ထား၏။ နေ့စဉ်နေ့တိုင်း မိမိတပ်၏ အခြေအနေကို မြို့ဝန်မင်းထံ လျှို့ဝှက် အစီရင်ခံရ၏။ ဤသို့နှင့်ပင် အကြောင်းမဲ့ ဆိုးသွမ်းမိုက်မဲနေသော လူဆိုးကြီး ငဓ၊ ငစနှင့် ငဝတို့သည် တိုင်းပြည် ကာကွယ်ရေး အတွက် အသုံးဝင်လှသော တပ်ဗိုလ်များ ဖြစ်လာကြသည် ဖြစ်ရာ ငဓ၊ ငစ နှင့် ငဝ ဟူသော နာမည်ပျောက်လျက် ဗိုလ်စ၊ ဗိုလ်ဓ၊ ဗိုလ်ဝ ဟူသော နာမည်များသာ တွင်ကျန်ရစ်လေတော့သည်။

တစ်နေ့တွင် ဗိုလ်ဗသည် ငစအား ရန်ကုန်မြို့ဝန်မင်းအား စာတစ်စောင် ပေးခိုင်းလေ၏။ ဗိုလ်စသည် မြင်းတစ်စီးကို ယူ၍ ထွက်ခဲ့လေ၏။ မြစ်ဆိပ်ကမ်းသို့ ရောက်လျှင် ဖောင်ပေါ်သို့ ၎င်း၏ မြင်းကို တင်၍ ကူးခဲ့လေ၏။ ဒဂုံဘက်ကမ်းသို့ ရောက်သောအခါမှ ဆင်း၍ မြင်းနှင့်ပင် ခရီးဆက်ခဲ့လေ၏။



ရွှေမုဋ္ဌောစေတီ (ယခု ပုဇွန်တောင်ဈေးအနီး)
အောက်ပုဇွန်တောင်လမ်းမကြီး




စက္ကောမ မျက်လှည့်ပြနေပုံ

ထိုသို့ ခရီးဆက်ခဲ့ရာ ဒဂုံဘက်ကမ်းရှိ ရွှေမုဋ္ဌောစေတီ အနီးသို့ ရောက်ခဲ့လေ၏။ ထိုစေတီအနီး မြေကွက်လပ်ကျယ်၌ သျှောင်တစ်စောင်း ထုံးထားသော မြန်မာ့ မျက်လှည့်ဆရာတစ်ဦးသည် မျက်လှည့်ပြနေလေ၏။ မျက်လှည့်ဝိုင်းသည် အတော်အတန် လူစည်ကား၏။ ထိုလူအုပ်၏ အပြင်မှ လွန်စွာ ထွားကျိုင်းသော မြင်းကြီးများကို စီးထားသည့် မျက်နှာဖြူ လေးယောက်သည် မျက်လှည့်ကို ကြည့်နေလေ၏။ မျက်လှည့် ဆရာသည် သူ၏ ပြကွက်တစ်ခုကို ပြလိုက်၏။

ထိုပြကွက်မှာ ဒိုးယိုပေါက် ပေါက်နေသော သစ်သားပုံးစုတ်ကြီးအတွင်းမှ လက်ကို နှိုက်၍ ခိုတစ်ကောင်ကို ဆွဲထုတ်ပြီးလျှင် လွှတ်ပြလိုက်၏။ ပရိသတ်သည် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြ၏။

မျက်နှာဖြူ လေးယောက်သည် သရော် လှောင်ပြောင်သော သဘောဖြင့် လက်ခေါက်မှုတ်၊ လက်ခုပ်လက်ဝါးတီးပြီး မျက်လှည့်ဆရာကို လက်ညှိုးထိုး၍ ရယ်မောကြလေသည်။ မျက်လှည့်ဆရာသည် တစ်ချက်မော့ကြည့်ပြီးလျှင်

"မိမိကိုယ်ကို ထိန်းသိမ်းပါ၊ အနှောင့်အယှက် မပေးပါနဲ့" ဟု အဓိပ္ပာယ်ရသော စကားကို ကြားသောအခါ၌ မြင်းပေါ်မှ မျက်နှာဖြူ လေးဦးသည် ပို၍ ရယ်မောကြလေ၏။ ပို၍ လှောင်ပြောင်ကြလေ၏။ မျက်လှည့်ဆရာသည် ထိုမျက်နှာဖြူများကို ဂရုမစိုက်ဘဲ မျက်လှည့်ကို ဆက်၍ပြ၏။

ထိုပုံးစုတ်ကြီးအတွင်းမှ ဖီးကြမ်းငှက်ပျောသီး တစ်ဖီးကိုထုတ်၍ ပြ၏။ ပြီးလျှင် ထို ငှက်ပျောသီးများကို ခွဲ၍ ပရိသတ်ရှိရာသို့

ပစ်၍ ပစ်၍ ပေးလိုက်၏။ ပရိသတ်သည် ငှက်ပျောသီးကို ဖမ်းကြ၊ လုကြ၏။ ပွဲမှာ အလွန်စည်ကားသွား၏။

ထိုပြကွက်ကိုလည်း ပရိသတ်မှာ လွန်စွာ သဘောကျကြ၏။ မျက်နှာဖြူ လေးယောက် အနက် တစ်ယောက်သည် မြင်းပေါ်မှ ဆင်း ကာပြီးလျှင် ဝိုင်းအတွင်းသို့ ဝင်လာကာ မျက် လှည့်ဆရာ လက်အတွင်းသို့ ပုံးစုတ်ကြီးကို ဆွဲ လုလိုက်လေ၏။ ထိုသို့ ဆွဲလုပြီးလျှင် ပုံးစုတ် ကြီး၏ တစ်ဖက်မှ ဒလက်နှင့် လှည့်၍ ရသော အံဝှက်ကို ပရိသတ်ဘက်သို့ လှည့်ပြပြီးလျှင် အတွင်းမှ မာလကာသီးများ၊ ဇီးသီးများကို ပရိသတ်ဘက်သို့ ကြဲဖြန့်ပြလိုက်လေ၏။

ပရိသတ်သည် အစပိုင်းတွင် ရယ်မောလေ၏။ ထို့နောက်ပိုင်းတွင် ထိုမျက်နှာဖြူ သည် မျက်လှည့်ဝိုင်းကို လာရောက် နှောင့်

ယှက်သည်ဟု သဘောပေါက်ကာ ခွေးမောင်း သကဲ့သို့ မောင်းထုတ်ကြလေ၏။ မျက်နှာဖြူ သည် အရှက်ရသွား၏။ ထို့ကြောင့် မျက်လှည့် ဆရာ၏ လည်ပင်းကို ညှစ်လေတော့၏။ ပရိသတ်သည် ကြောင်၍ ကြည့်နေ၏။

မျက်လှည့်ဆရာသည် မိမိအား ညှစ်ထား သော လက်နှစ်ဖက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ပြီးလျှင် လက်တစ်ဖက်ကို လိမ်၍ ဆွဲကာ မျက်နှာဖြူအား ပခုံးဖြင့် ထမ်း၍ ကိုင် ပေါက်ချ လိုက်လေ၏။ မျက်နှာဖြူသည် ဖွဲ အိတ်ကြီးအား ပစ်ချလိုက်သကဲ့သို့ ပက်လက် ချည်း 'ဗုန်း' ခနဲ ပစ်ကျသွားလေ၏။ ထိုအခါ၌ လူးလဲ၍ ထပြီးလျှင် ၎င်း၏ ခါးကြားတွင် ပါ သော သေနတ်တိုလေးကို ထုတ်ကာ မျက်လှ ည့်ဆရာ၏ ရင်ဝကို ချိန်လိုက်လေတော့၏။

၎င်း ခေါ် ဗိုလ်စသည် သူ၏ မြင်းပေါ်တွင်

မတ်တပ်ရပ်လိုက်ပြီး ထိုမြင်းပေါ်မှ နေ၍ လူများ၏ ခေါင်းပေါ်မှ ကျော်ကာ ကျွမ်းထိုး၍ မျက်လှည့်ဝိုင်းအတွင်း ဝင်လိုက်လေတော့၏။ ထိုသို့ ကျွမ်းထိုး၍ ဝင်လိုက်ပြီး မြေကြီးနှင့် ခြေထောက် ထိသည်နှင့် တစ်ပြိုင်နက်တည်း မျက်နှာဖြူ၏ လက်တွင်းမှ သေနတ်ကို လုး၍ မြေကြီးပေါ်သို့ ပစ်ချလိုက်လေတော့၏။ ထိုသို့ ပစ်ချလိုက်ပြီးလျှင် တိုက်ခိုက်လိုက မိမိနှင့် တိုက်ခိုက်ရန် စိန်ခေါ်သော သဘောဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းကာ လက်သီးကို ဆုပ်ကိုင်လေ၏။

ထိုအခါ မျက်နှာဖြူသည်လည်း လက်ကို ဆန့်တန်း၍ လက်သီးကို ဆုပ်လိုက်လေ၏။ ပရိသတ်မှာ မျက်လှည့်ဝိုင်းမှ လက်ဝှေ့ဝိုင်းသို့ ပြောင်းသွားပြီ ဖြစ်သည့်အားလျော်စွာ လက်ခုပ်ဝိုင်း၍ တီးကြလေ၏။ မျက်နှာဖြူသည် ဗိုလ်စ၏ မျက်နှာကို သူ၏ လက်ဝဲလက်

ဖြင့် နှစ်ချက်ဆင့်၍ ထိုးလေ၏။ ဗိုလ်စသည် အနည်းငယ် ရှောင်ပြီးနောက် မျက်နှာဖြူ၏ သတ်လုံးသတ်ပေါက်ကို သဘောပေါက်သည် ဖြစ်ရာ မျက်နှာဖြူ၏ မေးစေ့ဆီသို့ ခြေထောက်ဖြင့် ခတ်လိုက်သည်။ မျက်နှာဖြူ သည် နောက်သို့ လှန်၍ ရှောင်လိုက်၏။ ပရိသတ်သည် လက်ခုပ်တီးကြ၏။ ပရိသတ် ထဲမှ လူတစ်ယောက်သည် ...

"ဗမာ လက်သီး ကောင်းကောင်းလေး အမြည်းပေးလိုက်စမ်းပါ ရှောင်းရင်း၊ လက်သီးမြည်းပြီးမှ ခြေထောက် မြည်းပါစေ၊ ခြေထောက်မြည်းပြီးမှ ဒူးမြည်းပါစေ၊ ဒူးမြည်း ပြီးမှ တံတောင်နဲ့ထောင်းပါ၊ တစ်ခု ပြီးမှ တစ် ခု မြည်းပါစေ၊ တစ်ခါတည်း အဝမကျွေး လိုက်ပါနဲ့" ဟု အော်လေ၏။

ပရိသတ်ကလည်း ...

"ဟုတ်တယ်၊ ဟုတ်တယ် ဆွဲပြီးသတ်ပါ" ဟု အော်ဟစ်ကြလေ၏။ မျက်လှည့်ဆရာသည် သူ၏ မျက်လှည့်ပစ္စည်းများကို သိမ်းဆည်းနေပြီ ဖြစ်၏။

သိမ်းဆည်းရင်းလည်း ထိုးသတ်နေသည်ကို တစ်ချက် တစ်ချက် လှမ်း၍ကြည့်၏။ ထိုသို့လှမ်း၍ ကြည့်ရင်း မျက်နှာဖြူအားလည်း အောက်ပါ အင်္ဂလိပ် ဘာသာစကားဖြင့် လှမ်း၍ လှမ်း၍ပြော၏။

"ဟေ့ကောင်ကြီး ငါ့အလုပ်ကို လာပြီး နှောင့်ယှက်တဲ့အတွက် မင်းတော့ မကြာခင် ငရဲပြည်ကို ရောက်တော့မယ်" ဟူ၍ လည်းကောင်း

"အင်္ဂလန်မှာ ကျန်ခဲ့တဲ့ မင်းမိန်းမတော့ မုဆိုးမဖြစ်ပြီ" ဟူ၍ လည်းကောင်း ...

"မင်း မျက်နှာကြီး အတော် နီနေပြီ၊ မင်း

အခုထိ ရပ်တည်နေနိုင်သေးတာ အကောင်းမ ထင်နဲ့၊ ပရိသတ် ကြည့်လို့လှအောင် ဟိုလူက မင်းကို အချိန်ဆွဲပြီး သတ်နေတာ၊ ကောင်းကောင်း သဘောပေါက် သွေးစွန်းနေတဲ့ အရူး” ဟူ၍ လည်းကောင်း ပြောလေ၏။

မျက်နှာဖြူသည် မျက်လှည့်ဆရာ၏ အင်္ဂလိပ် စကားကို ကြားလျှင် လွန်စွာ ဒေါသထွက်၏။ ထို့ကြောင့် ...

“ယုန်ကလေး ဒီမျောက်ပြီးရင် မင်းအလှည့်ပဲ၊ ဒီမျောက်ကို အခု ငါ မေးရိုး ချိုးပစ်လိုက်မယ်၊ ပြီးရင် မင်းကို သတ်မယ်၊ သတ်ပြီးရင် လူတွေကို လိမ်တဲ့ ပုန်းစုတ်ကြီးနဲ့ မင်းကို စွပ်ပစ်ခဲ့မယ်” ဟု ပြောလိုက်လျှင် မြင်းပေါ်မှ မျက်နှာဖြူ သုံးယောက်က လက်ခုပ် လက်ဝါးတီး၍ ရယ်ပြန်လေ၏။ မျက်နှာဖြူနှင့် ဗိုလ်စတို့သည် အကြိတ်အနယ် သတ်ပုတ်နေကြပြီ

ဖြစ်၏။

ပရိသတ်သည် 'ဟင်' ခနဲ၊ 'ဟယ်' ခနဲ ဖြစ်နေကြပြီ ဖြစ်၏။ မျက်နှာဖြူသည် ဗိုလ်စအား လက်သီးဖြင့် မေးရိုးကိုထိုး၏။ ဗိုလ်စသည် ခေါင်းကို တိမ်းရုံလေး တိမ်း၍ မျက်နှာဖြူ၏ နားထင်ကို ဝိုက်လက်သီးဖြင့် ပြန်၍ ထိုး၏။ မျက်နှာဖြူက ရှောင်၏။ ပြန်၍ ထိုး၏။ ဗိုလ်စက ဒူးဖြင့် တိုက်၏။ တံတောင်ဖြင့် တွက်၏။ ထို့နောက် ၎င်းတို့သည် ထိုးကြ၏။ နှက်ကြ၏။ ကန်၏။ ရှောင်၏။ ခုန်၏။ ပယ်၏။ ပုတ်၏။ နောက်ဆုံး၌ ဗိုလ်စသည် ခုန်၍ မျက်နှာဖြူ၏ ကုပ်ကို တံတောင်ဖြင့် ထောင်းချလိုက်ရာ မျက်နှာဖြူသည် 'အင်း' ခနဲ အော်၍ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေ၏။ ပရိသတ်သည် လက်ခုပ်တီး၏။

မြင်းပေါ်မှ မျက်နှာဖြူ သုံးဦးသည် သေနတ်

ကို ဆွဲထုတ်ရန် ပြင်လိုက်ကြ၏။ သို့ရာတွင် မ ထုတ်မိခဲ့ပင် မျက်လှည့်ဆရာသည် သေနတ် တိုလေးဖြင့် ၎င်းတို့အား ချိန်ရွယ်လိုက်ပြီ ဖြစ်၏။ ထိုသေနတ်တိုလေးမှာ စောစောက မြေပေါ်သို့ ပစ်၍ ချလိုက်သော သေနတ်တို လေးပင် ဖြစ်၏။ မျက်လှည့်ဆရာသည် ပစ္စည်း များ သိမ်းဆည်းရင်း အမှတ်တမဲ့ ကောက် ထားလိုက်ခြင်း ဖြစ်၏။

မျက်လှည့်ဆရာသည် ထိုသေနတ်တိုလေး ဖြင့် မြင်းပေါ်မှ မျက်နှာဖြူ သုံးဦးအား ချိန်ရွယ် ရင်း အင်္ဂလိပ် ဘာသာဖြင့် အောက်ပါ အဓိပ္ပာယ် ရသော စကားကို ပြောလိုက် လေ၏။

"သင်တို့ လက်တွေ မြှောက်ထားလိုက်ပါ၊ နည်းနည်းလေး လှုပ်တာနဲ့ ဒီက မောင်းဖြုတ် ချလိုက်မယ်" ဟု ပြောလိုက်ရာ မျက်နှာဖြူ သုံး

ဦးသည် မနေသာတော့ဘဲ လက်များကို မြှောက်ထားလိုက်ကြရလေတော့၏။ ထိုအခါ၌ အနီးရှိ လူတစ်ယောက်က ၎င်းတို့၏ မြင်းတင်ပါးများကို တဖြန်းဖြန်း ရိုက်လိုက်ရာ မြင်းများလည်း လန့်၍ ပြေးကြလေတော့၏။

မျက်နှာဖြူများသည် မြင်းပေါ်မှ မကျရန် ကြိုး စား ၍ ထိန်းရင်း လိုက်ပါသွားကြရပြီ ဖြစ်၏။ ဝိုင်းအလယ် မြေပြင်ပေါ်တွင် သတိလစ်နေသော မျက်နှာဖြူကြီးအား ပရိသတ်သည် လာရောက်၍ တံတွေးများ ထွေးကြလေ၏။ ထိုအချိန်တွင် မျက်လှည့် ဆရာသည် သူ၏ လက်တွင်းမှ သေနတ်လေး ဖြင့် အဝေးမှ ဝါးလုံးတိုင်အား လှမ်း၍ ချိန်ပြီး လျှင် မောင်းဖြုတ်ချလိုက်ရာ 'ဒိုင်း' ခနဲ မြည်၍ ဝါးလုံးတိုင်လေးသည် ကျိုးသွားလေ၏။ ပရိသတ်သည် မျက်လှည့်ဆရာအား ဝိုင်း၍ လက်ခုပ်တီးပြီးလျှင် ...

"မျက်လှည့်ဆရာကြီး စက္ကောမ တော်တယ်" ဟု အော်ဟစ်ကြကုန်၏။ ဗိုလ်စသည် မျက်လှည့်ဆရာအား နှုတ်ဆက်ပြီးလျှင် ထိုနေရာမှ ထွက်ခဲ့လေတော့သတည်း။

*



ရှေးခေတ်က ရွှေတိဂုံဘုရား



ရှေးခေတ်က ဆူးလေဘုရား

# ချိန်းလိုက်ပြီ

ဗိုလ်စသည် မြို့ဝန်မင်း အိမ်တော်သို့ ရောက်ခဲ့ပြီ ဖြစ်၏။ ထိုအချိန်၌ မြို့ဝန်မင်းသည် ဆင်ဝင်အောက်တွင် နံနက်စာ ရေနွေးကြမ်း သောက်နေ၏။ မြို့ဝန်မင်းသည် ဗိုလ်စအား ထိုနေရာ၌ပင် အတွေ့ခံ၏။ ဗိုလ်စသည် မြို့ဝန်မင်းဆီသို့ ရောက်လာပြီးလျှင် ဒူးတစ်ဖက်ကို ထောက်၍ မြို့ဝန်မင်းအား အရိုအသေ ပေးလိုက်၏။ ပြီးလျှင် မော်ဝန်းကျောက်တန်းဘက်မှ ဗိုလ်ဗ၏စာအား လာ၍ပို့ကြောင်းပြောကာ စာကိုပေးလိုက်လေ၏။ မြို့ဝန်မင်းသည် စာကို မဖတ်သေးဘဲ ဗိုလ်စအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်

လေ၏။ ထိုသို့ ကြည့်ပြီးနောက် ...

"မော်ဝန်းကျောက်တန်းနဲ့ ဒဂုံဆိုတာ ဝေးတာမှမဟုတ်ဘဲ မောင်မင်း ကြည့်ရတာ ကန္တာရခရီးကို နှင်လာရသလိုပဲ၊ အဝတ်အစားတွေကလည်း ပြဲစုတ်လို့၊ တစ်ကိုယ်လုံးမှာလည်း ဖုန်တစ်သောသောနဲ့ ဘယ်လိုဖြစ်ရတာတုံး" ဟု မိန့်တော်မူလိုက်ရာ ဗိုလ်စက ၎င်းတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို အကျဉ်းချုံး၍ မြို့ဝန်မင်းအား လျှောက်ထားလိုက်လေ၏။ မြို့ဝန်မင်းသည် ကောင်းစွာနားထောင်ပြီးနောက် ...

"နင့်နှယ်ဟယ် တကယ့် ရာဇဝတ်အိုးမှတုတ်နဲ့ သွားထိုးတာကိုး၊ နင်ကြုံလာခဲ့တာဟာ နှယ်နှယ်ရရ မျက်နှာဖြူတွေ မဟုတ်ဘူး၊ အဲဒီအထဲမှာ ထောင်ထောင်မောင်းမောင်းနဲ့ မုတ်ဆိတ်မွေး ပါးပြိုင်မွေးရှိတဲ့ မျက်နှာဖြူ

တစ်ယောက်လည်း ပါတယ်မဟုတ်လား” ဟု မိန့်တော်မူလိုက်ရာ ဗိုလ်စက ...

“မှန်ပါတယ် မြို့ဝန်မင်း ခင်ဗျား၊ ပါပါတယ်” ဟု ပြောလိုက်လျှင် မြို့ဝန်မင်းက ...

“အဲဒီလူဟာ သင်္ဘောသူကြီး လင်းဘတ်ဆိုတဲ့ ကောင်ပဲ၊ ငါတို့ဆီကို လာတဲ့ မျက်နှာဖြူ သံတမန်ထဲမှာ ဒီကောင် အစွာဆုံးပဲ၊ နောက် ဒင်းနဲ့ တွေ့ရင် ရှောင်ပေတော့၊ သူ့ လူတွေနဲ့လည်း သတ်လား၊ ပုတ်လား မလုပ်နဲ့” ဟု မိန့်တော်မူလိုက်ချိန်၌ပင် မြင်းခွာသံ ကြားသဖြင့် ဗိုလ်စသည် ပြတင်းပေါက်မှ လမ်းဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ ထိုမျက်နှာဖြူ လေးဦးကို တွေ့လိုက်သဖြင့် မြို့ဝန်မင်းအား ...

“ကျွန်တော်မျိုး သွားခွင့် ရှိပါပြီလား” ဟု မေးလိုက်ရာ မြို့ဝန်မင်းက ...

“အိမ်း” ဟု မိန့်လိုက်သည်နှင့် တစ်ပြိုင်နက်

ဗိုလ်စသည် ဆင်ဝင်အောက်မှ ခပ်သုတ်သုတ် ထွက်လာပြီးလျှင် လှေခါးဆီသို့ ရောက်သောအခါ၌ တအားပြေးထွက်၍ ဆင်းလေ၏။ ထိုသို့ပြေးဆင်းရာ အပေါ်သို့ တက်လာသော လူတစ်ယောက်နှင့် တိုက်မိလေ၏။ ထိုသူသည် ခါးတွင် ချိတ်ထားသော ဓားကို ဆွဲထုတ်မည် ပြုလိုက်၏။ ထိုအခါ ဗိုလ်စက ...

"အခု မလုပ်ပါနဲ့၊ အရေးကြီးတဲ့ ကိစ္စရှိလို့ပါ၊ မကျေနပ်ရင် တစ်နေရာမှာ အချိန်းအချက် လုပ်ပါ၊ ဒီက အဆင်သင့်ပါပဲ" ဟု ပြောလိုက်လျှင် ထိုသူက ...

"ညနေ နွားရိုင်းသွားချိန်လောက်မှာ ရွှေတိဂုံဘုရား မြောက်ဘက်မှာ ဆုံမယ်၊ ရေကန်လေးရှိတယ်၊ အဲဒီ ရေကန်လေးနားမှာ တွေ့ကြမယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဗိုလ်စက ...

"ဆက်ဆက်စောင့်နေပါ ရောင်းရင်း၊ ကျုပ် လာခဲ့မယ်" ဟု ဆိုကာ မြို့ဝန်မင်း၏ အိမ်မှ ပြေး၍ထွက်ပြီးလျှင် ၎င်း၏ မြင်းရှိရာသို့ ပြေး သွားလေ၏။ ထိုနေရာသို့ အရောက်၌ အခြား သော မြင်းစီးသမား တစ်ဦးသည် မြင်းပေါ်မှ ဆင်း၍ မြင်းကို ချည်တိုင်၌ ချည်ပြီးလျှင် လှည့် ထွက်လိုက်ရာ ဗိုလ်စနှင့် တိုက်မိလေတော့၏။ ထိုအခါ ထိုလူက ဗိုလ်စ၏ ပခုံးကို လှမ်း၍ ကိုင်လိုက်လေ၏။ ဗိုလ်စသည် ထိုလူ၏ လက် ကို ဖြေးညင်းစွာ ဖယ်ချရင်း ...

"မကျေနပ်ရင် ရွှေတိဂုံဘုရား မြောက်ဘက် မုခ်မှာ စောင့်မယ်၊ နွားရိုင်းသွင်းချိန် ရေကန် နားမှာ စောင့်နေမယ်၊ ကြိုက်တဲ့နည်းနဲ့ ဖြေ ရှင်းမယ်၊ နာမည်လည်း မှတ်ထား ဗိုလ်စတဲ့" ဟု ပြောလိုက်ရာ ထိုသူက ခေါင်းကို တ ဆတ်ဆတ် ညိတ်ရင်း ...

"ဒီလို ဆိုတော့လည်း လွယ်ပါတယ်လေ၊ ကျုပ်က တစ်ချောင်းငင်ရယ်၊ တဝမ်းပူရယ် ထည့်လိုက်ရင် ကိုယ့်လူ စုတ်ပြတ်သွားမှာပေါ့၊ သွားတော့ လာခဲ့မယ်" ဟု ပြောလိုက်လေ၏။

ငစ ခေါ် ဗိုလ်စသည် ထိုသူအား မခိုးမခန့် ပြုံးပြလိုက်ပြီးနောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေတော့၏။ ထို့နောက် ဗိုလ်စသည် မြင်းကို စီး၍ ထွက်လာခဲ့ရာ မျက်နှာချင်းဆိုင်မှ လာသော မြင်းတစ်စီးနှင့် တိုက်မိမည်ကဲ့သို့ ဖြစ်သွား၏။ ထိုအခါ တစ်ဖက်လူမှ ...

"မြင်းကန်း လူကန်းပဲ" ဟု ပြောလိုက်လေ၏။ ဗိုလ်စသည် မြင်းဇက်ကို သတ်လိုက်ပြီးလျှင် ...

"မြင်းလည်း မကန်းဘူး၊ လူလည်း မကန်းဘူး၊ လွယ်ထားတဲ့ ဓားကလည်း သိပ်ကောင်းတယ်၊ ဇက်မရှေးဘူး" ဟု ပြောလိုက်ရာ

တစ်ဖက်လူက ...

"ကျုပ်အကြောင်း မသိသေးလို့ ဒီစကားပြောဝံ့တာပါ၊ ဟောဒီ မြို့ဝန်မင်းရဲ့ တပ်မှာ ငသာအောင်လို့ ပြောလိုက်ရင် လူတိုင်းသိပါတယ်၊ သွေးကောင်းတယ် ထင်ရင်တော့ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်က ရေကန်ဘေးမှာရှိတဲ့ ရေသဖန်းပင်နားကို ညနေကျရင် လာခဲ့ပါ၊ ကျုပ်က အခု မြို့ဝန်မင်း ခိုင်းထားတဲ့ တာဝန်တွေ လုပ်ရဦးမယ် မအားသေးဘူး" ဟု ငသာအောင်ဆိုသူက ပြောလိုက်လေ၏။

ဗိုလ်စလည်း ခေါင်းကို ညိတ်ပြပြီးနောက် မြင်းကို ကဆုန်စိုင်း၍ ထွက်ခဲ့လေ၏။ သို့သော် ၎င်းတွေ့လိုသော မျက်နှာဖြူ လေးဦးမှာ မျက်ခြည်ပြတ်၍ သွားပြီ ဖြစ်၏။ ထို့ကြောင့် အခြော်တစ်ပါးသော နေရာသို့လည်း သွားစရာ မရှိပြီ ဖြစ်၍ ၎င်းသည် မြို့လယ်မုခ် နှင့်

မလှမ်းမကမ်းတွင် ရှိသော မုဆိုးမ ယက်သဲ့ဖြူ၏ ထမင်းဆိုင်တွင် ခရမ်းသီးနှပ်ဟင်းနှင့် ထမင်းတစ်ပွဲ မှာ၍ စားလေ၏။ ထို့နောက် ယက်သဲ့ဖြူ၏ သားသမီးများနှင့် တစ်နေကုန် စကားပြောရင်း အချိန်ဖြုန်း၍ နေခဲ့လေ၏။ ညနေစောင်းသို့ ရောက်သောအခါ၌ သူ၏ မြင်းနှင့်ပင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အနီးတွင် ရှိသော ရေသဖန်းပင်၌ ၎င်း၏ မြင်းကို ချည်ထားလိုက်ပြီးလျှင် ၎င်းကမူ ရေသဖန်းပင်ကို မှီ၍ ခြေဆင်းကာ အိပ်စက်နေလေတော့၏။ များမကြာမီ၌ ၎င်းနှင့် အချိန်းအချက် ပြုခဲ့သော လူသုံးယောက် မြင်းကိုယ်စီနှင့် ရောက်လာ၏။ ထိုသူများသည် မြင်းပေါ်မှဆင်းကာ ပိုလ်စအား အံ့သြစွာ ကြည့်ရှုကြလေ၏။ ထို့နောက် ငသာအောင်က ...

"ရင်မဆိုင်ဝံ့လို့ ပြေးပြီ အောက်မေ့တာ၊ ငါ့လူက ဒီမှာလာပြီး အိပ်စောင့်နေတာကိုး၊ သတ္တိ

တော့ ကြိုက်ပြီဗျာ” ဟု ပြောလိုက်ရာ ဗိုလ်စသည် မျက်လုံးကို ဖွင့်ကြည့်ပြီးနောက် ...

“မြို့ဝန်မင်းတပ်က လူတွေ မလာဝံ့ဘူး၊ အောက်မေ့နေတာ၊ တကယ်လာတော့လည်း တကယ် အလုပ်လုပ်ရတောပေ့၊ ဘယ်လို စမ်းချင်သလဲ” ဟု ပြောလိုက်လျှင် သောအောင်က ...

“ကျုပ်တို့က သုံးယောက်၊ ရောင်းရင်းက တစ်ယောက်တည်းဆိုတော့ ဘယ်လို ဖြေရှင်းကြမှာတုံး” ဟု မေးလိုက်လေ၏။

“ဘာခက်လို့လဲဗျာ၊ ခင်ဗျားတို့ သုံးယောက်နဲ့ ကျုပ်တစ်ယောက်နဲ့ တစ်ချိန်တည်း တိုက်ကြတာပေ့” ဟု ပြောလိုက်လျှင် သောအောင်က

“ကျုပ်တို့ သုံးယောက်ကလည်း ဓားနဲ့၊ ကိုရင်ကလည်း ဓားနဲ့ဆိုရင် ကိုရင့် အသက် ဧ

ဝိန်ဟာ ကွမ်းတစ်ယာညက်အတွင်းမှာ ပျောက်သွားမှာပေါ့၊ ခုချိန်ဟာ ကုလားဖြူနဲ့ တိုက်ရမယ့်အချိန်မှာ ကိုယ့်ဗမာ အချင်းချင်း သေအောင် ပျောက်အောင် လုပ်လို့မကောင်း ပေဘူး၊ အဲဒီတော့ ဓားမပါဘဲ လက်နဲ့ပဲ ဖြေရှင်းချင်တယ်၊ သုံးယောက်နဲ့ တစ်ယောက်ဆိုတော့ မကောင်းပါဘူး၊ တစ်ယောက်ချင်း တိုက်မယ်၊ အဲဒီတော့ ကျုပ်နဲ့ အရင်သတ်မယ်၊ ဝံ့စားရဲ့လား" ဟု မေးလိုက်ရာ ဗိုလ်စသည် ထိုင်ရာမှ ထပြီးလျှင် အင်္ကျီကိုချွတ်လျက် လက်ခမောင်းကို တဖြောင်းဖြောင်း ခတ်လိုက်လေ၏။ ထိုသို့ ခတ်ပြီးနောက် ...

"နဖူး ကောင်းလို့ ဒူးတောင်းတဲ့ ငတိ လာပေတော့" ဟု ဗိုလ်စက ပြောလိုက်ချိန်၌ပင် ငသာအောင်သည် ဗိုလ်စ၏ မေးစေ့ကို ခြေဖျားဖြင့် 'ဖြောင်း' ခနဲ ခတ်လိုက်၏။ ဗိုလ်စသည် ခေါင်းကို တိမ်းရှုံတိမ်း၍ ရှောင်လိုက်ပြီး ခတ်

လိုက်ရာ ခြေ၏ ဖနောင့်ကို လှမ်း၍ ဆွဲလိုက်ရာ သောအောင်မှာ ပက်လက်လန်၍ လဲကျသွားမလို ဖြစ်သွား၏။ သို့သော် သောအောင်မှာ လျှင်မြန်သူ ဖြစ်၍ နောက်ကျွမ်းပစ်ကာ ထွက်သွားလေ၏။ ထို့နောက် သောအောင်သည် ဖြေဖြင့် တိုက်၍ ကန်ပြန်၏။ ဗိုလ်စသည် ထိုခြေကို တံတောင်ဖြင့် တွက်၍ချလိုက်၏။ သောအောင်သည် ခြေနာသွား၏။ ထို့ကြောင့် ခြေကို ကောင်းစွာ မထောက်နိုင်ဘဲ ရှိလေ၏။ ထိုအခါ ဗိုလ်စက ...

"ဒီမှာ ရောင်းရင်း ဆက်ပြီး မတိုက်နဲ့တော့ ကိုရင့် ခြေထောက် မထောက်နိုင်တော့ဘူး၊ ကျုပ်ရဲ့ ဒူးတွေ တံတောင်တွေ လက်သီးတွေ ဆက်တိုက်မိသွားရင် ဒုက္ခတွေ့သွားမယ်၊ နောက်တစ်ယောက်လာခဲ့" ဟု ပြောလိုက်လေ၏။ အမှန်စင်စစ်၌လည်း ခြေကို ကောင်းစွာ မထောက်နိုင်တော့ဘဲ ခြေခွေ၍ သွား

လေ၏။ ထိုအခါ အခြားသော တစ်ယောက်ဝင်လာလေ၏။ အခြား တစ်ယောက်မှာ ငနက်ခေါင် ဖြစ်၏။ ငနက်ခေါင်က ဗိုလ်စအား မျက်နှာချင်းဆိုင်လိုက်ပြီးနောက် လက်ခမောင်းကို တဖြောင်းဖြောင်း ခတ်လိုက်လေ၏။ ထို့နောက် ၎င်းတို့ နှစ်ဦးသည် ဆက်၍ သတ်ပုတ်ကြလေ၏။ ငနက်ခေါင်က ကန်၏။ ဗိုလ်စက ရှောင်၏။ ဗိုလ်စက တွက်၏။ ငနက်ခေါင်က ပယ်၏။ ငနက်ခေါင်က ထောင်း၏။ ဗိုလ်စက ထု၏။ ငနက်ခေါင်က ကန်၏။ ဗိုလ်စက ကျောက်၏။ ထို့နောက် ၎င်းတို့ နှစ်ဦးသည် ရိုက်၏။ နှက်၏။ ကန်၏။ ကျောက်၏။ ထိုး၏။ ထိုသို့ ပြင်းပြင်းထန်ထန် သတ်ပုတ်နေကြစဉ်၌ပင် မျက်နှာဖြူ မြင်းစီးသမားလေးယောက်သည် လမ်းပေါ်မှ ဖြတ်သန်းသွားရင်း ၎င်းတို့ကို တွေ့မြင်သွားကြလေ၏။ ထို့ကြောင့် မြင်းများကို ရပ်လိုက်ကြလေ၏။ မျက်နှာဖြူ

များသည် အပြာရောင် ဘောင်းဘီများကို ဝတ် ထားကြလေ၏။ ထို အပြာရောင် ဘောင်းဘီ ပေါ်တွင် အဖြူရောင် အစင်းကြီးများ ပါ၏။ ထို အထိမ်းအမှတ်မှာ သင်္ဘောဖြင့် ပါလာကြောင်း သိသာနိုင်၏။ မျက်နှာဖြူ လေးယောက်အနက် ခေါင်းဆောင်ဖြစ်သူက အောက်ပါ အဓိပ္ပာယ်ရ သော အင်္ဂလိပ်ဘာသာစကားဖြင့် လှမ်း၍ ပြောလေ၏။

"ဟေ့ ငရဲက လူကလေးတွေ၊ ဘာဖြစ်လို့ သတ်ပုတ်နေကြတာတုံး၊ ရပ်လိုက်ကြ" ဟု ပြောလျှင် ငနက်ခေါင်က အင်္ဂလိပ် သာဘာ စကားဖြင့်ပင် အောက်ပါအတိုင်း အဓိပ္ပာယ် ဆောင်သောစကားကို ပြောလိုက်လေ၏။

"ကိုယ့်လမ်းကို သွားပါ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းပါ၊ ကျုပ်တို့ ဗမာအမျိုးသားချင်း အပျင်းပြေ သတ်ပုတ်နေကြတာ သင်တို့နဲ့ ဘာ

မှမဆိုင်ဘူး၊ အချိန်ကျရင်တော့ သင်တို့နဲ့ သတ်ပုတ်မယ်၊ အခု အချိန်စောသေးလို့ သွားခွင့်ပေးလိုက်မယ်၊ သွားကြပေတော့” ဟု ပြောလိုက်လျှင် မျက်နှာဖြူသည် ၎င်းတို့၏ စကားကို ကောင်းစွာပြောတတ်သော ငနက်ခေါင်အား လှမ်း၍ကြည့်လိုက်ပြီးနောက် မျက်လုံးများသည် ပြူး၍ သွားကြလေ၏။

“အိုး တအံ့ဩပါလား၊ ငါတို့ စကားကို ကောင်းကောင်း ပြောတတ်တာပဲ၊ မဟုတ်မှလွဲရော၊ ငါတို့ လူမျိုး တစ်ယောက်ရဲ့ အိမ်မှာမင်းဟာ ထမင်းချက် လုပ်ဖူးလိမ့်မယ်ထင်တယ်” ဟု ပြန်၍ ပြောလိုက်လျှင် ငနက်ခေါင်က ...

“သင် မှားနေပြီ၊ ငါတို့ ဗမာလူမျိုး စစ်စစ်ဟာ သင်တို့လို ကောင်တွေ အိမ်မှာ ထမင်းချက် ဘယ်သူမှမလုပ်ဘူး၊ ထမင်းချက်

လုပ်ဖူးတယ်ဆိုတဲ့ ကောင်တွေဟာ ငါတို့ ဗမာလူမျိုး အစစ်မဟုတ်ဘူး၊ တောမရောက် တောင်မရောက် ကောင်တွေမှ လုပ်တာ၊ အဲဒီတော့ သင့်ရဲ့ စကားကို သင်အချိန်မီ ရုပ်သိမ်းပါ၊ အဲဒီလို မရုပ်သိမ်းဘူးဆိုရင် သင်တို့ လေးယောက်ရဲ့ မျက်နှာမှာ မြန်မာလူမျိုးရဲ့ အမှတ်တံဆိပ်တွေ ခတ်နှိပ်ပေးရပါလိမ့်မယ်" ဟု ပြောလိုက်ရာ မျက်နှာဖြူလေးယောက်သည် မြင်းပေါ်မှ ဆင်း၍ ၎င်းတို့ဆီသို့ လာလေ၏။ ထိုအခါ ငနက်ခေါင်က ဗိုလ်စဘာက်သို့ လှည့်ကာ ...

"ရောင်းရင်းတို့ရေ ကျုပ်တို့ တိုက်ပွဲကို ခေတ္တရပ်ထားလိုက်ရအောင်၊ မျက်နှာဖြူတွေနဲ့ တိုက်ရဦးမယ်၊ ရောင်းရင်းလည်း ပါမယ်ဆိုပါဝင်နိုင်ပါတယ်၊ လေးယောက် လေးယောက်ချင်း ဆိုတော့ တစ်ယောက် တစ်ယောက်စီ မိမိရရ သတ်ပုတ်ရုံပဲ" ဟု ပြောချိန်၌ပင် အ

ထွားကျိုင်းဆုံး မျက်နှာဖြူသည် ငနက်ခေါင် ထံသို့ လာပြီးလျှင် ဘောက်ဆင်ခေါ် အင်္ဂလိပ် လက်ဝှေ့ထိုးနည်းဖြင့် ငနက်ခေါင်၏ မျက်နှာ အား ဘယ်ဘက် လက်သီးဖြင့် နှစ်ချက်၊ ညာဘက် လက်သီးဖြင့် တစ်ချက်ထိုးလေ၏။

ငနက်ခေါင်သည် ထိုးသော လက်သီးများ ကို မရှောင်ဘဲ ထို မျက်နှာဖြူ၏ မျက်နှာကို ဒူး ဖြင့် တိုက်လိုက်လေ၏။ ထိုသို့ တိုက်လိုက်ပြီး နောက် ပြန်၍အကျတွင် တံတောင်ဖြင့် ထောင်းလိုက်လေ၏။ ထို့ကြောင့် 'အွန်' ခနဲ မြည်သွားပြီး ထိုမျက်နှာဖြူကြီးသည် ပက်လက်လန်ကျ၍ ကောင်းကင်ဘုံသို့ ကြည့် ကာ မေ့မြောသွားလေတော့၏။

ထို့နောက် ငနက်ခေါင်သည် ကျန်လူများ ဘက်သို့ လှည့်ကြည့်လိုက်ရာ ကျန်သူများ၏ ရှေ့တွင်လည်း မျက်နှာဖြူ တစ်ယောက်စီ

ကောင်းကင်ဘုံသို့ ကြည့်ကာ မေ့မြောနေသည်ကို တွေ့ရလေ၏။

ထိုအခါ ဗိုလ်စသည် မျက်နှာဖြူများ၏ မြင်းများဆီသို့ သွားကာ မြင်းများကို ရိုက်၍ မောင်းလိုက်လေ၏။ မြင်းများလည်း လန့်၍ ပြေးကြလေ၏။ ထို့နောက် ဗိုလ်စသည် မျက်နှာဖြူ၏ ဘောင်းဘီကို ချွတ်လိုက်ကာ ကောက်၍ ဝတ်လေ၏။ ဘောင်းဘီမှာ ရှည်နေသဖြင့် ခေါက်၍ ဝတ်ရလေ၏။ ဦးထုပ်ကိုလည်း ယူ၍ ဆောင်လိုက်လေ၏။ ထိုအခါ င နက်ခေါင်တို့ လူစုသည် ဗိုလ်စ လုပ်သည်ကို သဘောကျ၍ မျက်နှာဖြူများ၏ အင်္ကျီများကို ချွတ်သူက ချွတ်၊ ခါးပတ်များကို ဖြုတ်သူက ဖြုတ် လုပ်ကြလေ၏။ ထို့နောက် ဗိုလ်စက ...

"ဘယ်လိုလဲ ရောင်းရင်းတို့ ဆက်ပြီး တိုက်ဦးမှာလား" ဟု မေးလိုက်ရာ ...

“ဆက်ပြီး မတိုက်တော့ပါဘူး” ဟု သောအောင်က ပြောသဖြင့် တစ်ဦးကို တစ်ဦး နှာမည်များမေးကြ၏။ လုပ်ငန်းတာဝန်များ မေးကြ၏။ ပြီးလျှင် မြင်းကိုယ်စီဖြင့် ထိုနေရာမှ ထွက်ခွာသွားကြလေ၏။ ဗိုလ်စလည်း သန်လျင်သို့ ပြန်လာခဲ့လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ရှစ်ရက်မြောက်သော နေ့၌ ဗိုလ်စအား မြို့ဝန်မင်းက အိမ်တော်သို့ လာရောက်ရန် ဆင့်ခေါ်လိုက်လေ၏။ ဗိုလ်စလည်း အိမ်တော်ဝင်းသို့ သွားရောက်ခဲ့လေ၏။ မြို့ဝန်မင်း၏ အိမ်တော်ဝင်းသို့ ရောက်၍ အိမ်တော်ဝင်းစောင့် အကြီးအကဲအား မိမိရောက်ရှိသည်ကို သတင်းပို့လိုက်သည်နှင့် တစ်ပြိုင်နက်တည်း အိမ်တော်ဝင်းစောင့်သည် မြို့ဝန်မင်း၏ အမိန့်စာကို ဗိုလ်စအား ဖတ်ပြလိုက်လေ၏။

ထိုသို့ ဖတ်ပြပြီးနောက် အိမ်တော်ဝင်း အတွင်းရှိ ယာယီ အချုပ်ခန်း၌ ခြေကို ထိပ်တုံး ခတ်၍ ဖမ်းဆီးချုပ်နှောင်လိုက်လေတော့၏။ ဗိုလ်စသည် အချုပ်ခန်းအတွင်းသို့ ရောက်သွား သည်နှင့် ပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ ထိပ် တုံးခတ်ထားသော လူခြောက်ယောက်ကို တွေ့ ရလေ၏။

ထိုသူ ခြောက်ဦးအနက် သုံးဦးမှာ လွန်ခဲ့သော ရှစ်ရက်ခန့်က မျက်နှာဖြူများနှင့် ထိုးလား ကြိတ်လား ဖြစ်ခဲ့သော သောအောင် တို့ သုံးဦးဖြစ်ကြောင်း သိရ၏။ ကျန်သုံးဦးမှာ အိမ်တော်ဝင်းစောင့် စစ်သားသုံးဦးဖြစ်၏။ တစ်ဦးမှာ အရက်မူး၍ ရပ်ရွာထဲတွင် ရမ်းကား သောကြောင့် ဖမ်းဆီး အပြစ်ပေးထားခြင်း ဖြစ်၏။

နောက်တစ်ဦးမှာ သူတစ်ပါးပိုင် ဝက်ကို ခိုး

ယူ၍ ပေါ်သောကြောင့် ဖမ်းဆီးထားရခြင်း ဖြစ်၏။ ကျန်တစ်ဦးမှာ အကြီးအကဲ လုပ်သူက လူစစ်ချိန်တွင် မိမိ အိပ်ရာတွင် လူမရှိဘဲ အပြင်သို့ ထွက်၍ လည်ပတ်နေသောကြောင့် ဖမ်းဆီးထားရခြင်း ဖြစ်၏။ ဗိုလ်စအား ထိပ်တုံး ခတ်လိုက်ပြီးနောက် အချိန်မှာပင် သော အောင်က ...

"ဘယ်လိုလဲ ဗိုလ်စ၊ ဟို ကုလားလေး ကောင်က ကျုပ်တို့ မြို့ဝန်မင်းထံ တိုင်တန်းလို့ ကျုပ်တို့ကို ခုလို ထိပ်တုံးခတ်လိုက်တာဗျ၊ ကျုပ်တို့ သုံးယောက်ကဖြင့် ရောင်းရင်းကြီး ဗိုလ်စ လာမှလာပေ့ါမလားလို့ စိတ်လည်း ပူတယ်၊ မျှော်လည်း မျှော်မိတယ်၊ ဘာပဲပြော ပြော အဲဒီ ကုလားဖြူတွေ ကျေနပ်အောင် တော့ ကျုပ်တို့ကို မြို့ဝန်မင်းကြီးက ဆုံးမ တော်မူလိမ့်မယ်၊ အနည်းဆုံး ကြာပွတ်နဲ့ သက်စေ့ ရိုက်လိမ့်မယ်ထင်တယ်" ဟု ပြော

လိုက်လျှင် ဗိုလ်စက ...

"သက်စေ့ဆိုရင် ကောင်းတယ် သော အောင်ရေ၊ ယတြာ ချေပြီးသား ဖြစ်တာပေါ့" ဟု ပြောလိုက်လျှင် နေက်ခေါင်က ...

"ကြာပွတ်နဲ့တော့ ရိုက်မယ် မထင်ဘူး၊ နေပြည်တော် လက်ဝှေ့ အသတ်ကောင်းတဲ့ လက်ဝှေ့သတ်ကြီး လေးယောက် ရောက်နေ တယ်၊ ကျုပ်တို့ကို ကြိုးနဲ့တုပ်ပြီး အဲဒီ လေး ယောက်ကို သတ်ခိုင်းလိမ့်မယ် ထင်တယ်" ဟု ပြောလိုက်ရာ ညှင်းကောင်းက ...

"ဒီလိုတော့ ဟုတ်မယ် မထင်ဘူး၊ ကျုပ်တို့ ကို ကြိုးနဲ့ တုပ်ပေးထားမယ်၊ အဲဒီ ကုလားဖြူ လေးယောက်ကိုပဲ သူတို့ စိတ်ရှိသလောက် ညှဉ်းခိုင်းမယ် ထင်တယ်" ဟု ပြောလိုက်လျှင် ဗိုလ်စက ...

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျုပ်တို့ ကောင်းဖို့

မရှိပါဘူး၊ တစ်နည်းမဟုတ် တစ်နည်းနဲ့ နာကျင်စေဖို့ပဲ မဟုတ်လား” ဟု ပြောလိုက်လေ၏။ ထိုသို့ ပြောလိုက်သောကြောင့် ငသာအောင်တို့ လူစုက ‘ဝါး’ ခနဲ ရယ်လိုက်လေ၏။ ထို့ကြောင့် အချုပ်ခန်းစောင့် အကြီးအကဲက …

“ဘာဖြစ်လို့ ဒီလောက် ရယ်နေတာတုံး၊ မြို့ဝန်မင်းကြီး အိပ်တဲ့အခန်းက ဟောဟိုမှာ ကြားသွားရင် မကောင်းပါဘူး၊ မြို့ဝန်မင်းဟာ ရောင်းရင်းတို့ လေးဦးအတွက် စိတ်မချမ်းမြေ့ ဖြစ်တော်မူနေတယ်၊ သူဟာ လက်အောက် ငယ်သားတွေကို သားသမီးလို ချစ်တာကလား၊ အဲဒီတော့ အဲဒီမှာ ရောင်းရင်းတို့ကလည်း ကုလားဖြူလေးယောက်ကို သတ်လား ပုတ်လား လုပ်ခဲ့တယ်၊ ကုလားဖြူ လေးယောက်ကလည်း သူတို့ အကြီးအကဲကနေ တစ်ဆင့် မြို့ဝန်မင်းကို အရေးယူပေးဖို့ တိုင်တန်းတယ်၊

ဘာပဲဖြစ်ဖြစ် ဒီကာလမှာ ကုလားဖြူတွေက ကျုပ်တို့ နိုင်ငံကို စစ်ပြုချင်နေတယ် မဟုတ်လား၊ ရောင်းရင်းတို့ လေးယောက်ကို သူတို့ ကျေနပ်အောင် အရေးမယူတာနဲ့ အဲဒီအချက်ကို အကြောင်းပြုပြီး စစ်ဖြစ်တဲ့အထိ သူတို့က လုပ်ကြမှာ၊ ကျုပ်တို့ နိုင်ငံမှာ လူသူ လက်နက် မပြည့်စုံဘူးဆိုတာ မြို့ဝန်မင်းကြီး သိတာပေါ့၊ အဲဒီလို စစ်ဖြစ်တာနဲ့ ကျုပ်တို့ဟာ စစ်ရှုံးပြီး သူတစ်ပါး ကျွန်သဘောက် ဘဝကိုရောက်ရမှာ၊ အဲဒါကြောင့် ရောင်းရင်းတို့ လေးယောက်ကို ဘယ်လောက်ပဲ ချစ်ချစ် ကုလားဖြူတွေ ကျေနပ်အောင် ဆုံးမပေးရမှာ အဲဒါကြောင့် ရောင်းရင်းတို့ လေးယောက် ရယ်လား မောလား မလုပ်ကြပါနဲ့၊ မြို့ဝန်မင်းကြီးကို သနားကြပါ" ဟု ပြောလိုက်လျှင် ဗိုလ်စတို့ လူစုသည် ငိုင်၍ သွားလေ၏။ ထို့နောက် ဗိုလ်စက ...

"ကျုပ်တို့ မှားပါတယ်ဗျာ၊ နောက်နောင်ကို

မဖြစ်စေရပါဘူး၊ ကျုပ်တို့အတွက် စိတ်မချမ်းမသာ မဖြစ်ဖို့လည်း မြို့ဝန်မင်းတရားနဲ့ တွေ့ရင် ပြောပြပါ" ဟု ပြောလိုက်လေ၏။ အချုပ်ခန်းစောင့် အကြီးအကဲကလည်း ဗိုလ်စအား ...

"ရောင်းရင်းတို့ လိုအပ်တာကို ပြောပါ၊ မြို့ဝန်မင်းကြီး ချမှတ်ထားတဲ့ စည်းကမ်းချက်က မကျော်တဲ့ ကိစ္စတွေအားလုံး ကျုပ်လုပ်ပေးပါ့မယ်၊ စည်းကမ်းတော့ မကျော်နဲ့ပေါ့၊ ကျော်ရင် ကျုပ်လုပ်မပေးနိုင်ဘူး၊ ကျုပ်လည်း စိတ်မကောင်းဖြစ်ရမယ်၊ ရောင်းရင်းတို့ အချုပ်သားလေးယောက်စားဖို့ မနက်စားဖိုကြီးမှာ သွားယူရဦးမယ်" ဟု ဆိုကာ ထွက်သွားလေတော့၏။ ထိုအကြီးအကဲ ထွက်သွားလျှင် င သာအောင်က

"ဒီလူ စစ်တပ်ထဲ ဝင်ဖို့ မကောင်းဘူး" ဟု

ပြောလိုက်လေ၏။ ကျန်သူများသည် ရယ်ချင်သော်လည်း မြို့ဝန်မင်းကြီးအား သနားသဖြင့် မရယ်နိုင်ဘဲ ရှိကြလေ၏။ များမကြာမီ၌ အချုပ်ခန်း အကြီးအကဲသည် ၎င်းအချုပ်သား လေးဦး စားသောက်ရန်အတွက် ထမင်းနှင့် ဟင်းရွက်ပြုတ်များ ယူလာ၏။ အချုပ်သား လေးဦးလည်း မြိန်ရှက်စွာ စားသောက်ကြလေ၏။ စားသောက်ပြီးသောအခါ၌ ဗိုလ်စက ဆေးလိပ်ဖွာချင်သည်ဟု အချုပ်ခန်း အကြီးအကဲကို ပူဆာလေ၏။ အချုပ်ခန်း အကြီးအကဲက

"ဘယ် အချုပ်သားကိုမှ ဆေးလိပ်မသောက်စေရဘူးလို့ မြို့ဝန်မင်းကြီး မိန့်မှာထားတယ်၊ ဒါကြောင့် ဆေးလိပ်မပေးနိုင်ဘူး၊ ဒါပေမဲ့ သိပ်ပြီး ခံတွင်းချဉ်နေတယ် ဆိုရင်တော့ ဆေးငုံပါ၊ အဲဒီလို ငုံမယ်ဆိုရင်တော့ ကျုပ် ဆေးရွက်ကြီးပေးမယ်" ဟု ပြောလိုက်

ရာ ဗိုလ်စက ...

"မဖွာရရင်တော့ ငုံရတာပေါ့ ရောင်းရင်းရယ်" ဟု ပြောလိုက်ရာ အချုပ်ခန်းအကြီးအကဲသည် လက်ဝါးခန့်ရှိသော ဆေးရွက်ကြီးတစ်ရွက်ကို အချုပ်ခန်းအတွင်းမှ မျဉ်းတန်းကြားမှ ထိုးသွင်း၍ ပေးလိုက်လေ၏။ ဗိုလ်စတို့ လူစုလည်း ဆေးရွက်ကြီးကို လေးပိုင်းပိုင်း၍ ပါးစောင်အတွင်းသို့ ထိုးသွင်းလိုက်ကြလေတော့၏။ ထိုအချိန်၌မှာပင် အချုပ်ခန်း အကြီးအကဲက ...

"ရောင်းရင်းတို့ ဟိုမှာ မြို့ဝန်မင်းကြီး လာနေပြီ" ဟု ပြောလိုက်လျှင် ဗိုလ်စ အပါအဝင် အကျဉ်းသားများသည် ဦးခေါင်းများကို ငုံ့ထားကြလေ၏။ မြို့ဝန်မင်းသည် အချုပ်ခန်းဝသို့ ရောက်လာပြီးလျှင် ...

"ဗိုလ်စ" ဟု ခေါ်လိုက်လေ၏။ ဗိုလ်စ

လည်း ခေါင်းကို မော့၍ ...

"ဘုရား" ဟု ထူးလိုက်လေ၏။ ထို့နောက် မြို့ဝန်မင်းက ...

"သောအောင်" ဟု ခေါ်လိုက်ပြန်၏။ သောအောင်လည်း ခေါင်းကို မော့၍ ...

"ဘုရား" ဟု ထူးလိုက်ပြန်လေ၏။

"ညှင်းကောင်း" ဟု မြို့ဝန်မင်းက ခေါ်ပြန်၏။ ညှင်းကောင်းလည်း ခေါင်းကို မော့၍ ...

"ဘုရား" ဟု ထူးလိုက်ပြန်လေ၏။

"နေက်ခေါင်" ဟု ခေါ်လိုက်ပြန်၏။ နေက်ခေါင်လည်း ခေါင်းကို မော့၍ ...

"ဘုရား" ဟု ထူးလိုက်ပြန်လေ၏။

"မောင်မင်းတို့ လေးဦးကို မနက်ဖြန် ညနေမှာ ဒင်းတို့ ကျေနပ်အောင် ဆုံးမရမယ်၊ အဲဒီ

အမှုဟာ ငါမပြုချင်ဆုံး အမှုဖြစ်တယ်၊ ငါက ဒီ လို မပြုရင် ဒါကို ရမယ်ရှာပြီး စစ်ပြုဖို့ဦးတည် ကြလိမ့်မယ်၊ အခုနေ ဒင်းတို့နဲ့ ငါတို့ စစ်ဖြစ် ရင် ဒင်းတို့မှာ လူသူ လက်နက် ရိက္ခာပြည့်စုံ တယ်၊ ဆန်းကြယ်တဲ့ လက်နက်တွေလည်း ဒ င်းတို့မှာရှိတယ်၊ ငါတို့မှာ လက်နက်ကောင်း လည်း မရှိဘူး၊ စစ်ဖြစ်ဖို့ ရိက္ခာလည်း လုံ လုံလောက်လောက် မရှိဘူး၊ လေ့ကျင့်ထားတဲ့ စစ်သားဆိုတာလည်း မပြောပလောက်ဘူး၊ မုချ စစ်ရှုံးမှာပဲ၊ စစ်ရှုံးရင် ကျွန်ဖြစ်ရလိမ့်မယ်၊ ကျွန်ဖြစ်ရင် အမျိုးဘာသာ သာသနာ မှေးမှိန် သွားလိမ့်မယ်၊ အဲဒါကြောင့် မောင်မင်းတို့ကို နက်ဖြန် ညနေမှာ ဒင်းတို့ ကျေနပ်အောင် နှိပ်စက်ရလိမ့်မယ်၊ မောင်မင်းတို့ လေးဦးက နှိပ်စက်ခံကြရလိမ့်မယ်၊ အဲဒီလို နှိပ်စက်ခံရ တာဟာ နိုင်ငံကြီးတစ်ခုလုံး၊ လူမျိုးကြီး တစ်ခု လုံး ကျွန်မဖြစ်အောင် နှိပ်စက်ခံကြရတယ်လို့

နှလုံးပိုက်ကြ၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကိုချစ်လို့ နှိပ်စက်ခံပြနေရတယ်လို့ နှလုံးပိုက်ကြ၊ မောင်မင်းတို့က သားသမီးတွေဆိုရင် ငါက ဖခင်ဖြစ်တယ်၊ ငါတို့ ဖခင်ကြီးဟာ ငါတို့ကို နှိပ်စက်လေခြင်းလို့ မထင်ကြနဲ့၊ နိုင်ငံတစ်ခုလုံး ကျွန်ဖြစ်သွားမှာ စိုးလို့ မောင်မင်းတို့ လေးယောက်ကို စတေးရတာ၊ ငါပြောတဲ့ စကား မောင်မင်းတို့ နားကိုရောက်ရဲ့လား” ဟု တစ်လုံးချင်း လေးလေးမှန်မှန်နဲ့ ပြောနေလေ၏။ မြို့ဝန်မင်းကြီး၏ စကားသံသည် ရွှံ့ပျော့ပျော့ အတွင်းသို့ ကျောက်ခဲများ ပစ်သွင်းသကဲ့သို့ အချုပ်သားလေးဦး၏ နှလုံးတွင်းသို့ စကားလုံးတိုင်းသည် နစ်၍ နစ်၍ဝင်သွားလေ၏။ ဗိုလ်စသည် မြို့ဝန်မင်းကြီးအား လွန်စွာသနားနေလေ၏။ ထို့ကြောင့် ...

“အဘ ပြောတဲ့ စကားတွေကို နားကို ရောက်ရုံမဟုတ်ပါဘူး အဘ၊ နှလုံးသည်းပွတ်

ဆီကိုပါ ရောက်ပါတယ်၊ ကျွန်တော်မျိုးတို့ အတွက် စိတ်မချမ်းမသာ မဖြစ်ပါနဲ့၊ အဘ စိတ်မချမ်းသာဘူးဆိုတာ သိရတာဟာ နက်ဖြန် ညနေမှာ နှိပ်စက်ခံရမှာထက်တောင် ကျွန်တော်မျိုးတို့ ခံရခက်ပါတယ်” ဟု ပြော လိုက်လျှင် ကျွန်သုံးဦးတို့ကလည်း ...

“ဗိုလ်စ ပြောတဲ့ အတိုင်းပါပဲ ဘုရား” ဟု တညီတညွတ်တည်း ပြောလိုက်ကြလေ၏။ ထိုအခါ မြို့ဝန်မင်းကြီးက ...

“သာဓု သာဓု သာဓု” ဟု သုံးကြိမ် ခေါ် လေ၏။ ထို့နောက်မှ

“ဒီအတိုင်းကြီးပဲတော့ ကာလ မနေပါဘူး ကွယ်၊ အချိန်တန်ရင် နပိန်ကန်လိမ့်မပေါ့ ငါ့ သားတို့ရာ၊ စစ်ဖြစ်ဖို့ အခွင့်အလမ်းဖက်က ပေါ်လာရင်လည်း ဖြစ်ကြသေးတာပေါ့၊ ဖြစ် ရင်တော့ အဘလည်း စစ်ဦးစီးတစ်ယောက်

အနေနဲ့ စစ်ပွဲမှာ ပါမယ် မောင်တို့ရေ၊ ကုလားဖြူသွေးတွေ ပေနေတဲ့ အဘလက်ကို မောင်မင်းတို့လေးဦး ကုလားဖြူလေးဦးနဲ့ သတ်ပုတ်တဲ့အနားက ရေကန်မှာ ဆေးမယ်၊ တို့မြေပေါ်ရောက်ပြီး တို့ရေကိုသောက်၊ တို့ရဲ့ ဆန်စပါးကို စားပြီး တို့အပေါ်မှာ နိုင့်ထက် စီးနင်း လုပ်ချင်တဲ့ ကုလားဖြူတွေရဲ့ သွေးကို အဲဒီရေကန်မှာ အဘဆေးပစ်မယ်၊ မောင်မင်း တို့လည်း ဒီအတိုင်း ဆေးရမှာပဲ၊ အဲဒီ ရေကန် လေးဟာ ကုလားဖြူသွေးတွေကို ဆေးပစ်ရမ ယ့် ရေကန်လေး ဖြစ်ရမယ်” ဟု ကြုံးဝါးလိုက် လျှင် ဗိုလ်စ အပါအဝင် အချုပ်သား လေးဦး သည် ကြက်သီး မွေးညင်းများထသည်အထိ စိတ်ဓာတ်များ တက်ကြွသွားလေတော့ သတည်း။

နေဝင်စ ပြုနေပြီ ဖြစ်၏။ မိုးကောင်းကင် သည် ဝင်၍ သွားပြီ ဖြစ်သော နေမင်းကြီး၏

အရောင်ဟပ်သည် ဖြစ်၍ ပုစွန်ဆီတောက်၍နေ၏။ မြို့ဝန်မင်း၏ အိမ်တော်ရှေ့မြက်ခင်းပြင်တွင် ကညင်ဆီမီးတိုင်များ စတင်၍ ထွန်းညှိထားပြီ ဖြစ်၏။ ကာနယ်လင်းဘတ် အပါအဝင် ကုလားဖြူ ဧည့်သည်များလည်း ရောက်ရှိနေကြပြီးလျှင် ကုလားထိုင်အသီးသီး၌ ထိုင်၍ နေကြလေ၏။ ၎င်းတို့အားလုံးသည် စစ်ယူနီဖောင်းခေါ် ဝတ်စုံများကို ဝတ်ထားကြ၏။ ၎င်းတို့နှင့် ဝါးတစ်ရိုက်အကွာလောက်တွင် ကားစင်များ ပြုလုပ်လျက် ဗိုလ်စတို့အား ချည်နှောင်ထားလေ၏။ သို့မဟုတ် ကားစင်တင်ထားလေ၏။

မြို့ဝန်မင်း၏ အိမ်တော်မှ အမှုထမ်းများသည် ကုလားဖြူများ၏ ရှေ့တွင် ရှိသောစားပွဲများ ပေါ်တွင် ဝိုင်အရက်များ ကြက်သားကြော်များ လိုက်၍ချပေးနေကြလေ၏။ ထိုအချိန်၌မှာပင် မြို့ဝန်မင်းသည် စကားပြော

လေ၏။ သူ၏ စကားမှာ မြန်မာ့တပ်မတော် သည် စည်းကမ်းရှိသော တပ်မတော် ဖြစ်ကြောင်း ထိုတပ်မတော်သားတို့သည် စည်းကမ်းကို ချိုးဖောက်လာလျှင် ချိုးဖောက် လာသည့် အတိုင်းအရှည် ပမာဏကို ထောက် ချင့်၍ အပြစ်ပေးရကြောင်းများ ပါဝင်၏။ မြို့ဝန်မင်းသည် ဗမာစကားဖြင့်ပင် ပြော၏။ မြို့ဝန်မင်း၏ အိမ်တော်သားတစ်ဦးသည် အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ပေးနေ၏။ ကာနယ်လင်းဘတ် အပါအဝင် မျက်နှာဖြူ စစ်သားများသည် မြို့ဝန်မင်း၏ စကားကို လက်ခံသောအားဖြင့် လက်ခုပ်တီးနေကြ လေ၏။ ထိုအချိန်၌မှာပင် မြို့ဝန်မင်းက မန္တလေးနေပြည်တော်မှ ခေါ်ယူထားသော လက်ဖွေ့သတ် လေးဦးအား ခေါ်ထုတ်လိုက် ကြလေ၏။ လက်ဖွေ့သတ် လေးဦးက ခါး တောင်းကို မြောင်အောင် ကျိုက်ထားလေ၏။

အပေါ်ပိုင်းကို ဗလာကျင်းထား၏။ ထိုလေးဦး သည် မြို့ဝန်မင်းက စွမ်းရည်ပြခိုင်းသောအခါ အနီးတွင် စိုက်ထားသော ဝါးပိုးဝါးကြီးများကို ၎င်းတို့၏ လက်သီးဖြင့် တဖြောင်းဖြောင်း ထိုး လိုက်၏။ ဝါးပိုးဝါးကြီးများ ကွဲသွား၏။ မြေ တွင် စိုက်ထားသော ငှက်ပျောပင်များကို ခြေဖြ င့် ခတ်ကြ၏။ ငှက်ပျောပင်များ ခါးပြတ်၍ လဲ သွားကြ၏။ ရေအပြည့် ဖြည့်ထားသော ရေအိုး များကို ခေါင်းဖြင့် တိုက်ပြကြ၏။ ရေအိုးများ ကွဲသွား၏။ ထို့နောက် တရားခံ လေးဦးအား မျက်နှာဖြူများ ရှေ့မှောက်သို့ ဆံပင်မှဆွဲ၍ ခေါ်လာပြီးလျှင် မျက်နှာကို လက်သီးဖြင့် ထိုး ပြကြလေတော့၏။ တရားခံလေးဦးသည် ဤသို့ အထိုးအနှက် ခံလိုက်ရသောကြောင့် မေ့မြော၍ သွားကြလေ၏။ ထိုအခါ ဆံပင်ကို ဆွဲ၍ မျက်နှာဖြူ တစ်ဦးချင်းအား လိုက်၍ ပြ ကြလေ၏။ ထိုမျက်နှာဖြူများက 'ကျေနပ်ပါပြီ၊

ဒီလောက်ဆို လုံလောက်ပါပြီ’ ဟု ပြောမှပင် ထို လက်ဖွဲ့သတ်ကြီး လေးဦးတို့သည် ဗိုလ်စ အပါအဝင် လေးဦးအား အသီးသီး ထမ်းပိုး၍ မြို့ဝန်မင်း၏ အိမ်တော် နောက်ဘက်ဆီသို့ သယ်ဆောင်သွားကြလေ၏။ ထို့နောက် တွင်ကား ၎င်းတို့ ကိုယ်တိုင်ပင် နှာနှပ်၍ ပြုစုကြလေ၏။ မိမိတို့ကိုယ်တိုင် ထိုးသတ်ထားသော ဒဏ်ရာများကို မိမိတို့ကိုယ်တိုင်ပင် သက်ရင်းကြီးရွက်များ၊ မြင်းချေးများဖြင့် ပြုလုပ်ထားသော ကြပ်ထုပ်များဖြင့် ကြင်နာစွာ ကြပ်ထုပ်ထိုးပေးကြလေ၏။ ဗိုလ်စအား ကြပ်ထုပ်ထိုးပေးနေသော လက်ဖွဲ့သတ်ကြီးက ...

“ဒီမှာ ဗိုလ်စ၊ ကျုပ် လက်ဖွဲ့ သတ်လာခဲ့တာအများကြီးပဲ၊ တစ်ခါမှ ဒီလို စိတ်ထဲမှာ မတုန်လှုပ်ဖူးဘူး၊ ဒီတစ်ခါ ရောင်းရင်းတို့ မျက်နှာကို ကျုပ် လက်သီးနဲ့ထိုးရတာ ကျုပ်

စိတ်မှာ မချမ်းမြေ့ဆုံးပဲ၊ အထက်အမိန့်ဆို တော့လည်း မတတ်နိုင်ဘူးပေါ့လေ၊ လုပ်ရတာ ပါ၊ ဒါပေမဲ့ ကျုပ် လက်သီးက ဗိုလ်စ မျက်နှာ ကို ထိုးရမယ့် လက်သီး မဟုတ်ပါဘူး၊ ဟိုမှာ ထိုင်နေတဲ့ ကုလားဖြူ ကာနယ်လင်းဘတ် မျက်နှာကို ထိုးရမယ့် လက်သီးပါ၊ စစ်ကြီး ဖြစ်လာရင်တော့ အခွင့်အလမ်း ကြုံမယ်ဆိုရင် ကုလားဖြူဗိုလ် တစ်ယောက်လောက်ကိုတော့ ဓားနဲ့လှံနဲ့ မဟုတ်ဘဲ လက်သီးနဲ့ ထိုးသတ်ချင် သေးတာပါ” ဟု ကြိမ်းဝါးပြီးလျှင် စစ်တန်းလျားမှ တိုင်ကို လက်သီးဖြင့် ‘ဒိုင်း’ ခနဲ ထိုးလိုက်လေ၏။ ထိုအခါ ခိုင်ခံ့လှသော မဒမတိုင်ကြီးသည် ‘ဖြောင်း’ ခနဲ ကျိုးသွားလေ တော့၏။ ထိုအခါ စစ်တန်းလျား အကြီးအကဲ က ...

“လက်ဝှေ့သတ်ကြီး စိတ်ကို ထိန်းမှပေါ့၊ ဒီ လို မလုပ်နဲ့လေ၊ ဒီ စစ်တန်းလျားဟာ မြန်မာ့

တပ်မတော်ကပိုင်တဲ့ စစ်တန်းလျားဖြစ်တယ်၊ ဒါကို ဒီလိုမျိုး ဖျက်ပစ်တာဟာ တပ်ပိုင်ပစ္စည်းကို ဖျက်ဆီးပစ်တာနဲ့ အတူတူပဲ၊ ဒီတစ်ခါ ကျုပ် ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ သင့်ကိုပါ ထိပ်တုံးခတ်မယ်” ဟု ပြောလိုက်လျှင် လက်ဖွေ့သတ်ကြီးက ...

“ဒီမှာ ရောင်းရင်း တောင်းပန်ပါတယ်၊ ကုလားဖြူအမှတ်နဲ့ တိုင်ကို ထိုးလိုက်တာပါ၊ တိုင် ကျိုးသွားတာလည်း စိတ်မဆိုးပါနဲ့၊ ကျုပ် လျော်ပါ့မယ်၊ ကျုပ် မိန်းမ မိညွက် ဝမ်းဆွဲသည်အဖြစ်နဲ့ လိုက်ထားတဲ့ ပိုက်ဆံ ခြောက်မူးသုံးမတ် ရှိပါသေးတယ်၊ အဲဒီ ပိုက်ဆံနဲ့ ကျုပ် လျော်ပါ့မယ်”

“ဒီလောက် နှိပ်စက်မှန်း မသိပါဘူး၊ ဒီလောက်ဆိုရင်တော့ နောက်ထပ် တစ်ခါ လောက်တောင် ကုလားဖြူ လေးယောက်ကို

ထိုးနှက်ချင်သေးတယ်” ဟု ပြောလိုက်လေ၏။ ထိုအခါ စေက ...

“ရောင်းရင်း ညှင်းကောင်းရေ ချွေးတွေ ထွက်အောင်တော့ လေ့ကျင့်ထား သိပ်မကြာတဲ့ အချိန်မှာ ကုလားဖြူတွေနဲ့ တိုက်ကြရလိမ့်မယ်” ဟုပြောလိုက်ရာ အနီးရှိ ဗမာ စစ်သားများက ‘ဝါး’ ခနဲ ရယ်မောလိုက်ကြလေ၏။ ထို့နောက်တွင်ကား ကြမ်းတမ်းခက်ထန်လှသော လက်ဖွေ့သတ်ကြီး လေးဦးသည် ရယ်မောစရာများကို တဝါးဝါး တဟားဟားနှင့် ပြောဆို ရယ်မောနေကြလေသည်ဖြစ်ရာ ၎င်းတို့၏ ရယ်မောစရာများသည် စစ်တန်းလျား တစ်ခုလုံး ဆတ်ကူးသွားပြီးလျှင် တဝါးဝါးနှင့် ဆူညံလျက် ရှိလေတော့၏။ ထိုအချိန်၌ ၎င်း ဗိုလ်စအေပါအဝင် လေးဦးသည် နာကျင်လှသည် ဖြစ်ရာ ၎င်းတို့၏ မျက်နှာမှာ နာကျင်ခြင်း၊ ရယ်မောခြင်းတို့ ပြွမ်း

တီးနေသောကြောင့် တစ်မျိုးတစ်ဖုံအားဖြင့် ကြည့်၍ကောင်းနေလေတော့၏။ ဗိုလ်စ အပါအဝင် တရားခံလေးဦးသည် တစ်လကိုး သီတင်း ဆိုသလို ဆေးကုသခံကြရလေ၏။ ကျန်းမာလာသောခါ၌ ၎င်းတို့ သိုင်းကစား ကြ၏။ လက်ဝှေ့လက်ပန်း ပြန်လည်လေ့ကျင့် ကြ၏။ ဓားခုတ်၊ လှံထိုး၊ အမျိုးမျိုးကို လေ့ကျင့် ကြပြန်၏။ ထိုသို့ ပြုလုပ်ကြရင်း ညှောင်း ကောင်းသည် လက်ခမောင်းကို တဖြောင်းဖြောင်း ခတ်လိုက်၏။ ထိုသို့ ခတ် ရင်း ...

"ဗမာ့သွေး ရဲတယ်ကွ" ဟု ပြောလိုက်လေ တော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး လအတန်ကြာသော အခါ၌ မြို့ဝန်မင်းသည် ၄စ၊ ၄ခ၊ ၄ဗ၊ ၄ဝ သို့တည်းမဟုတ် ဗိုလ်စ၊

ဗိုလ်ခ၊ ဗိုလ်ဗ၊ ဗိုလ်ဝ တို့ လေးဦးအား ၎င်း၏ အိမ်တော်သို့ ခေါ်ယူလေ၏။ အိမ်တော်ဝင်းစောင့် တပ်ဖွဲ့တွင်လည်း ၎င်းတို့ လေးဦးကို ချက်ချင်း ခန့်ထားလိုက်လေ၏။ ငစသည် ဒဂုံမြို့၏ အရှေ့ဘက်၊ ငခသည် ဒဂုံမြို့၏ အနောက်ဘက်၊ ငဗသည် မြောက်ဘက်၊ ငဝသည် တောင်ဘက်ရှိ တပ်အသီးသီး၌ တာဝန်ကျကြလေ၏။ ၎င်းတို့ လေးဦးသည် တပ်နားသည့် ရက်များကိုညှိလျက် ဆုံစည်းကြလေ၏။ ၎င်းတို့ ဆုံတွေ့သော နေရာမှာ ရွှေတိဂုံ ဘုရားတွင်ဖြစ်၏။ ထိုဘုရား၏ တနင်္ဂနွေထောင့် ခေါင်းလောင်းကြီး၌ ဆုံတွေ့ပြီးလျှင် ဘုရားအတူ ဖူးကြ၏။ စကားစမြည် ပြောကြ၏။ ထို့နောက်မှ မြောက်ဘက်မုခ်မှ ဆင်းကာ မုဆိုးမ ချောချောကလေး၏ ထမင်းဆိုင်တွင် ထမင်းစားကြလေ၏။ ထမင်းစားပြီးလျှင် လမ်းခွဲကြလေ၏။ ဤသို့လျှင် အစဉ်မပြတ်

ပြုလုပ်ခဲ့ကြ၏။ တစ်နေ့တွင် ၎င်းတို့ လေးဦး သည် ရွှေတိဂုံဘုရားပေါ်မှ ဆင်းလာကြ၏။ ထိုသို့ ဆင်းလာကြစဉ်၌ မျက်နှာဖြူနှင့် ဗမာ တစ်ဦးတို့သည် ၎င်းတို့၏ မျက်နှာချင်းဆိုင်မှ လျှောက်လာကြ၏။ မျက်နှာဖြူနှင့် လျှောက် လာသော ဗမာမှာ မျက်နှာဖြူ အလိုတော်ရိ ဗမာ ဖြစ်၏။ ထိုသူသည် မလှမ်းမကမ်းမှ ပန်း များ ထည့်ထားသော ဗန်းကြီးကို ရွက်သွားသ ည့် ပန်းသည်မကလေးတစ်ဦးကို မျက်နှာဖြူ နှစ်ဦးအား ညွှန်ပြရင်း မျက်နှာဖြူ ဘာသာစကားဖြင့် ...

"သဘောကျပါသလား" ဟု မေးလေ၏။ ထိုအခါ မျက်နှာဖြူ နှစ်ဦးက ထိုမိန်းကလေး ကို ကြည့်ပြီးလျှင် ...

"ဖလားဝါး လေဒီ" ဟု နောက်ပြောင်၍ ခေါ်လိုက်လေ၏။ မိန်းကလေးသည် ၎င်းအား

နောက်ပြောင်နေမှန်း သိသွား၏။ ထို့ကြောင့် ရွက်လာသော ပန်းဗန်းကြီးကို ချလိုက်ပြီးလျှင် …

"လူကို နောက်သလိုလို ပြောင်သလိုလို တော့ မလုပ်နဲ့ ကုလားဖြူ နှစ်ယောက်ရေ၊ မြန်မာမျိုးဖျက် တစ်ယောက်ပါ ပါးကွဲသွားမယ်၊ ပါးကျိုးသွားမယ်" ဟု ပြောလိုက်လျှင် မျက်နှာဖြူ အလိုတော်ရိ ဗမာသည် စိတ်ဆိုးသွား၍ မျက်နှာကြီး တစ်ခုလုံး နီမြန်းသွား၏။ မျက်နှာဖြူ နှစ်ယောက်က အလိုတော်ရိအား …

"ဖလားဝါးလေဒီက ငါတို့ကို ဘာပြောတာလဲ" ဟု မေးလိုက်ရာ ဗမာ အလိုတော်ရိက …

"သူ့ကို နောက်လားပြောင်လား လုပ်ရင် ကျွန်ုပ်တို့ သုံးယောက်စလုံးကို ပါးရိုက်မယ်တဲ့၊ သူရိုက်လိုက်ရင် ပါးတွေကျိုးသွားမယ်တဲ့"

ဟု ရှင်းပြလိုက်လျှင် မျက်နှာဖြူ နှစ်ဦးသည် ထိုစကားကို သဘောကျ၍ 'ဝါး' ခနဲ ရယ်မောလိုက်ကြလေ၏။ ထိုသို့ ရယ်မောပြီးနောက် မျက်နှာဖြူ နှစ်ယောက်အနက် တစ်ယောက်သော သူက ...

"ဗမာ အမျိုးသမီးတွေဟာ အလွန်ပင် သတ္တိကောင်းတယ်၊ ဒါပေမဲ့ သူပြောတာ မဖြစ်နိုင်ပါဘူး၊ သူက ငါတို့ ပါးကို ဘယ်လို ရိုက်မှာတုံး၊ ငါတို့က ဒူးထောက်ပေးမှပဲ သူက ရိုက်လို့ရမှာ၊ ရိုက်ချင်းရိုက် မင်း ပါးကိုပဲ ရိုက်လို့ရမှာ၊ မင်းနဲ့က အရပ်အမောင်း တူတာကိုး၊ အဲဒီတော့ လူကလေး ပြောသလို မင်းပါးကျိုးမသွားအောင်တော့ ခပ်သုတ်သုတ် လျှောက်မှ ကောင်းပေရော့မယ်" ဟု ပြောလိုက်လျှင် ဗမာ လူမျိုး မျက်နှာဖြူ အလိုတော်ရိသည် လွန်စွာ ရှက်၍ သွားလေ၏။

ထို့ကြောင့် ပန်းသည် မိန်းကလေးအား ...

"ဟဲ့ ကောင်မလေး စွာလှချည်လား" ဟု လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ ပန်းသည် မလေးက ...

"မစွာပါဘူးတော် ရောင်းတဲ့ ပစ္စည်းက လည်း ပန်းဆိုတော့ လှလည်း လှတယ်၊ နူး လည်း နူးညံ့တယ်၊ ဒါပေမဲ့ ကုလားဖြူဆီမှာ ကျွန်ခံပြီး ကိုယ့်ဗမာ အမျိုးသမီးကို စော်ကားမဲ့ လူမျိုးဆိုရင်တော့ ပန်းကိုင်တဲ့ လက်ကလေး တွေဟာ မနူးညံ့တော့ဘူး၊ မာကျောလာလိမ့် မယ်၊ မယုံရင်လည်း ထပ်ပြီး စမ်းကြည့်လေ၊ ပါးတကယ် ကျိုးမလား၊ မကျိုးဘူးလား သိရ တာပေါ့" ဟု ပြောလိုက်လေ၏။ ထိုအခါ မျက်နှာဖြူ အလိုတော်ရိသည် မိန်းကလေး အနားသို့ တိုးကပ်သွားလေ၏။ ထိုသို့ တိုးကပ် သွားပြီးလျှင် မိန်းကလေးအား လက်ပြန်ရိုက်ချ

ရန် ရွယ်လိုက်သည့် တစ်ခဏာ၌မှာပင် ၎င်း၏ မေးစေ့သို့ မြင်းခွာဖြင့် ကန်လိုက်သကဲ့သို့ 'ဒိုင်း' ခနဲ တစ်စုံတစ်ခုက လာရောက် ထိမှန်ကာ လဲကျသွားလေ၏။ ထို့ကြောင့် ထိုအလိုတော်ရိသည် မည်သို့ ဖြစ်သည်ကို ကြည့်လိုက်ရာ ကိုယ်လုံး ကိုယ်ထည် ကျစ်လျစ်၍ အရပ်အမောင်း ကောင်းလှသော လူတစ်ယောက်သည် မိမိ၏ မေးစေ့ကို လက်သီးဖြင့် ထိုးလိုက်ကြောင်း နားလည်သွားတော့၏။ ထိုအခါ ထို အလိုတော်ရိက ...

"ဘာဖြစ်လို့ ကျုပ်ကို ဒီလို လုပ်ရတာတုံး" ဟု မေးလိုက်လေ၏။

ထိုအလိုတော်ရိအား လက်သီးနှင့် ထိုးလိုက်သူက မခိုးမခန့် ပြုံးလိုက်ပြီးနောက် ...

"နာမည်လေး ပြောပြလိုက်ဦးမယ်၊ ကျုပ်နာမည်က ဗိုလ်စတဲ့၊ ဗမာ့ တပ်မတော်ကပါပဲ၊

မိန်းကလေးရဲ့ လက်ဝါးက ဘယ်လောက်ပြင်း သလဲတော့ မသိဘူး၊ ဗိုလ်စက ကြားထဲက လက်သီး အမြည်းပေးတာပါ၊ ကိုယ့်လူရဲ့ ဆရာကုလားဖြူ နှစ်ယောက်ကိုလည်း ပြော လိုက်၊ ကိုယ့်လမ်း ကိုယ်သွားပါ” ဟု ပြော လိုက်လျှင် မျက်နှာဖြူ နှစ်ဦးသည် ၎င်းတို့၏ အလိုတော်ရိအား တစ်ယောက်တစ်ဖက် တွဲ၍ ထူလိုက်လေ၏။ ထိုသို့ ထူလိုက်ပြီးနောက် ၎င်း တို့ အလိုတော်ရိအား ...

“ဒီလူ ဘာတွေ လာပြောနေတာလဲ” ဟု အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်လေ၏။ အလိုတော်ရိက ပြန်လည် အဖြေမပေးမီ၌ပင် မလှမ်းမကမ်း၌ ရပ်နေသော ငနက်ခေါင်က လွန်စွာ အချိုးကျသော အင်္ဂလိပ် စကားပြော ဆိုဟန်ဖြင့် ...

“အင်္ဂလန်ပြည် ကျေးလက်တောရွာကနေ

စစ်ထဲဝင်ပြီး မြန်မာပြည်ကို အလည်အပတ် ရောက်လာကြတဲ့ အင်္ဂလိပ်ကြေးစား စစ်သား နှစ်ယောက်ကို လွန်စွာယဉ်ကျေးခမ်းနားတဲ့ ဗမာဘာသာစကားနဲ့ ရှင်းပြချင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်လူတို့ကလည်း ဗမာစကား မတတ်တော့ အင်္ဂလိပ် စကားနဲ့ပဲ ရှင်းပြရ တော့မှာပေါ့၊ ဒီလူဟာ ဗမာအမျိုးသား တစ် ယောက်ပါပဲ၊ ဒါပေမဲ့ ဗမာလူမျိုးရဲ့ လက်သီး ဘယ်လောက်ပြင်းတယ်ဆိုတာ မသိလို့ ဟောဒီက ကျုပ်ရဲ့ မိတ်ဆွေက နည်းနည်းပါး ပါး အမြည်း ပေးလိုက်တာပါ၊ သင်တို့ နှစ် ယောက်လည်း နည်းနည်း မြည်းချင်တယ်ဆို ရင်တော့ ပြောပါလေ၊ အဲဒီအတွက် အခက်အခဲမရှိပါဘူး၊ နည်းနည်းပါးပါး အမြည်း ပေးနိုင်ပါတယ်” ဟု ပြောလိုက်လျှင် အင်္ဂလိပ်လူမျိုး နှစ်ယောက်သည် ၎င်းတို့၏ ဦးထုပ်ကိုချွတ်၍ အရိအသေပေးကာ ...

"မိမိတို့သည် ဗမာ့ လက်သီးကို မပြည်းလို ကြောင်း၊ ဗမာများ၌ သေနတ် မရှိသော်လည်း လက်သီး ထိုးခြင်း၊ ဓားခုတ်ခြင်းများ၌ လွန်စွာ အစွမ်းထက်ကြောင်းကို မိမိတို့၏ နောင်တော် စစ်သားကြီးများက မိမိတို့၏ မိမိတို့အား ရန်မ ပြုစေလိုကြောင်း၊ အကယ်၍ မိမိတို့ အပေါ်၌သာ ဒေါသများထွက်နေလျှင်လည်း မိမိတို့အား ရန်မပြုဘဲ မြန်မာလူမျိုး ဤသူ့ အပေါ်၌သာ ဒေါသများ ပုံချစေလိုကြောင်း၊ ဤလူအား စိတ်ကျေနပ်သည်အထိ ထုနှက် ရိုက်ပုတ်ခြင်း ပြုလျှင်လည်း မိမိတို့ အနေနှင့် ပါဝင်မည် မဟုတ်ကြောင်း" ပြောလိုက်လျှင် မျက်နှာဖြူ အလိုတော်ရိသည် သူ၏ ဆရာ မျက်နှာဖြူ နှစ်ဦးအား လွန်စွာဒေါသဖြစ်ကာ အင်္ဂလိပ် ဘာသာဖြင့် ပြန်လည်ဆဲလိုက်လေ တော့၏။ ထိုအခါ မျက်နှာဖြူ နှစ်ဦးလည်း ၎င်း အား ရှုံ့ရှာဖွယ်ရာ ကောင်းသော လူတစ်ဦး

အဖြစ် လျစ်လျူရှု၍ ထွက်သွားကြလေတော့ သတည်း။

ငိုင်၍ ကျန်ရစ်ခဲ့သော မျက်နှာဖြူ အလိုတော်ရိဆီသို့ ဗိုလ်စနှင့် ငနက်ခေါင်တို့ နှစ်ယောက်သား တရွေ့ရွေ့ တိုးကပ် ရောက်လာကြခြင်းကို တွေ့လိုက်ရသောအခါ အလိုတော်ရိ မျက်နှာပြင် တစ်ခုလုံးတွင်ရှိ သော သွေးတို့ ဆုတ်ယုတ်သွားသည့်အလား ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ရုံမျှမက တစ်ကိုယ် လုံးမှာ နတ်ပူးသည့်ပမာ တုန်တုန်ရီရီ ဖြစ်နေ ပါ၏။

ထိုသို့သော အခြေအနေကို အကဲခတ်မိ သော ဗိုလ်စနှင့် ငနက်ခေါင်တို့မှာ တစ်ဦးကို တစ်ဦး ခပ်ပြုံးပြုံးလေး ကြည့်လိုက်ကြသည်။ ပြီးမှ မျက်နှာချင်းဆိုင်တွင် ရှိနေသော အလိုတော်ရိဆီသို့ မျက်နှာမူလိုက်ကြ၏။

"နောင်တော်ကြီးတို့ နှစ်ယောက်ဟာ ဗမာ့ တပ်မတော်သားတွေဆိုတာ ကျွန်တော် သိထားပြီးပါပြီ၊ ဗမာ အမျိုးသားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ကို နောင်တော်ကြီးတို့က ခုနက မျက်နှာဖြူ နှစ်ယောက် ပြောသွားတဲ့အတိုင်း သတ်ကြတော့မလို့လားဗျာ"

မျက်နှာဖြူ အလိုတော်ရိ၏ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေပုံကို မြင်တွေ့နေရသော ဗိုလ်စနှင့် ငနက်ခေါင်တို့သည် သဘောကျစွာ အားရပါးရ ကျယ်ကျယ်လောင်လောင် ရယ်မောလိုက်ကြပါတော့သည်။ အလိုတော်ရိမှာ မြေပြင်ပေါ်သို့ ဒူးထောက်လိုက်ချကာ လက်အုပ်ကလေး ချီထားလိုက်ပြီးမှ ...

"ကျွန်တော့်ကို သက်ညှာ သနားကြပါ နောင်ကြီးတို့ရာ" ဟု ဆိုလေရာ ...

"မင်း ဗမာ တစ်ယောက်ဆို၊ သတ္တိနည်းလှ

ချေလားကွာ” ဟု ဗိုလ်စက အသံမာမာနှင့် ပြောလိုက်လေ၏။ ထို့နောက် …

“ကုလားဖြူစစ်သား ရိုးရိုးနှစ်ယောက်ကို တော့ မင်းကရိုရိုသေသေ ဆက်ဆံခဲ့ပြီး ကိုယ့် ဗမာအမျိုးသမီးလေး တစ်ယောက်အပေါ်မှာ အနိုင်ကျင့်ဖို့ ကြိုးစားခဲ့တာရော ကောင်းရဲ့ လား” ဟု ငနက်ခေါင်က အလိုတော်ရိ မျက်နှာ နားဆီသို့ သူ့ မျက်နှာကြီး တိုးကပ်ရင်း အသံ ကို မြှင့်ကာ မေးလိုက်လေ၏။

“ဒီကောင်မက စွာလွန်းလို့ပါ”

“မင်းကိုယ်တိုင်က မျက်နှာဖြူတွေကို ဆရာ ခေါ် ရှေ့တန်းတင်လာတာဆိုတော့ မင်းနဲ့မင်း ကောင် နှစ်ကောင်ကိုရော ဘယ်ကြောက်ပါ့မ လဲကွ၊ သူ့အသက်နဲ့ မင်းတို့ သုံးယောက် အသက်နဲ့ လဲပစ်မယ့် စိတ်ဓာတ်ရှိတဲ့ ဗမာ မိန်းကလေးကွ၊ သတ္တိရှိတယ်၊ မင်းကသာ

သခင်အားရ ကျွန်ုပ်ါးဝလုပ်တာကရော” ဟူသ
ည့် ဗိုလ်စ၏ စကားကြောင့် မျက်နှာဖြူ
အလိုတော်ရိမှာ မြေပြင်ပေါ်သို့ ပြားပြားဝပ်
လှဲချလိုက်ကာ ...

“ကျွန်တော် ဒီအလုပ် လုပ်ချင်လို့ လုပ်နေ
တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ရဲ့ မိခင်ကြီး
နေထိုင်မကောင်း ဖြစ်နေခဲ့တာ ကြာလှပါပြီ၊
မိခင်ကြီးကို ဆေးဝါးကုသပေးဖို့ ပိုက်ဆံလိုချင်
လို့ လုပ်ခဲ့တာပါ” ဟု ဆိုလေ၏။

“ဟော့ကောင် ထစမ်း” ဟူ၍ ငနက်ခေါင်
ပြောလိုက်လျှင် ကပျာကယာ လှဲချနေရာမှ
မတ်တတ်ထရပ်လိုက်သည်။

“မင်း ဗမာနော်” ဟု ငနက်ခေါင်က မေး
လိုက်၏။

“ဟုတ်ကဲ့၊ ဗမာပါ နောင်ကြီး” ဟု ဆိုလေ
သောအခါ ...

"ဗမာ မှန်ရင် လူမျိုးခြား ကုလားဖြူတွေရဲ့ လက်အောက်ခံမလုပ်ရဘူးကွ၊ အလုပ်က မြန် မြန်ထွက်လိုက်၊ နောက်တစ်ပတ် ဒီနေရာကို မင်းလာခဲ့၊ မင်းအမေ ဆေးကုဖို့ တို့ကူညီမယ်၊ ကိုင်း ... သွားတော့" ဟု ပြောလိုက်၏။

အလိုတော်ရိမှာ ဗိုလ်စနှင့် ငနက်ခေါင်တို့ ရှေ့မှ တချိုးတည်း သုတ်ခြေတင် ထွက်ပြေး သွားပါတော့၏။

အလိုတော်ရိ ပြေးသွားပုံကို ကြည့်ကာ ဗိုလ်စနှင့် ငနက်ခေါင်တို့ သဘောကျစွာ ရယ်မောလိုက် ကြလေတော့၏။

ထိုအချိန်ကာလမှာပင် သီပေါဘုရင် နန်းတက်လာခဲ့ပါ၏။ အလယ်နန်းမတော် မိဖုရားကြီးနှင့် သမီးတော်စုဖုရားလတ်၊ တိုင် တာမင်းကြီး၊ လှေ အသင်းဝန်တို့ ဦးဆောင် ကာ မင်းညီ မင်းသား ဆွေတော်မျိုးတော်တို့

အား အကျဉ်းချထားရာမှ ကွပ်မျက်သုတ်သင်မှု များ ပြုခဲ့ကြရာ ရွှေနန်းတော်ကြီးအတွင်း သွေးချောင်းစီးခဲ့ ကြရလေပါတော့၏။

ယခင် ကာလများစွာက ပြည်သူပြည်သား များသည် သီပေါဘုရင် အနေနှင့် စည်း စည်းလုံးလုံး တိုင်းရေးပြည်ရေး ကိစ္စများကို ဆောင်ရွက်နိုင်လိမ့်မည်ဟု တွေးခေါ်ယူဆ ထားသော်လည်း နန်းတွင်းရေး အခြေအနေမှာ ရုတ်ချည်း ပြောင်းလဲသွားမှုများကို ကြုံတွေ့ရ သောအခါ အလွန်အမင်း တအံ့တသြ ဖြစ်ကုန် ကြရလေတော့၏။

အကြောင်းမှာ မှူးကြီးမတ်ရာပိုင်းတွင် တိုင်းပြည်အရေး အုပ်ချုပ်မှုအရေး၌ အချင်းချင်း ဝါဒနှစ်မျိုး ကွဲပြားလာခဲ့လေ တော့၏။

တကယ်ဆိုရင်တော့ ယခုလို အချိန်မျိုးတွင်

မြန်မာနိုင်ငံတော် အောက်ပိုင်းသည် အင်္ဂလိပ် လက်အောက်သို့ ကျရောက်ခဲ့ခြင်းကြောင့် အင်္ဂလိပ်တို့သည် မြန်မာ ပြည်သူပြည်သားတို့ အား နည်းပရိယာယ် အမျိုးမျိုးဖြင့် ၎င်းတို့ အား ကျေနပ်လက်ခံ ထောက်ခံလာစေရန် စည်းရုံးသိမ်းသွင်းလျက် အုပ်ချုပ်ခဲ့လေ၏။

သို့ဖြစ်၍လည်း မင်းတုန်းမင်းကြီး လက်ထက်တော်ကကဲ့သို့ပင် အင်္ဂလိပ်တို့နှင့် သင့်မြတ်အဆင်ပြေစေအောင် ပေါင်းသင်းမှသာ သီပေါမင်း အုပ်ချုပ်သော အထက် မြန်မာနိုင်ငံတော်သည် တည်ရှိနေနိုင်မည်ဟု မှူးကြီးမတ်ရာများက ယုံကြည် ယူဆထားခဲ့ကြသည်။

ဤတွင် စုဖုရားလတ် အပါအဝင် မယ်တော် ဆင်ဖြူမရှင် မိဖုရားကြီး၊ လေှသင်း အတွင်းဝန်၊ ရနောင်မောင်တုတ်တို့မှာ

ဆတ်ဆတ်ခါဖြစ်ကာ အင်္ဂလိပ် ကျွန်အဖြစ်မ နေနိုင်၊ လက်မခံနိုင်၊ မိမိတို့ အနေနှင့် မဟာမိတ် ပြုထားခဲ့သော ပြင်သစ်တို့ရှိ ကြောင်း၊ ပြင်သစ်တို့ထံမှ လက်နက်ခဲယမ်း များ၊ အကူအညီတို့အား မျှော်လင့်ထားရုံမက မိမိတို့အပေါ် အင်္ဂလိပ်တို့က စစ်ပြုလာခဲ့လျှင် တင်းတင်းမာမာ ခုခံတိုက်ခိုက်မည် ဖြစ်ကြောင်း ပြောဆိုလာခဲ့ကြလေ၏။

ဤအချိန်၌မှာပင် အင်္ဂလိပ်တို့အား လိုလား သော မှူးမတ်အုပ်စုဖြစ်သော ကင်းဝန် မင်းကြီးဦးကောင်းက ခေါင်းဆောင်နေသည် ဟု ထင်မြင် ယူဆခဲ့ကြပြန်၏။

ထို့ကြောင့် သီပေါ ဘုရင်အဖို့ နန်းတွင်းရေး အရှုပ်အထွေးများကြောင့် နိုင်ငံတော်အား စီရင် အုပ်ချုပ်မှု၊ ကွပ်ကဲမှု အပိုင်းတွင် အင်အားချိနဲ့ကာ တဖြည်းဖြည်း ဖရိုဖရဲ

ဖြစ်လာခဲ့တော့၏။

အုပ်ချုပ်မှုပိုင်း လျော့ရဲလာသော အချိန်မျိုး ရောက်ရှိနေသောကြောင့်လည်း နိုင်ငံတော် အတွင်းရှိ မြို့၊ ရွာ၊ ကျေးလက်တို့တွင် လူဆိုး၊ ဓားပြမှု၊ အန္တရာယ်များ ထကြွ သောင်းကျန်း လာကြ လေတော့၏။

နယ်စား ပယ်စား၊ မြို့စား၊ ရွာစားတို့က လည်း သိပေါဘုရင် အစိုးရအား မထိမဲ့မြင် ပြု လာကြ၏။ နိုင်ငံတော် မတည်မငြိမ် ဖြစ်စေရန် ပုန်ကန် ခြားနားမှုများ ပြုလာခဲ့၏။ မင်းတုန်း မင်းကြီး လက်ထက်ကတည်းက နိုင်ငံတော်၏ ပြင်ပသို့ရောက်ရှိနေကြသည့် မြင်ကွန်း၊ မြင်းခုံတိုင် မင်းသား နှစ်ပါးနှင့် အဆွယ်အပါး နောက်လိုက်နောက်ပါတို့က သိပေါမင်းနှင့် ပတ်သတ်သော အုပ်စုမှ အကြံအစည် လုပ်ဆောင်မှု အပိုင်းများကို ရိပ်စားမိကြသဖြ

င့် ရွှေနန်းတော်မှ စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ကြသလို ညောင်ရမ်း၊ ညောင်အုပ် မင်းသားတို့ကလည်း သစ္စာဖောက် နယ်စား ပယ်စား၊ မြို့စား၊ ရွာစားတို့ဖြင့် ပူးပေါင်းမိကြပြီး ပုန်ကန်ထကြွမှုများ ပြုခဲ့ကြလေရာ အတွင်းမီးမှာ တောက်လောင်လာခဲ့မှု ဖြစ်ပွားခဲ့ပြန်သည့်အတွက် နိုင်ငံတော် အုပ်ချုပ်မှုအတွက် အနှောင့်အယှက်ကြီးစွာ ဖြစ်ပေါ်လာခဲ့လေတော့၏။

မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားတို့ ဖွဲ့စည်းထားသော တပ်သားများကလည်း မောက်မယ်မြို့အား အပြင်းအထန် တိုက်ခိုက်ခဲ့ကြပြန်သဖြင့် မောက်မယ်မြို့ ကျဆုံးခဲ့လေ၏။

ထို့ကြောင့် နိုင်ငံတော် နယ်နိမိတ်အတွင်း နယ်ခြားဒေသများတွင် သီပေါဘုရင် အစိုးရအား ပုန်ကန် ခြားနားလာခဲ့သဖြင့် နိုင်ငံတော်လုံခြုံရေးကိစ္စထက် မိမိတို့အချင်းချင်း အယူ

အဆ ဝါဒများ ကွဲပြားလာရုံမက အာဏာအခွ
င့်အရေးသာမှု တစ်ခုကိုသာ ရှေးရှုခဲ့ကြသော
ပုဂ္ဂိုလ်များကြောင့် နိုင်ငံတော်တွင် စည်းရုံးမှု
အား လျော့နည်းလာခဲ့သလို ဆူပူသောင်းကျန်း
မှုများ ပိုမိုဆိုးရွားလာခဲ့ရာ သီပေါဘုရင်
အစိုးရသည်လည်း တဖြည်းဖြည်း အားနည်း
သည်ထက် အားနည်း လာခဲ့ရတော့၏။

ဤသို့သော အခြေအနေမျိုးကို စောင့်ဆိုင်း
နေသော နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်
မြန်မာနိုင်ငံတော်ကို သိမ်းပိုက်ရေးအတွက်
စတင်ကာ စီစဉ်မှုခြေလှမ်း ပြင်ဆင်ခြင်းများ
တစ်စတစ်စ ပြုလုပ်လာခဲ့လေ၏။

စုဖုရားလတ်က အင်္ဂလိပ်နယ်ချဲ့များကို
စစ်ဆင်ရေး ခုခံရေးအတွက် ရွှေဘိုမှ ခုခံစီစဉ်
ရန် အကြံပေးလေ၏။

တကယ်တမ်း ဆိုရပါမူ ရွှေဘိုကို ဗဟိုပြု

ပြီး အင်္ဂလိပ်နယ်ချဲ့ကို ခုခံကြမည့် အစီအစဉ်အား ဘုံဘေဘားမားသစ်ခိုးမှု ဖြစ်ပွားပြီးကတည်းက အင်္ဂလိပ်နယ်ချဲ့၏ ရန်လိုနေမှုမှာ တစ်နေ့ ထက်တစ်နေ့ တိုးလာသည့်အတွက် စုဖုရားလတ်က သီပေါမင်းနှင့် တိုင်တားမင်းကြီးတို့ကို အကြံပြုပြီး တိုင်ပင်ထားခဲ့ခြင်း ဖြစ်လေ၏။

အင်္ဂလိပ်နယ်ချဲ့ကလည်း သီပေါမင်းထံသို့ အကြောင်းကြားစာ အချက်အလက်များ ပေးပို့လာသည့်အတွက် သီပေါမင်းက အတတ်နိုင်ဆုံး လိုက်လျောကာ အကြောင်းပြန်လိုက်၏။ သို့သော် အင်္ဂလိပ်နယ်ချဲ့ အစိုးရက ၎င်းတို့မူလက ကြိုတင်စီစဉ်ထားသည့်အတိုင်း စတင်ကျူးကျော် လာခဲ့လေတော့၏။

ထိုသို့ ကျူးကျော်ရင်း စစ်ကြေညာလိုက်သည့်အတွက် ညီလာခံ ကျင်းပရန် စီစဉ်ကြရပါ

တော့၏။ ထိုသို့ ညီလာခံ ခေါ်ယူလိုက်သည့် အခါ အုပ်စု သုံးစုပေါ်လာလေတော့၏။

စုဖုရားလတ်နှင့် တိုင်တားမင်းကြီးအုပ်စု၊ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးအုပ်စု၊ သီပေါမင်းအုပ်စုတို့ ဖြစ်ကြပါလေ၏။

စုဖုရားလတ်အုပ်စုမှာ အင်္ဂလိပ်နှင့် စစ်ဖြစ်ရေးကို တင်ပြခဲ့ကြပြီး ကျန်အုပ်စုများကမူ အင်အားများရာဘက်ပါရန် ပြင်ဆင်ထားကြလေ၏။

နောက်ဆုံးတွင် ညီလာခံက စုဖုရားလတ်တို့၏ ခုခံတိုက်ခိုက်ရေးအဆိုကို အတည်ပြုလိုက်လေတော့၏။

သီပေါမင်းလည်း ညီလာခံတွင် လေးလေးနက်နက် စဉ်းစားပြီးမှ

"မှူးကြီးမတ်ကြီးများ၊ သေနာပတိများနှင့် မိဖုရားကြီး စုဖုရားတို့ အင်္ဂလိပ်တို့က ဤသို့

အနိုင်အထက် ရန်စကျူးကျော်မှုများကို ခေါင်းငုံ့ခံနေရန်မသင့်၊ ဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာကို ပြသရန်အတွက် စစ်တိုက်ခြင်းမှ လွဲပြီး အခြားမရှိပြီ၊ တပ်များ ချီတပ်စေရန်ကိုသာ စီစဉ်ကြလော့” ဟု အမိန့် ရှိလိုက်ပါသည်။

သီပေါမင်း၏ စစ်ကြေညာချက်ကို (၇.၁၁.၁၈၈၅) နေ့တွင် ထုတ်ပြန်ခဲ့လေ၏။

ထိုအချိန်တွင် တိုင်းပြည်အတွက် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ရင်း ရာထူးအဆင့်ဆင့် တက်ကာ တပ်မှူးကြီးများ ဖြစ်ခဲ့ကြသော ဗိုလ်စ၊ ဗိုလ်ခ၊ ဗိုလ်ဗ၊ ဗိုလ်ဝတို့သည် တပ်နားသည့်ရက် ရောက်တိုင်း ရောက်စမြဲဖြစ်သော ရွှေတိဂုံဘုရားရှိ တနင်္ဂနွေထောင့် ခေါင်းလောင်းကြီးဆီသို့ ရောက်မလာနိုင်ကြတော့ပါချေ။

၎င်းတို့ လေးဦးသည် မြို့ဝန်မင်းများ

စေလွှတ်ရာ ဒေသအသီးသီးဆီသို့ မြင်းကိုယ်စီဇမှာ တပ်မတော်သားတို့၏ ဝတ်စုံများဝတ်ဆင်ကြလျက် ဓားလက်နက် အပြည့်အစုံ၊ ရိက္ခာ အပြည့်အစုံနှင့် ဒေသအသီးသီးတွင် အင်္ဂလိပ်နယ်ချဲ့များနှင့် အလိုတော်ရိများ၊ သီပေါမင်းအပါးတွင် ရှိနေကြသော မင်းမြှောင်ခိုးကပ်များ၊ တွင်ကျယ်၍ 'မှန်ပါ ဘုရား'၊ 'အားလုံး ကောင်းပါတယ် ဘုရား' ဟု ညာဝါးကိုယ်ကျိုးရှာနေကြသော မှူးမိုက်၊ မတ်မိုက်၊ သေနာပတိမိုက်များအား အပြီးအပြတ်နှိမ်နင်းတိုက်ခိုက်ကာ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ဘိုးဘေးဘီဘင်တို့ မှီတင်းနေထိုင်ခဲ့ကြသော အမိနိုင်ငံတော်ကြီးအား အဓွန့်ရှည်တည်တံ့နိုင်ရေးအတွက် ဗိုလ်စ၊ ဗိုလ်ဓ၊ ဗိုလ်ဗ နှင့် ဗိုလ်ဝတို့သည် သူ့ကျွန်မခံ ရဲရဲတောက် စိတ်ဓာတ်အပြည့်ဖြင့် ရင်ဆိုင်တိုက်ပွဲနွှဲကြရန်အတွက်

ဒေသအသီးသီးသို့ ထွက်သွားခဲ့ကြလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်

*